# မြန်မာနိုင်ငံက
# နှစ်ဆယ်ရာစု
# အထူးခြားဆုံးပုဂ္ဂိုလ်
# အမရပူရ မဟာဂန္ဓာရုံ ဆရာတော်
# အရှင်ဇနကာဘိဝံသ
# ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ
## (တစ်ဘဝသံသရာ)အကျဉ်း


အကျဉ်းရေးသူ ဒေါက်တာသန်းထွန်း

B.A. (Hons.), M.A., B.L., Ph.D., D.Lit.(London)

အငြိမ်းစား သမိုင်းပါမောက္ခ

မန္တလေးတက္ကသိုလ်



အရှင်ဇနကာဘိဝံသ

မြန်မာနိုင်ငံမှ ( ၂၀ ) ရာစု

အထူးခြားဆုံးပုဂ္ဂိုလ်

# အရှင်ဇနကာဘိဝံသ

အမရပူရ မဟာဂန္ဓာရုံဆရာတော်

# ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ

(တစ်ဘဝသံသရာအကျဉ်း )



အကျဉ်းရေးသူ ဒေါက်တာ သန်းထွန်း

**B.A. (Hons ) M.A. B.L. Ph.D. D.Lit. ( London )**

အငြိမ်းစား သမိုင်းပါမောက္ခ၊ မန္တလေးတက္ကသိုလ်

အမှတ် ၂၈၅၄၅
ရက်စွဲ ၂၄-၃-၂၀၁၅

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောက်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးကဏ္ဍများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

သို့

ညွှန်ကြားရေးမှူး
စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနခွဲ
အမှတ်-၄၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်

ရက်စွဲ။-၂၀၀၆-ခုနှစ်၊ ဇန်နဝါရီလ ၁၇-ရက်

အကြောင်းအရာ။ ။ စာရေးသူ၏ သဘောတူညီချက်

အထက်ပါကိစ္စနှင့် ပတ်သက်၍ ဒေါက်တာသန်းထွန်း ရေးသားသော 'မြန်မာနိုင်ငံက နှစ်ဆယ်ရာစု အထူးခြားဆုံးပုဂ္ဂိုလ် အမရပူရ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသ-၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ' စာမူကို အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်မှ ထုတ်ဝေသည်ကို သဘောတူပါသည်၊ ၎င်းစာအုပ်နှင့် ပတ်သက်၍ တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက တာဝန်ယူ ဖြေရှင်းပေးမည်ဖြစ်ကြောင်း လက်မှတ်ရေးထိုးပါသည်။

လက်မှတ်..........................................................

ကွယ်လွန်သူ ဒေါက်တာသန်းထွန်း၏ ဇနီး

အမည်......ဒေါ်ခင်ရီ......................

မှတ်ပုံတင်အမှတ်..[illegible]

လိပ်စာ

အမှတ် ၊ ယောဂီကျောင်းလမ်း၊ လှိုင်မြို့နယ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန
(သာသနာရေးဦးစီးဌာန)

စာအမှတ်။ ၁၁၉/၀၁/ (ပုံနှိပ်) သသန-၀၉
ရက်စွဲ ။ ၂၀၀၉-ခုနှစ်၊ နိုဝင်ဘာလ [illegible] ရက်

အကြောင်းအရာ။ စာအုပ်ရိုက်နှိပ်ခွင့်ကိစ္စ

အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍စာရေးဆရာဒေါက်တာသန်းထွန်း ရေးသားသော "အရှင်ဇနကာဘိဝံသ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ" စာမူအား သာသနာရေးဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် မန္တလေးတိုင်း၊ အမရပူရမြို့နယ်၊ မဟာဂန္ဓာရုံကျောင်းရှိဦးမောင်မောင်၏ နယူးဘားမားပုံနှိပ်တိုက်တွင် ဒုတိယ အကြိမ် အုပ်ရေ (၁၀၀၀) ရိုက်နှိပ်ခွင့်ပြုသည်။

(ဦးဝင်းနိုင်)
ညွှန်ကြားရေးမှူး
ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ
သာသနာရေးဦးစီးဌာန

မိတ္တူကို-
- ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာန
- လက်ခံ / မျှော

# မြန်မာနိုင်ငံက နှစ်ဆယ်ရာစုနှစ် အထူးခြားဆုံးပုဂ္ဂိုလ်

## အမရပူရ မဟာဂန္ဓာရုံဆရာတော်

## အရှင်ဇနကာဘိဝံသ

## ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ (တစ်ဘဝသံသရာ) အကျဉ်း


အကျဉ်းရေးသူ ဒေါက်တာသန်းထွန်း

B.A (Hons.), M.A., B.L., Ph.D., D.Lit. (London)
အငြိမ်းစား သမိုင်းပါမောက္ခ၊ မန္တလေးတက္ကသိုလ်

Myanmar Herritage
197 (b), 33 rd Street, Yangon, Myanmar,
Copyrite © 2004, Dr. Than Tun

ဒုတိယအကြိမ်    ၂၀၀၉ (အောက်တိုဘာ)

စာမူခွင့်ပြုချက်အမှတ် ၅၄၁/ ၂၀၀၁ (၈)၊
မျက်နှာဖုံးခွင့်ပြုအမှတ် ၅၉/ ၂၀၀၄ (၂)

နယူးဘားမားအော့ဖ်ဆက်ပုံနှိပ်တိုက်
အမရပူရမြို့။

# အကျဉ်းရေးသူရဲ့ မှတ်ချက်

လောကဓံတရားအတိုင်း ဆူကြုံနိမ့်မြင့် ကြုံတဲ့အခါ ကိုယ့်ကိုယ်ကို နှိမ့်ချလေ့ရှိတဲ့ အရှင်ဇနကာဘိဝံသလို ဆရာတော်က မိမိ ဘယ်မှာ ဘယ်လို အရေးပေးခံရဘယ်လို့ ဝင့်ဝင့်ဝါဝါ ပြောမယ်မထင်။ ဘယ်လိုအခါမျိုးမှာ ဆုံးရှုံးနစ်နာတယ်ဆိုရင်လဲ တည်တည်ငြိမ်ငြိမ်နဲ့ သည်းခံမယ့် သဘောရှိတယ်၊ ဆရာတော်ကို ဆန့်ကျင်သူ လူ၊ ရဟန်း၊ ပုဂ္ဂိုလ်တွေထဲမှာ တန်ခိုးအာဏာကြီးသူတွေလဲ ပါတယ်။ ရဟန်းတော်ချင်းလဲ ဖြစ်မယ်၊ ဒါပေမဲ့ ဆရာတော်က သူတို့ဟာ ငါ့ ပါရမီဖြည့်ဖက်တွေလို့ သတ်မှတ်တယ်။

ဆရာတော်ကို ထေရုပ္ပတ္တိ ပြောပါ၊ ရေးပါ လျှောက်ထားရင် အလွယ်တကူ ပြောဖြစ်ဖို့ ဝန်လေးလိမ့်မယ်။ ရှေးအခါက မိလိန္ဒ ဘုရင်မင်းမြတ်နဲ့ ဘုန်းတော်ကြီး နာဂသေနတို့ အမေးအဖြေ ပုံစံနဲ့ မေးဖြေကြပုံမျိုးဆိုရင် ပိုပြီး အဆင်ပြေမယ်။ အဲဒါနဲ့ ဘုန်းကြီး ဓမ္မဂုတ္တကို ကတ်သီးကတ်သတ် ငယ်စဉ်အခါက မှားမှားယွင်းယွင်း ပြောဆို ပြုမူမိတာတွေပါမကျန် မေးစေပြီး ဆရာတော်ကလဲ မထိမ်မဝှက် ဖြေရှာတယ်။

အရှင်ဇနကာဘိဝံသက ရန်သူကိုတောင် အာလုံး ရိုင်းစိုင်းကြတာမှ မဟုတ်ဘဲ ဆိုပြီး 'ခင်မင်ရင်းနှီးတဲ့ ရန်သူ'လို့တောင် ခေါ်ချင်ပုံရတယ်။ သူတို့မှာလဲ လုံလောက်တဲ့အကြောင်း ရှိလို့သာ ငါ့ကို ပြောကြတာ ဖြစ်မယ်။ ငါက ခွင့်လွှတ်ဖို့ပဲ လိုတယ်လို့ ယူဆဟန်ရှိတယ်။

ဆရာတော်ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ (တစ်ဘဝသံသရာ)ကို အချုပ်ရေးတာမှာ တချို့ အစိတ်အပိုင်းတွေကို သိပ်ပြီး အကျယ်တဝင့် ရှင်းပြနေတာတွေ မလိုဘူးဆိုပြီး ဖြုတ်ပစ်ပါတယ်။ သမိုင်းနည်းနဲ့ "ဒါက အကြောင်းရင်း၊ ဒါက အဖြစ်အပျက်၊ ဒါက ရလဒ်" ဆိုပြီး နည်းနည်းတန်တန် လိုသလောက်ပဲ ရေးပါတယ်။ မူရင်းက စာမျက်နှာ ၅၄၂ ရှိတယ်ဆိုတော့ ကျမ်းလေးတယ်လို့ ပြောရမယ် ထင်တယ်။ အခု ချုံ့လိုက်တဲ့အခါ စာမျက်နှာ ၁၀၀ အတွင်းပဲ ရှိမယ်။ ဒီလို ချုံ့ပေမယ့် အရေးပါတဲ့ အကြောင်းအရာ တစ်ခုမှ မကျန်စေရပါဘူးလို့ အာမခံပါတယ်။

ဆရာတော် ပြုစုခဲ့တဲ့ ကျမ်းတွေကို ဘယ်ကျမ်းက ဘယ်ရက်က ရေးတယ်။ စာမျက်နှာ ဘယ်လောက်ရှိတယ်လို့ ဖော်ပြပြီး စာရင်းလုပ်တယ်။ နောက်ဆက်တွဲအနေနဲ့ ထည့်ပေးတယ်။ အဲဒီအခါမှာလဲ ဘယ်ကျမ်းက ဘာအကြောင်းကို ရေးတာလို့ အကျဉ်းဖော်ပြထားပါတယ်။ အဲဒီလို ရေးတဲ့အခါ ဦးယောသိတ

ရေးတဲ့ တစ်ဘဝသာသနာ (၁၉၉၄ ပုံနှိပ်၊ စာမျက်နှာ ၃၆၇-၆၄၃) ကျမ်းထဲက စာအုပ်စာရင်းရော အဖွင့်ကိုပါ ယူသုံးပါတယ်။ ကိုယ်တိုင် မဖတ်ဖူးတာက များတယ်။ ဘာသာငြိုကာ မြန်မာလို ရှင်းတယ်ဆိုပေမယ့် လောကုတ္တရာစာပေကို မလေ့ကျက်ဖူးလို့ မသိတာက များပါတယ်။ ပြီးတော့ သာမန်အရပ်သားဖို့ ရေးတဲ့ကျမ်းက နည်းပါတယ်။ သာသနာရေး စာမေးပွဲ (ပထမငယ်၊ လတ်၊ ကြီး၊ ကျော်တွေ)ဖို့ ရေးတဲ့ကျမ်းတွေ ဖြစ်တော့ ကိုယ်နဲ့ လက်လှမ်းမမီဘူး ပြောရမယ်ပေါ့။ နံနက်ခင်း ဩဝါဒတွေကို ရေးတော့လဲ ဒီလိုပဲ တွေးမိပါတယ်။ အဲဒါကို ရှုံ့နေလို့လဲ မပြီးပါ။ တိုတိုကျဉ်းကျဉ်း ရှင်းပြီး ရေးပါတယ်။ ဆရာတော်က လူ၊ သတ္တဝါတွေအပေါ်မှာ ထားတဲ့ ကြင်နာသနားစိတ်ကိုတော့ ပေါ်အောင် ဖော်ပြပါတယ်။

**သန်းထွန်း**

**B.A (Hons.), M.A., B.L., Ph.D., D.Lit. (London)**

**အငြိမ်းစား သမိုင်းပါမောက္ခ၊ မန္တလေးတက္ကသိုလ်**

# အမှာ

ပုဂ္ဂိုလ်တစ်ပါးအကြောင်း
အခြား ပုဂ္ဂိုလ်က ရေးရင်
ထင်ရှားတာပဲ သူမြင်ပြီး
သူထင်သလောက်ပဲ ရေးမှာပ။
ကိုယ်လိုချင်တဲ့ အဆင့် ရောက်အောင်
ဘယ်လောက် လုပ်ရတယ်ဆိုတာ
ကိုယ်သာသိတယ်
ကိုယ်တိုင်ပဲ ရေးပြပါတော့မယ်။

အရှင်ဇနကာဘိဝံသ
၂၂ ဇန်နဝါရီ ၁၉၇၀

# ဓာတ်ပုံစာရင်း

(၁) အရှင်ဇနကာဘိဝံသ
(၂) အရှင်ဇနကာဘိဝံသ
(၃) မြောင်းမြဆရာတော် ဦးဉာဏာဘိဝံသ
(၄) ကိုရင်ဇနက သက်တော် ၁၈
(၅) အရှင်ဇနကာဘိဝံသ သက်တော် ၂၆
(၆) အရှင်ဇနကာဘိဝံသ သက်တော် ၅၂
(၇) အရှင်ဇနကာဘိဝံသ သက်တော် ၅၅
(၈) အရှင်ဇနကာဘိဝံသ သက်တော် ၇၅
(၉) အရှင်ဇနကာဘိဝံသ မပျံလွန်မီ နှစ်လ
(၁၀) (၁၉၄၃ လောက်ကစပြီး) အမြဲ မတ်ရပ်စာရေးတဲ့ ) အရှင်ဇနကာဘိဝံသ
(၁၁) အရှင်ဇနကာဘိဝံသ ကျမ်းပြုနေပုံ
(၁၂) အရှင်ဇနကာဘိဝံသ တပည့်ငါးရာကျော်ကို နံနက်ခင်း ဩဝါဒ ပေးမြဲပေးနေပုံ
(၁၃) အရှင်ဇနကာဘိဝံသ ပျံလွန်တော်မူတဲ့အထိ အနှစ်သုံးဆယ် သီးတင်းသုံးသွားတဲ့ ကျောင်းငယ်
(၁၄) အရှင်ဇနကာဘိဝံသ ရုပ်အလောင်းတွေကို တပည့်တွေ မီးသင်္ဂြိုဟ်မယ့် နေရာကို ပခုံးနဲ့ ထမ်းပြီး သယ်ဆောင်လာကြပုံ
(၁၅) အရှင်ဇနကာဘိဝံသ အထိမ်းအမှတ် ဗိမာန်နဲ့ရုပ်ထုတော်

# အရှင်ဇနကာဘိဝံသ ဖြစ်စဉ်ချုပ်

| | |
|---|---|
| မိဘ | ဦးဇောတိ + ဒေါ်အုန်းလှိုင် |
| ဇာတိ | စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ သရိုင်ရွာ။ |
| မွေးရက် | ၂၇ ဖေဖော်ဝါရီ ၁၉၀၀ (အင်္ဂါနေ့) |
| ရှင်ပြု | ၁၄ ဇန်နဝါရီ ၁၉၀၅ (ပထမအကြိမ်)<br>၁၉၁၅-၁၆ (နောက်တစ်ကြိမ်) |
| ပညာအရည်အချင်း | ၁၉၁၇-၁၈ ပထမကြီး စာမေးပွဲအောင် |
| ရဟန်းခံ | ၁၅ မတ် ၁၉၁၉ (ပထမအကြိမ်)<br>၁၂ ဇွန် ၁၉၁၉ (ဒုတိယအကြိမ်)<br>၃ မတ် ၁၉၂၀ (တတိယအကြိမ်) |
| ဘွဲ့ | ၁၉၂၅-၂၆ ပထမကျော်ဘွဲ့ရ၊ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယဘွဲ့ရ<br>၁၉၅၀-၅၁ မြန်မာ့လွတ်လပ်ရေးရပြီး ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ ပထမဆုံး ဆက်ကပ်တဲ့ အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ |

ဂုဏ်ထူး ၁၉၅၃-၅၄ ဆဋ္ဌသံဂီတိ ဩဝါဒါစရိယ သံဃနာယက
ဆဋ္ဌသံဂီတိ ဘာရနိတ္ထာရက
ဆဋ္ဌသံဂီတိ ပါဠိပဋိဝိသောဓက
ဆဋ္ဌသံဂီတိ ဩသာနသောဓေယျ ပတ္တပါဠက
၁၉၇၁-၇၂ ပဲခူးမှာ ကျင်းပတဲ့ ရွှေကျင်ဂိုဏ်းလုံးကျွတ် အစည်းအဝေးကြီးက ရွှေကျင်ဂိုဏ်း ဥပဥက္ကဋ္ဌ (ဒုတိယသာသနာပိုင်) ရွေးကောက်တင်မြှောက်

ပျံလွန်တော်မူ ၂၇ ဒီဇင်ဘာ ၁၉၇၇ (အင်္ဂါနေ့ ညနေ ၄ နာရီခွဲ
အရှင်ဇနကာဘိဝံသ ဆရာတော်ဘုရားကိုယ်တိုင်ရေးခဲ့တဲ့အတ္ထုပ္ပတ္တိဟာ ၁၄ ဒီဇင်ဘာ ၁၉၇၇ ထိ ရောက်တယ်၊ ဆရာတော်ကြီးက ၂၇ ဒီဇင်ဘာ ၁၉၇၇ မှာ ပျံလွန်တဲ့အတွက် ကျန်နေတဲ့ တစ်ဆယ့်သုံးရက်ကို ဦးစီးနာယက အဖြစ် အမရပူရ မဟာဂန္ဓာရုံကို ဆက်ခံတဲ့ အရှင်စန္ဒောဘာသက ဆက်ရေးပါတယ်။ ဆရာတော်ကြီး သက်တော်က ၇၇ နှစ်နဲ့ ၁၀ လ။

# အပိုင်း [၁]

# အရှင်ဇနကာဘိဝံသ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ (တစ်ဘဝသံသရာ) အကျဉ်း

# အရှင်ဇနကာဘိဝံသ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ (တစ်ဘဝသံသရာ) အကျဉ်း

**နိဒါန်း**

ဒီကမ္ဘာမှာ တဏှာ
တဏှာစေရာ မငြင်းသာ
ဘေးတွေ့တဲ့အခါ ကယ်သူမလာ
ဇရာ
မသာ
သေမှာသိရင်
ကြိုပြင်ဆင်
မဂ်လမ်းပွင့်စေချင်

**လူဖြစ်စ (၁–၆)***

လူပဲ ဖြစ်ချင်တယ်။ နတ်မဖြစ်ချင်ပါ။ နတ်စည်းစိမ်ဆိုတာ သိပ်ကြီးကျယ်တယ်။ နတ်က ဘယ်မှာ တရားသဘော ရနိုင်ပါတော့မလဲ။ ဒီအချက် သုံးချက်ကို ကြည့်လေ

(၁) ဘာမှ မလုပ်ဘဲနဲ့ လိုချင်တာ မှန်သမျှ အကုန်ရတယ်

* တစ်ဘဝသံသရာ စာအုပ်မှ စာမျက်နှာ

(၂) ဒီတော့လဲ နတ်က ဘာမှ ကြိုးစားအားထုတ်ပြီး အလုပ်လုပ်မှာ မဟုတ်တော့ပါ

(၃) နိဗ္ဗာန်ရောက်ကြောင်း တရားနဲ့ ဝေးပြီးရင်း ဝေးနေပြီ၊ လူကတော့ ကိုယ်တိုင်လုပ်မှ ကိုယ်လိုချင်တာ ရတယ်လို့ သိနေပြီ၊ သူသာ တကယ် နိဗ္ဗာန်ကို လိုချင်ရင် ရမှာပေါ့။

**အမိမြန်မာ (၇–၉)**

မြန်မာဖြစ်ရတာ ကျေနပ်တယ်။ ဗုဒ္ဓသာသနာထွန်းကားတဲ့ တခြားနိုင်ငံတွေ ရှိပေမယ့် နိဗ္ဗာန်ရောက်ကြောင်းကျင့်စဉ်က ဒီမှာ သာတယ်။ အညာက ပိုပြီးကောင်းတယ်။ ဗုဒ္ဓတရားကို သင်ပေးနိုင်တဲ့နေရာ များတယ်။

**ရွှေဘိုက အသာဆုံး (၁၀–၁၃)**

ရွှေဘိုနယ်မှာ ပိဋကကို နိုင်နိုင်နင်းနင်း သင်ပေးမယ့် ဆရာတွေ ပေါတယ်။ အဲဒီ ဆရာတော်တွေဆီမှာ သင်ယူပါတယ်။ ဒီနိုင်ငံမှာ ဗုဒ္ဓသာသနာ ထွန်းကားအောင် လုပ်ပေးသွားတဲ့ အင်လောင်းမင်းတရားနဲ့ သူ့လူတွေရဲ့ ဂုဏ်ကျေးဇူးကို မမေ့သင့်ပါ။

## သရိုင်က အကောင်းဆုံး (၁၃-၂၄)

ရွှေဘိုနယ်မှာလဲ သရိုင်က အသာဆုံးဆိုရမယ်။ ကျမ်းတတ် အကျော် မဟာဝိသုဒ္ဓါရုံဆရာတော်၊ ထရံကာဆရာတော်တွေ ထွက်တဲ့နေရာပေါ့။ ရွာက မကြီးပါဘူး။ ရွာသားတွေလဲ မဆင်းရဲ လှဘူး။ ရွာဦးမှာ စေတီတစ်ဆူရှိတယ်။ သပ္ပာယ်အောင် ပြင်ဆင် မွမ်းမံထားကြပါတယ်။ ဘာသာတရားကို ကိုင်းရှိုင်းတာ ထင်ရှား ပြီးလေ။ အသင့်အတင့်လဲ လျှို့ဒါန်းနိုင်တဲ့သဘောပေါ့။ စစ်ဘေး၊ သူပုန်ဘေး ကြုံရင် နီးစပ်ရာ လုံခြုံတဲ့ ေနရာမှာ ခိုလှုံကြမြဲ မဟုတ် လား။ အဲဒီတော့ ခင်မင်လို၊ စမွန်းလို အနီးအပါး ရွာတွေက လူရတတ်တွေ သရိုင်မှာ လာခိုကြရတယ်။ ဘုန်းကြီးရဲ့ အဘိုး အဘွားတွေက စမွန်းက ဖြစ်ပါတယ်။ သူတို့က သိပ် အချမ်းသာ ကြီးတော့ မဟုတ်ပေမယ့် ချမ်းသာတဲ့အထဲမှာ ပါတယ် ဆိုရပါ မယ်။ သူတို့က သူတို့ စည်းစိမ်ဥစ္စာကို သူစိမ်းတစ်ရံဆံတွေလက် ရောက်ပြီး ပြန့်ကျဲသွားမှာ စိုးတယ်။ အဲဒါကြောင့် အမျိုးချင်းပဲ ပေးစားတယ်။ ဘုန်းကြီးအမေက သူစိမ်းကို ယူလို့ ဆွေမျိုး တွေက နှစ်အကြာကြီး ဝိုင်းပယ်ထားတာကို ခံရတယ်။ ဒီလို ပုံစံကြောင့် တယ်မကြာဘူး။ တစ်ရွာလုံး အမျိုးတွေချည်းပဲ ဖြစ် ကုန်တယ်။ အဲဒါ အားပေါ့။ သူစိမ်းနဲ့ ဘက်ပြိုင်ရမယ်ဆိုရင် ဝိုင်းပြီး ကိုယ့်လူကို ကူညီကြတာ အထင်အရှားပါပဲ။ ဒါပေမဲ့ အချင်းချင်း ဂုဏ်တုဂုဏ်ပြိုင်တွေ ဖြစ်လာကြပြီး မတည့်ကြပါ။

ဒါကို ဘုန်းကြီး သိပ်မုန်းတယ်။ ဒီလိုသာ မဖြစ်ရင် သိပ်ပျော်စရာ ဖြစ်မှာပါ။

တစ်ဖက်ကတော့ ဘုန်းကြီးတို့ အမျိုးတွေအားလုံးဟာ ဘုရားတရားကို ကြည်ညိုကြတယ်။ သရိုင်ဆရာတော်ကို လူတိုင်းက ကြည်ညိုလို့ ရဟန်းရောလူပါ ပဋိပက္ခကြုံတိုင်း ဆရာတော်ရဲ့ အဆုံးအဖြတ်ကို နာခံကြတယ်။ ကျောင်း၊ ဘုရား ပျက်တယ်ဆိုရင် မူလ ဘုရားဒါယကာရဲ့ သားမြေးစဉ်ဆက်ကို ဆရာတော်က ပြင်စေတယ်။ ဒါကြောင့် စေတီတွေ အပြိုအပျက် မရှိပါ။ သရိုင်မှာ အရင်က ဘုန်းတော်ကြီးကျောင်း ငါးကျောင်း ရှိတယ်။ အဲဒီကျောင်းက ဗောဓိ၊ ပင်းနဲ့ ရွှေတောင်ကျောင်းတွေက ဘုန်းကြီးရဲ့ အဘိုးတို့ တည်ဆောက် ကိုးကွယ်ခဲ့တာ ဖြစ်တယ်။ ဒီကျောင်းမှာ သီတင်းသုံးသွားတဲ့ သံဃာတွေကလဲ သူတို့နဲ့ ဆိုင်တဲ့ ပရိယတ္တိ (သင်တယ်)၊ ပဋိပတ္တိ (လေ့လာတယ်)၊ ပဋိဝေဓ (ထိုးထွင်း သိမြင်အောင် အားထုတ်တယ်)။

ခုများဆိုရင် ကျောင်းကြီးတစ်ကျောင်းလုံးမှာ သံဃာတစ်ပါးစီပဲ ရှိတော့တယ်။ သိပ် ဝမ်းနည်းစရာ ကောင်းပါတယ်။ ဒီကျောင်းတွေမှာ အရင်ကလို စာသင်သံဃာတွေနဲ့ ပြန်ပြီး စည်စည်ကားကား ဖြစ်စေချင်ပါတယ်။ အဲဒီလို ဆန္ဒရှိပုံကို အနာဂတ်သာသနာ၊ ဘာသာသွေး၊ ရုပ်ပုံရှင်ကျင့်ဝတ်တွေမှာ ထည့်ရေးဖူးခဲ့ပါတယ်။ အဲဒါလဲ ခုထိ ပြဿနာကို ကျေနပ်

လောက်အောင် အဖြေ ရှိမရသေးပါ။ ဘယ်သူ့ကို အပြစ်တင်မလဲဆိုရင် အထက်မြန်မာနိုင်ငံကို အင်္ဂလိပ်သိမ်းလို့ လူမှုအခြေပျက်ပြီး အရင်က ကောင်းတာတွေကို အခု ကောင်းတယ်လို့ ဆက်မမြင်ကြတော့တဲ့အချက် ဖြစ်ပါတယ်။ အခလွတ် ဘုန်းကြီးကျောင်းဟာ အရေးမပါတော့ဘူး။ လူဦးရေလဲ နည်းလာတယ်။ တို့တစ်တွေ အများစုက အလုပ် အနုအကြမ်း မရှောင်ပါဘူး လုပ်အားကောင်းတယ်။ ရိုးသားတယ်။ ဉာဏ်ပညာ ထက်မြက်တယ်။

အားလုံး ဒီလိုပဲ ကောင်းသလားဆိုတော့ ခြွင်းချက်ရှိပါတယ်။ တချို့ မိုက်တယ်။ အရက်သောက်၊ ဖဲရိုက်နဲ့ ဆင်းရဲကုန်ကြတော့တာပေါ့။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်တာလဲ ဒီလို ဆုတ်ယုတ်ရတဲ့ အကြောင်းရင်းတစ်ခု ဖြစ်ပါတယ်။ အဲဒါ ဆုတ်ကပ်ဖြစ်တယ်။ ဒါကို တားမြစ်နိုင်စရာ နည်းလမ်း မရှိပါ။ အသင့်အတင့် ကောင်းလာအောင် လုပ်တဲ့နည်းတော့ ရှိမှာပေါ့။

သရိုင်ရွာသား ဖြစ်ရတာ ဘုန်းကြီး ဂုဏ်ယူတယ်။ ဘာ့ကြောင့်လဲဆိုတာ အထက်က ပြောခဲ့သလို ဘုန်းကြီးတို့ ရွာက ရှေ့ကျင်နိကာယမှာ ဒုတိယမြောက် သာသနာပိုင်ဖြစ်တဲ့ ပုဂ္ဂိုလ်တစ်ဦး ထွက်တယ်။ ထရံကာ ဆရာတော်ဆိုရင် သီပေါမင်းရဟန်းဘဝက ဆရာ ဖြစ်ခဲ့တယ်။

## ကလေးဘဝက ငါးနှစ်ရွယ်ထိ (၂၅–၄၆)


ဦးဇောတိ၊ ဒေါ်အုန်းလှိုင်တို့ရဲ့ ကလေး လေးယောက်မှာ ဘုန်းကြီးက အကြီးဆုံးသား မောင်ဌေးလွင်လို့ ခေါ်တယ်။ ၂၇ ဖေဖော်ဝါရီ ၁၉၀၀ (အင်္ဂါနေ့ မွန်းမတည့်မီ) မွေးဖွားတယ်။

**မောင်ဌေးလွင်ရဲ့ မျိုးဆက်**

ဘိုးခင်မောင်+ဘွားစောမေ — ဘိုးဆိုးပေ+ဘွားနန်းအိမ်

ဦးဇောတိ — + — ဒေါ်အုန်းလှိုင်

မောင်ဌေးလွင် | မရှုတင် | မောင်ဌေးတင် | မောင်ဘခိုင်





**မောင်ဌေးလွင်ဇာတာ**

(၂၇ ဖေဖော်ဝါရီ ၁၉၀၀ အင်္ဂါနေ့ မွန်းမတည့်မီ ဖွားသူ)

ဘုန်းကြီးရဲ့ နောင်ရေးကို ပေဒင်ဆရာက သိလိမ့်မယ်။ ဘုန်းကြီးကတော့ ပေဒင်ကို သိပ်အလေးဂရု မထားဘူး။ (ဘုန်းကြီးဆိုတော့ လဇ္ဇီပေသလသိက္ခာကာမ-ဝိနည်းကျိုးမှာ ရှက်တယ်။ ဝိနည်းကို ကျနအောင် ထိန်းချင်တယ်။ ဒါပဲ ဖြစ်ချင်တယ်။)

လက္ခဏာဆရာကလဲ အကောင်းအဆိုး ပြောစရာရှိမှာပဲ။ ဘုန်းကြီးနဲ့ မဆိုင်ဘူး။ ကိုယ်တိုင်ရဲ့ စွမ်းအား ဉာဏ်အားပဲ မူလပါ၊ အသက်ရှည်ရှည်နဲ့ သာသနာ့ အလုပ်အကျွေးအဖြစ်နဲ့ အရေးပါတဲ့ဘက်က ဆောင်ရွက်ခဲ့ချင်တယ်။ ကြီးကြီးကျယ်ကျယ် လုပ်ချင်ပေမယ့် ရိုးရိုးအေးအေး နေမယ်။ ဘုန်းကြီးရောက်ရာအရပ်ဟာ-



ဘယ် ညာ

ဆရာတော့် လက္ခဏာ

(ဆရာတော့် ဒကာတစ်ဦးဖြစ်သူ ရှမ်းပွဲ ဦးတင်မောင် ဒေါ်လှလှမှ ပေး)

(၁) ပဋိရူပဒေသ (ဘုန်းကြီးအတွက် သင့်တော်တဲ့နေရာ)

(၂) သပ္ပုရိသုပနိဿယ (လူကောင်းအတွက် အထူးကောင်းတဲ့ အရိပ်အာဝါသ)

(၃) ပုဗ္ဗေ စ ကတပုညတာ (ရှေးကံ အကျိုးပေးရာ)

ဖြစ်ပါတယ်။ ဘိုးဘွား မိဘက အစ ရတနာသုံးပါးကို ရိုသေကိုင်းရှိုင်းကြသူတွေ ဖြစ်လေတော့ ဘုန်းကြီးကိုလဲ ဟိုငယ်စဉ်ကပဲ ကလေး သူတော်ကောင်းလေး ဖြစ်လိမ့်မယ် ထင်ကြတယ်။ ဘယ်ဟုတ်မလဲ။ ငယ်ငယ်က သီချင်းဆိုချင်တယ်။ က ချင်တယ်။ အဘိုးက ဘုရားရှိခိုး သင်ပေးတော့မှ သီချင်းဆို ရပ်သွားတယ်။ ရိုသေထိုက်သူကို ဘယ်လို ရိုသေလေးစားရမယ် ဆိုတာလဲ အဲဒီတော့မှ သိလာတယ်။

ဖိနပ်စီးပြီး လူကြီးသူမ အနီးအပါးကို ဘယ်တော့မှ မသွားရ

သက်ကြီးရွယ်အို ရှေ့မှာ မတ်မတ်မရပ်ဘဲ ယို့ယို့ကိုင်းကိုင်းနေရမယ်

ခါးကိုင်း ဦးညွတ်မှ အနေမှန်တယ်

လူကြီးရှေ့မှာ ခေါင်းငုံ့ပြီး သွားရမယ်

အညစ်အကြေး စွန့်ချင်ရင် အိမ်နဲ့ ဝေးနိုင်သလောက် ဝေးအောင် သွားစွန့်ရမယ်

သောက်ရေအိုးစင်နားမှာ တံတွေး မထွေးရ

သောက်ရေအိုးစင်နားမှာ နှပ်မညှစ်ရ
ပါးစပ်ပြည့်နေအောင် အစာစားနေဆဲမှာ စကားမပြောရ
အစားအသောက် စားဆဲသောက်ဆဲ (ထမင်းဝိုင်း) စကား
မပြောရ
စားသောက်တဲ့ အသံ မဆူညံစေရ
ဟင်းနဲ့ ထမင်း၊ ထမင်းကို ပိုပြီး စားရမယ်
လူကြီးဝိုင်းမှာ ကလေး ဝင်မစားရ
ကလေးကို ထမင်းတစ်ခွက်နဲ့ မျှတအောင် ဟင်းနည်းနည်း
ရမယ်
ထမင်းမကုန်ခင်က ဟင်းမကုန်စေရ

ဘုန်းကြီးက သားကြီးဆိုတော့ မိဘအိမ်မှာ နေစဉ်က အငယ်တွေ လာပြီး၊ ရောနှောပြီး မနေဝံ့ပါ။ အိမ်နီးချင်း ကစားဖော်လဲ မရှိပါ။ ခြံထဲက မန်ကျည်းပင်ကြီး ကြည့်ပြီး အဲဒီ အပင်ကြီးရဲ့ အရွက်ကလေးတွေကမှ ငှါ့ထက် လွတ်လပ်သေးတယ်လို့ စိတ်ထဲက ထင်မိတယ်။ ရှေးခေတ် ကုလားတွေလို သစ်ပင်လဲ လူလို၊ တိရစ္ဆာန်လို သဇီဝ အသက်ရှိတယ်လို့ ယုံကြည်မိတယ်။ သူ့အတွက် အစာရေစာ သတ်မှတ်ပြီး ပေးထားတယ်။ အဲဒီလို သတ်မှတ်ချက် ရှိနေလို့ သူစားဖို့အစာကုန်ရင် သူ့အသက် တမ်းလဲ ကုန်ပြီလို့ ယူဆတယ်။ ဘုန်းကြီး အသက်ငါးနှစ်လောက်က ဒီလိုပဲ ထင်မှတ်ပါတယ်။ မိုးကောင်းကင်က ကြယ်တွေမှာ

အသက်ရှိသလားလို့ အဖေနဲ့အတူတူ ညအခါ န္တားလှည်းစီး သွားရင်း မေးမိတယ်။ ဒါတွေဟာ မိစ္ဆာဒိဋ္ဌိ အယူတွေပေါ့။ ငယ်ငယ်ကပဲ ဒီလို လွဲလွဲချော်ချော် တွေးတာမျိုးကို ပြုပြင်ပေးသူ ရှိလို့ ကံကောင်းပါတယ်။

အဲဒီနောက် သိပ်မကြာဘူး၊ ကျောင်းသားအရွယ်ရောက်လို့ ဘုန်းကြီးကျောင်းကို လွှတ်လိုက်ပါတယ်။ ရုပ်ပွားဆင်းတုဆိုတာ ဂေါတမ မြတ်ဗုဒ္ဓရဲ့ ကိုယ်စားတော် ဖြစ်တယ်။ စေတီဆိုတာ မြတ်ဗုဒ္ဓရဲ့ သရီရဓာတုဆိုတဲ့ ဓာတ်တော်ကို ဌာပနာတဲ့နေရာ ဖြစ်တယ်လို့ သင်ကြား ဖတ်မှတ်ရတဲ့ စာထဲကနေပြီး သိလာပါတယ်။ ပိဋကကို ကျေကျေညက်ညက် သင်ကြားတတ်မြောက်တဲ့ခါ ပိဋကဟာ မဂ်ဖိုလ်နိဗ္ဗာန် ရောက်ရာရောက်ကြောင်း တစ်ခုတည်းရှိတဲ့ မှန်ကန်တဲ့ တရား ဖြစ်တယ်လို့ သိလာတယ်။ အရိယာသာ သံဃာစစ် ဖြစ်တယ်လို့ သိလာတယ်။ ဒါတွေ မသိဘူးဆိုရင်ပဲ ဗုဒ္ဓဘာသာဝင်ဖြစ်တယ်လို့ အမည်ခံပြီး တရားသဘောကို ခြေခြေမြစ်မြစ် မသိတော့ မဆီမဆိုင်တွေ လုပ်ကုန်ကြတယ်။

ဥပမာ အသက် ငါးနှစ်အရွယ်မှာ ကိုရင် ဝတ်ပေးပြီး ဘုန်းကြီးကျောင်းကို လွှတ်လိုက်တယ် ဆိုပါတော့။ ဒါ ဘုရားအလိုကျ ဖြစ်ပါတယ်။ ဘုန်းကြီးဆိုရင် ၁၄ ဇန်နဝါရီ ၁၉၀၅က ကိုရင် ပထမအကြိမ် ဝတ်ရတယ်။ ပွဲကြီးလမ်းကြီးကို လုပ်တယ်။

ကုန်လိုက်တဲ့ ပိုက်ဆံတွေ အများကြီး။ ဘာမှ အကျိုးမထင်ဘူး။ ဘုန်းကြီးက ငယ်သေးတော့ ကိုရင်ဝတ်တာ ဒါမျိုး မလုပ်ရဘူးလို့ နားမလည်ပါ။ နောက် ဒါမျိုးတွေကို မြင်ပါလို့ အနာဂတ် သာသနာစာအုပ်ကို ရေးပါတယ်။ တော်တော်လေး ပညာ အခြေခံရှိမှ ဘုန်းကြီး ဘာပြောတယ်ဆိုတာ သိမှာပါ။ လူတိုင်း လိုပဲ အစဉ်အဆက် လုပ်နေကျ မလုပ်ရရင် မကြိုက်ပါ။ ဒါကို အလို မလိုက်သင့်ဘူး။ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ကိစ္စပေါ်လာ ရင် မလုပ်တတ် မကိုင်တတ်နဲ့ ဒါယကာ ဒါယိကာမတွေ ဒုက္ခ တွေ့ကြရော။ ဘုန်းကြီးတွေတောင် ပိဋကရဲ့ အချို့အပိုဒ်ကို နားမလည်ဘူး။

## ငါးနှစ်က ဆယ်နှစ် (၄၇–၇၃)

ပညာသင်ဖို့ ဘုန်းတော်ကြီးကျောင်းကို နောက်တစ်ကြိမ် ၇ ဖေဖော်ဝါရီ ၁၉၀၆ မှာ ရောက်ပြန်တယ်။ အသက် ခြောက်နှစ်ပြည့်ဖို့ ရက်နှစ်ဆယ်ပဲ လိုတော့တယ်။ တခြားကလေး တွေလို တစ်နေ့လုံး (နှစ်ဆယ့်လေးနာရီ) ဘုန်းကြီးကျောင်းမှာ နေဖို့ ငယ်သေးတယ်လို့ မိဘက ယူဆပြီး ကိုရင်ကို ည အိမ်ပြန် အိပ်ခိုင်းတယ်။ သင်ကြားရတာကတော့ ထုံးစံသင်္ခန်းစာ ... ်းပါ။

(၁) သင်ပုန်းကြီး

(၂) မင်္ဂလသုတ်

(၃) ဆုံးမစာ
(၄) လက္ခဏာတော်ကြီးဘုရားရှိခိုး
(၅) ပရိတ်ကြီး ပါဠိ
(၆) လောကနီတိ

ကိုရင်ကို သင်ပုန်းကြီးရအောင် အဘိုးက သင်ပေးပြီး ဖြစ်ပါတယ်။ ကျန်တာကို တစ်နှစ်နဲ့ ခြောက်လကြာတော့ အားလုံးကို ကျွတ်ကျွတ်လွတ်လွတ် တတ်ပါတယ်။ မြန်တယ်။ ဉာဏ်ကောင်းလို့ပေါ့။ ဒါပေမဲ့ သတ်ပုံကျတော့ ညံ့တယ်။ စာစီစာကုံးထုံးနည်းမသိ။ သတ်ပုံလက်ာဖြစ်တဲ့ ငါးမည်ရွှေကြာကို အလွတ်ရပါတယ်။ ကျက်ခိုင်းလို့ ကျက်တာ၊ အသုံးမချတတ်ပါ။ ကိုယ်သိတာ ပြောချင်တာကို သူတစ်ပါးသိအောင် ပြောဖို့ ခက်နေတယ်။ ခုထိလဲ သတ်ပုံစာအုပ် အနားမှာ ထားရတယ်။ ဘုန်းကြီးကျောင်းသင်ရိုးကို ပြုပြင်ပြောင်းလဲဖို့ အချိန်တန်ပြီ။

အဘိုးရဲ့ 'အိမ်စာအုပ်စင်'မှာ ကျမ်းစုံ ထားပါတယ်။ ကဗျာလင်္ကာရော စကားပြေပါ ရှိတယ်။ ချဉ်ပေါင်ရွက်သည် မောင်မှိုင်းလို စာအုပ်လဲ ရှိတယ်။ သူ့နေရာနဲ့သူ အသုံးကျပါတယ်။ ဆရာတွေက အခြေခံဂဏန်းသင်္ချာကို သင်ပေးတယ်။ ဆရာတစ်ယောက်က ဘုန်းကြီးဖြစ်မယ့် သူငယ်ပဲလို့ ပြောတယ်။ အဲဒီတော့ ဂဏန်းသင်္ချာ ဆက်သင်မနေနဲ့။ ပါဠိသဒ္ဒါပဲ ပေါက်မြောက်အောင် ကြိုးစားပေတော့လို့ လမ်းညွှန်တယ်။ အင်္ဂလိပ်မင်း

ရောက်လာတော့ စာသင်ကျောင်းမှာ ဂဏန်းသင်္ချာ၊ ပထဝီဝင်နဲ့ အထွေထွေသိပ္ပံကို သင်ရိုးထဲထည့်ပြီး သင်နေပြီ။ အဘဘယာရာမ ဆရာတော်က ဒါမျိုး ပြောင်းကြစေချင်သတဲ့။ သင်ရိုးသစ်ကို သင်ပေးဖို့ အဲဒီအခါက ဘုန်းကြီးကျောင်း ၆,၈၇၃ ကျောင်း ရှိတယ်။ ခက်တာက ဒီလို သင်ရိုးသစ်သင်ပေးနိုင်တဲ့ အရည်ချင်း ပြည့်ဆရာ မရှိ။ ပြီးတော့ ဆရာတော်ကြီးတချို့က ဂဏန်းသင်္ချာ ဟာ တိရစ္ဆာနကထာတဲ့။ နိဗ္ဗာန်ရောက်ကြောင်းရဲ့ ဗီလာ ဖြစ်တယ်။

ခေတ်ပညာ မတတ်လို့ ဘုန်းကြီး ကံဆိုးလိုက်တာလို့ တစ်ခါမှ စိတ်ထဲမှာ မဖြစ်ပါဘူး။ ခေတ်ပညာဟာ လူဝတ်ကြောင် တွေဖို့ ဖြစ်တယ်။ ဘုန်းကြီးနဲ့ မအပ်စပ်ဘူး ဆိုပါတော့။ ဘုန်းကြီး အနေနဲ့ (ငါးရာ့ငါးဆယ်) ဇာတ်တော်တွေကို သိပ် နှစ်သက် တယ်။ ဗုဒ္ဓဝါဒရဲ့ အနှစ်သာရ အားလုံး ဒီဇာတ်တွေထဲမှာ ပါနေ တယ်။ ရှေးရှေးက ပညာရှိ သူတော်ကောင်းတွေ ဘယ်လို အရေးကြုံလာရင် ဘယ်လို ပြောတယ်၊ ဘယ်လိုလုပ်တယ်၊ ဘယ်လို စိတ်ထားတယ်ဆိုတာ ဇာတ်တော်ထဲမှာ တွေ့မယ်။ အဲဒါကို အတုခိုး၊ သူတို့ အောင်မြင်သလို ဘုန်းကြီးတို့လဲ အောင်မြင်နိုင်တာပေါ့။ တစ်မျိုးပြောတော့ အလောင်းမင်းတရား ကို ဘုန်းကြီး အတုမခိုးဘူး။ သူထူထောင်တဲ့ နိုင်ငံနဲ့ မင်းဆက် ဟာ ၁၈၈၅ မှာ ပြိုပျက်သွားတယ်။ အင်္ဂလိပ် ဆန့်ကျင်ရေး စွန့်စား တိုက်ခိုက်ပုံတွေကိုတော့ စိတ်ပါဝင်စားမိတယ်။ ဒါပေမဲ့

သာသနာ့ဝန်ကို ထိပ်တန်းထားလိုက်တော့ နိုင်ငံ့ဝန်က နောက်ဆုတ်သွားတယ်။

ဘုန်းတော်ကြီးကျောင်းမှာပဲ အများစုကို ဗြိတိသျှ အိန္ဒိယအင်ပါယာကြီးမှာ ပေါ်ပေါက်လာတဲ့ စာသင်ကျောင်းတွေလိုသင်ပေးပြီး အင်မတန်ထူးချွန်သူကိုသာ ပိဋကကို အထူးပြုသင်ကြားပေးရင် သိပ်အဆင်ပြေမယ်။ လက်တွေ့ အသုံးကျပြီးလောကီ လောကုတ္တရာ နှစ်ဖက်ရတဲ့ ပညာရေး ဖြစ်သွားမယ်လို့ထင်ပါတယ်။ ဒီလို စီမံကိန်းမျိုးကို ဖြစ်အောင် လုပ်ဖို့လဲ မခက်ဘူးလို့ ထင်ပါတယ်။

တစ်နေ့လုံးကျက်ရတဲ့ စာကို ညနေကျတော့ စာအံတယ်။ ညနေ ခြောက်နာရီကစပြီး စာအံရပါတယ်။ ဘုန်းကြီးကတော့ ညကိုးနာရီထိ သုံးနာရီလုံးလုံး စာအံမှ ရတဲ့စာ ကုန်တယ်။ အဲဒီအလုပ်ကို ငွဲ့နဲ့ တကယ်ပဲ လေးလေးစားစား လိုက်နာဆောင်ရွက်တယ်။ မန္တလေးကို စရောက်တော့ အသက်ကိုးနှစ်ပဲ ရှိသေးတယ်။ အသက်ဆယ်နှစ်ဆိုရင် ကိုယ့်ကိုယ်ကို လူကြီးလို့ ယူဆပြီး ရွယ်တူတွေကို ကစားခုန်စား လုံးဝမလုပ်တော့ပါ။ တကယ်က ဘုန်းကြီးငယ်ငယ်က အကစား မက်ပါတယ်။ တချို့ ကစားနည်းမှာ တော်တော်ကျွမ်းပါတယ်။ သုံးပုံဖဲ ကစားတာလဲ စမ်းကြည့်ဖူးပါတယ်။ အမှန်ကို ပြောရရင် အကစားနဲ့ စာ ဘယ်ဟာသာသလဲမေးရင် စာက သာတာမို့ အကစားကို စွန့်လွှတ်ခဲ့ပါတယ်။ မကြာခဏ နေမကောင်းဖြစ်လို့ အိမ်ပြန်ခဲ့ရပါတယ်။

## ဆယ်နှစ်က တစ်ဆယ့်ငါးနှစ်ထိ (၇၄–၁၀၅)

အသက် တစ်ဆယ့်နှစ်နှစ်ထဲဝင်တော့ ၂၃ နိုဝင်ဘာ ၁၉၁၁ မှာ မန္တလေးကို ပြန်လာခဲ့ပြန်တယ်။ ပင်းကျောင်းဆရာတော်က ဘုန်းကြီးအမေကို မန္တလေးလွှတ်ပြီး စာသင်ခိုင်းလို့ မန္တလေး ပြန်လာရပြန်တယ်။ ဆီးပင်ကျောင်းမှာ နေပါတယ်။ ခေါက်ဆွဲ တစ်လုံး တစ်ပဲ၊ ပေါက်စီတစ်လုံး တစ်ပြားမို့ ညနေစာ ဝယ်စားတာ များပါတယ်။ ဝိသုဒ္ဓါရုံတိုက် မြောက်နားမှာ ခေါက်ဆွဲဆိုင်ရှိပါတယ်။ ကိုယ့်ဘာသာ ချက်စားတဲ့ အလှည့်လဲ ရှိပါတယ်။ ငယ်ငယ်ကပဲ ပိုက်ဆံ အသုံး ချွေတာတဲ့အကျင့် ရှိပါတယ်။ အဖေက လယ်သမား။ ကောက်ရိတ်သိမ်းပြီးရင် မန္တလေးကို ကုန်ရောင်း ကုန်ဝယ် လာတတ်ပါတယ်။ အဲဒီအခါ စျေးသုံး ပိုက်ဆံ ပေးပါတယ်။ ဘုန်းကြီးကလဲ ချွေချွေတာတာ သုံးပါတယ်။ ကော်ဖီခွက် ငယ်ငယ်တစ်ခွက် တစ်ပြား၊ နံပြားတစ်ပိုင်း တစ်ပြားပဲ ပေးရလို့ အဲဒီအခါကပဲ ကော်ဖီ၊ နံပြား စားပါ၊ သောက်ပါတယ်။ အသက်တစ်ဆယ့်သုံးနှစ် တင်းတင်း မပြည့်မီကပဲ ပထမငယ်စာမေးပွဲ ဝင်ဖြေပြီး ရှုံးပါတယ်။ နောက်တစ်နှစ်မှာ အသက်တစ်ဆယ့်ငါးနှစ် မပြည့်ဘဲ ပထမငယ်စာမေးပွဲကို ဝင်မဖြေရလို့ ကန့်သတ်ချက် ထွက်ပါတယ်။ အဲဒါကြောင့် နောက်ထပ် နှစ်နှစ်စောင့်ပြီးမှ ပထမငယ်စာမေးပွဲ အောင်ပါတယ်။



မြောင်းမြဆရာတော် ဦးဉာဏာဘိဝံသ

မြောင်းမြဆရာတော်ရဲ့ တပည့်ဖြစ်လာပြီမို့လဲ ကံကောင်း တယ်ဆိုရပါတယ်။ မန္တလေးမှာ ပလိပ်ကပ်ရောဂါဆိုက်တဲ့အခါ

စစ်ကိုင်းအနောက် ဝန်းသိုကို ပြေးကြပါတယ်။ မြောင်းမြဆရာတော်လဲ ပြေးတဲ့အထဲ ပါလာလို့ ဘုန်းကြီးကို စာသင် စာချ မပျက်ပါ။ အဲဒီအခါကစပြီး ဘုန်းကြီးဝတ်ချင်စိတ် ပေါက်ပါတယ်။ ဝိနည်းကို ဘုန်းကြီးက ရိုသေရင် လူတွေကလဲ အဲဒီ ဘုန်းကြီးကို ကြည်ညို ရိုသေမှာပဲလို့ နားလည်လာတယ်။ ငယ်ငယ်က အဆိုအက ဝါသနာပါခဲ့လို့ ဒါတွေပေါ်မှာ စွဲလမ်းမှု ရှိပါတယ်။ ပြီးတော့ လောင်းကစားလဲ နည်းနည်း လုပ်ကြည့်ပြီး ကျေနပ်နှစ်သက်ပါတယ်။ ဒါပေမဲ့ ကျမ်းစာသင်ကြားရေးကို အချိန်ပြည့် အောင်အောင်မြင်မြင် လုပ်နိုင်သွားလို့ ဒီ အပျော်အပါး လောင်းကစားတွေ ပြတ်သွားတယ်။ စစ်ကိုင်းတောင်ရိုးလို လူသူကင်းပြီး ပျင်းစရာကောင်းတဲ့ နေရာမှာ နေရလဲ မပျင်းပါ။ ရံဖန်ရံခါ အသားမစားဘဲ နေပါတယ်။ တကယ်လဲ သက်သတ်လွတ် စားလိုပါတယ်။ ပတ္တပိဏ္ဍိကင် (ဆိုတဲ့ သပိတ်ထဲမှာ ဆွမ်းရော ဟင်းပါ ထည့်ပြီး ရောစားတာမျိုး) စားလေ့ ရှိပါတယ်။ ပဋိပတ္တိဘက်က ဆရာတွေက မဟာဂန္ဓာရုံ ဆရာတော်၊ ချမ်းအေးဆရာတော်၊ အတိသုခဆရာတော်၊ ငါကင်းဆရာတော်တွေ ဖြစ်ပါတယ်။

အောက်မြန်မာနိုင်ငံကို ၁၉၁၄ မှာ အတော်ကလေး နှံ့အောင် ရောက်သွားပါတယ်။ ပထမပြန် စာမေးပွဲလဲ အသက်မပြည့်သေးလို့ မဝင်ရသေးတဲ့ အတူတူ (မန္တလေးကို ခေါ်လာတဲ့

ဆရာက) ရန်ကုန်လိုက်ဖို့ ခေါ်ပါတယ်။ (သရိုင်သား) ဦးတိဏ္ဏ သီတင်းသုံးတဲ့ ဗိုလ်တထောင်တိုက်မှာ တည်းပါတယ်။ မြောင်းမြ မြို့နယ် သုဒနုရွာနဲ့ အနီးဝန်းကျင်ရွာတွေကို ရောက်ခဲ့တယ်။ ပြီးတော့ လပွတ္တာကို ရောက်တယ်။ တူးမြောင်းရွာမှာ အပျော် ဆုံးပါ။ အစားကောင်းတယ်။ ရာသီဥတု မျှတတယ်။ အောက် ပြည်က ပြန်ရောက်တော့ ဖျားတာနဲ့ ရွာပြန်ရသေးတယ်၊ အဲဒီက စပြီး ဆရာနဲ့ အဆက်ပြတ်သွားတယ်၊ မန္တလေး ပြန်ရောက်တော့ မြောင်းမြဆရာတော်ဆီမှာ နေရပါတယ်။ (၁၉၁၅-ခုနှစ်က) နွေ ရာသီပူပြင်းလွန်းလို့ ကျောက်ရောဂါ မန္တလေးမှာ အဖြစ်များတာနဲ့ ဘုန်းကြီးတို့ ဝက်လက်ကို ပြေးခဲ့ရတယ်။ အဲဒီမှာ ဝက်သက် ပေါက်တယ်။ ညာဘက်မျက်လုံးအိမ်မှာ ဝင်ပေါက်လို့ မျက်လုံး ကန်းမတတ် ခံစားရတယ်။ မျက်လုံးဟာ နဂိုမူလအတိုင်း ပြန် မကောင်းတော့ပါ။ နောက်ရွှေဘိုကို ရောက်သွားတယ်။ မိတ္ထိလာ တိုက်မှာ တည်းကြရတယ်။ မန္တလေး ပြန်လာပြီး ပထမငယ် စာမေးပွဲဝင်တော့ အခက်အခဲ မရှိ ကောင်းကောင်း အောင်ပါ တယ်။ အဲဒီမှာ ဘုန်းကြီးဘဝမှာ အောင်မြင်မှုတစ်ခု မရခင် ဒုက္ခအမျိုးမျိုး ကြုံရတတ်တယ်လို့ သတိပြုမိပါတယ်။

## တစ်ဆယ့်ငါးနှစ်က အသက်နှစ်ဆယ်ထိ (၁၀၆-၁၃၉)

သရိုင် ရွှေတောင်ကျောင်း ဆရာတော် (မတ် ၁၉၁၅ မှာ) ပျံတော်မူတော့ ပွဲကြီးလမ်းကြီး လုပ်ကြပါတယ်။ ဒီလို ဘုန်းကြီးပျံ မှာ ငွေကုန်ကြေးကျ သိပ်ခံတာကို မှားတယ်လို့ သဘောမပေါက်


သေးပါ။ ဒါမျိုး ရပ်သင့်ပြီလို့ အနာဂတ်သာသနာမှာ အကျယ် ဆွေးနွေးပါတယ်။ (ရွှေကျင်ဂိုဏ်းက ဘုန်းကြီးပျံကို ကြာကြာ မထားနဲ့၊ ပွဲကြီး မဖြစ်စေနဲ့လို့ တားမြစ်တယ်။ သရိုင်သားက ရွှေကျင် ဒုတိယမြောက်သာသနာပိုင် ဖြစ်နေတုန်း သရိုင်မှာ ဒီလို ဘုန်းကြီးပျံပွဲ အကြီးအကျယ် လုပ်တာကို ကြည့်ပြီး နောင် အခါ ရွှေကျင်သာသနာ 'ဘယ်လို နေလိမ့်မလဲ ဗေဒင်မေးစရာ မလိုတော့ဘူး'လို့ ရေးမိတယ်။ တစ်ဘဝ ၁၁၀)

ရွှေဘိုက စစ်ကိုင်း ရုက္ခမူချောင်ကို ရောက်လာပါတယ်။ သိပ်မကြာဘူး၊ မြောင်းမြဆရာတော်ကို ပလိပ်က လာပင့်လို့ ကိုရင်လဲ ဆရာနောက်ကို လိုက်ရတယ်။ ပထမလတ်စာမေးပွဲ အတွက် ပြင်ဆင်တယ်။ အခက်အခဲမရှိ အောင်မြင်ပါတယ်။ မကြာမီ ကိုရင်တစ်ကြိမ် ဝတ်ရပြန်တယ်။ ပိဋကစာပေကျမ်းဂန် မှာ ထွန်းပေါက်တယ်လို့ သတင်းထွက်လာတာနဲ့ ဒါယကာ၊ ဒါယိကာမတွေ အရေးပေးကြ၊ ဂရုစိုက်ကြတယ်။ အဲဒီလိုဆိုလေ ရပြီးသားအဆင့် နိမ့်မသွားလေအောင် ကြိုးစားရလေ ဖြစ်တယ်။ အရင်ကလို အပျင်းပြေလုပ်တဲ့ အလုပ်တွေကို ဖြတ်ရတယ်။ မဟာဇနကဆိုတဲ့ နာမည်ကို ကြိုက်ပြီး ဇနကဘွဲ့ကို ယူခဲ့ပါ တယ်။ ဇနကဆိုတာ ဖခင်လို့ အနက်ရှိတယ်။ ကိုယ်က ရဟန်း ဝတ်ပြီး ဒါယကာ၊ ဒါယိကာမတွေကို အဖေလို သွန်သင်မယ်လို့ စိတ်ထဲမှာ ရှိနေလို့ ဒီဘွဲ့ကို ယူပါတယ်။ ဆရာဘုန်းကြီးကလဲ

သဘောတူပြီး ဇနကပဲ ခေါ်တယ်။ သီတင်းတစ်နေ့မှာ ဒါယကာ တစ်ဦးက သီလပေးပါလို့ ပြောလာတယ်။ ဘာမှ မခက်ဘူး။ အထစ်အငေါ့ မရှိ ကောင်းကောင်း ဆောင်ရွက်နိုင်ပါတယ်။ ရေစက်ချပေးပါ ဆိုပြန်တယ်။ နောက်တစ်နေ့တော့ တရား ဟောပါဦးတဲ့။ မငြင်းပါဘူး။ အဲဒီ ပထမအကြိမ်ကပဲ မန္တလေး ဝိသုဒ္ဓါရုံတိုက်က နာမည်ရပြီး ဓမ္မကထိကတွေနဲ့ အရည်တူတယ် ဆိုပြီး ချီးမွမ်းကြပါတယ်။ ဝါကျွတ်တဲ့အခါ ကထိန်သင်္ကန်းကပ် လှူပွဲ ညနေမှာ ဟောဖို့ ဆည်ရွာက လာပြီး ပြောပါတယ်။ ဆရာ ဘုန်းကြီးက ငယ်သေးတယ်။ မန္တလေးက အပြင်ထွက် မလိုက်ရ လို့ ပိတ်လိုက်တယ်။ အဲဒီလို နာမည် ထွက်လာတာတောင် ပစ္စည်းလေးပါး ဒါယကာအဖြစ်နဲ့ ပင့်ဖိတ်သူ မပေါ်လာသေးပါ။ (ပစ္စည်းလေးပါးဆိုတာက ကျောင်း၊ သင်္ကန်း၊ ဆွမ်းနဲ့ ဆေး ဖြစ် ပါတယ်။) တစ်နေ့တော့ ကိုရင်ထွန်းရွှေက သရော်တဲ့သဘောနဲ့ မိကောင်းဖခင်သမီး၊ ကိုရင့်ထက် အသက်ငယ်တဲ့ ကလေးမ တစ်ယောက် နာမည်ကို သုံးပြီး ပစ္စည်းလေးပါး ဒါယိကာမ အဖြစ် အသိအမှတ် ပြုပါလို့ ဖိတ်စာအတု ကိုရင့်ဆီကို ရောက် လာတယ်။ မစ္ဆရိယစိတ်နဲ့ လုပ်တာ ဖြစ်မှာပေါ့။

အဲဒီဘုန်းက ပလိပ်မှာ ငှက်ဖျားကြောက်ရတယ်လို့ ပြော ကြပါတယ်။ အားလုံးပဲ ငှက်ဖျား ဖျားကြလို့ ဗျင်းကလေးရွာ ဆရာနှစ် ဆေးကို သောက်ကြရတယ်။ သူ့ဆေးက ကွီနိုင်

မပေါ်ခင်က ငှက်ဖျားဖြတ်ဖို့ အစွမ်းဆုံးဖြစ်ပါတယ်။ ဆေးပညာမှာ ဆရာနှစ်က တောင်သာဂိုဏ်းက ဖြစ်ပါတယ်။ အဲဒီဆရာဆီက ဆေးပညာတောင် နည်းနည်းပါးပါး သင်ခဲ့ပါသေးတယ်။ ကန့်ကလာကို ပြုတ်သောက်ရင် ငှက်ဖျား ပျောက်တယ်။



သက်တော် ၁၈ နှစ်အရွယ်
ကိုရင်ဘဝက

ပလိပ်မှာ နှစ်ဝါ နေခဲ့ရတယ်။ သရိုင်ကလွဲရင် ပလိပ်ဟာ ဒုတိယ ဇာတိရွာလို ဖြစ်လာပါတယ်။ အသက်လဲ တစ်ဆယ့်ရှစ်နှစ်ထဲ ရောက်လာလို့ ပထမကြီး စာမေးပွဲ ဖြေဖို့ ပြင်ဆင်ပါတယ်။ ဆရာဘုန်းကြီးက အနာအဖျားကင်းတဲ့ နေရာတစ်ခုကို ပြောင်းတယ်။

ဒီလိုနဲ့ စစ်ကိုင်းရောက်လာတယ်။ အပေါ်ဘားအပြောကောင်း လှတဲ့ ဦးသုနန္ဒရဲ့ အရှေ့မှန်ကင်းကျောင်း ဖြစ်ပါတယ်။ ဥက္ကံ ဘုရားကြီးတိုက်မှာ ဆရာဘုန်းကြီးနဲ့ ဦးသုနန္ဒက စာလိုက်ဖက် ဖြစ်ခဲ့ဖူးလို့ ရင်းနှီးကြပါတယ်။ ဒီဆရာတော်က အခု ဓမ္မကထိက၊ ဆရာဘုန်းကြီးက စာချ၊ ဆရာဘုန်းကြီးက စာပေပရိယတ္တိ သာတယ်။ စာလိုက်ဖက်ဖြစ်ခဲ့ဖူးတာနဲ့ ဆရာဘုန်းကြီးကို ပေ့ါပေ့ါ တန်တန် ဆက်ဆံတာ မကြိုက်ပါ။ အနှောင့်အယှက်တွေ များ တာနဲ့ စာမေးပွဲအတွက် ခပ်ပေ့ါပေ့ါ ဖြစ်သွားတယ်။ အင်္ဂဝိဇ္ဇာကို ပိုင်ပိုင်ဟောနိုင်တဲ့ ဘုန်းကြီးဗေဒင်ဆရာကတော့ အောင်မှာ သေချာတယ်။ မပူနဲ့လို့ ဟောပါတယ်။ နည်းနည်း အားရှိသွား တယ်။ ဝင်ဖြေတော့လဲ အောင်ပါတယ်။ စာဖြေဌာနက မန္တလေး မဟာမုနိဖြစ်ပြီး စာဖြေကိုယ်တော်တွေကို ဘုရားကြီးရဲ့ အရှေ့ မြောက်က ဇရပ်တစ်ခုမှာ စုနေစေတယ်။ သီလရှင်စာဖြေတွေကို ရဟန်း စာဖြေတွေ တည်းခိုတဲ့ ဇရပ်ရဲ့အရှေ့ဘက်က ဇရပ်တစ်ခု မှာ ထားတယ်။ စာဖြေသူ အစုစု ကိုးရာ။ ခြောက်ဆယ်က

အကြီးတန်း။ ကိုရင်လဲ အကြီးတန်းကပဲ ဖြစ်ပါတယ်။ ကိုရင်က တော့ မိမိတစ်ပါးတည်း ဖြစ်ပါတယ်။

စာမေးပွဲပြီးတော့ ဆရာဘုန်းကြီး မြောင်းမြဆရာတော်က အထက်တန်းပညာ ဆက်သင်ဖို့ ပခုက္ကူကို လွှတ်ပါတယ်။ ပခုက္ကူ မှာ သံဃာငါးရာလောက်ပဲ ရှိမယ်။ အခု ပခုက္ကူလို စာသင် သံဃာတွေအတွက် နေရာထိုင်ခင်း ကောင်းကောင်းရအောင် အစီအမံတွေ မရှိသေးပါ။ ပထမ မဟာဝိသုတာရာမကျောင်း တိုက်မှာ သွားနေတယ်။ ပြိုကျမတတ် ညွှတ်နေတဲ့ ကျောင်းစုတ်မှာ နေခွင့်ရတယ်။ အိမ်သာနဲ့ နီးကပ်လို့ မကောင်းတဲ့ အနံ့အသက် ကို မပြတ် ရှူနေရတယ်။ ထုံးစံအတိုင်း မနက် ဆွမ်းခံထွက်ပေ မယ့် ဝအောင် မစားရပါ။ စာဝါကတော့ အင်မတန် အဆင့် မြင့်တယ်။ ကောင်းတယ်။

ပခုက္ကူကို တုပ်ကွေးအဖျား ကပ်ရောဂါ ကျရောက်လာ တော့ လန့်ပြီး စစ်ကိုင်းကို ပြန်ပြေးရပါတယ်။ မြောင်းမြဆရာ တော်က စိုးရိမ်ပြီး ဦးပညာကို ဇနကနဲ့ ကေသရတို့ ဘေးကင်း ရဲ့လားလို့ သံကြိုးရိုက်ပြီး မေးပါတယ်။ ပခုက္ကူစာသင်တိုက် အကြီးအကဲ ဆရာတော်ဆီကို ကိုရင့်နာမည် ဒီတစ်ခါပဲ ပေါက် ရောက်သွားတယ်။ အဲဒီအခိုက်မှာပဲ ပထမကြီး စာမေးပွဲဂေဇက် (အောင်စာရင်း) ထွက်ခိုက်ဖြစ်လို့ တစ်နိုင်ငံလုံးမှာ ကိုရင်ထဲက

ပထမကြိုးအောင်တာ နှစ်ပါးပဲ ရှိတယ်။ ရန်ကုန်မှာ ကိုရင် ဉာဏဝံသ၊ မန္တလေးမှာ ကိုရင်ဇနက ဖြစ်လို့ ဒီကိုရင်တွေ ကျော် ကြားနေချိန် ဖြစ်ပါတယ်။ ကေသရမပါဘဲ အောက်တိုဘာ ၁၉၁၈ မှာ ကိုရင် ပခုက္ကူကို ပြန်သွားပြီး အရှေ့တိုက်သစ် နာယကဆရာတော်ကို ပြန်လည်ရောက်ရှိကြောင်း သတင်းပို့ လျှောက်ထားတဲ့အခါ 'ဇနကလားကွဲ့၊ စာမေးပွဲဖြေတာ မင်း မဟုတ်လား'လို့ မေးတယ်။ ဟုတ်ကြောင်း သိတော့ တစ်နေ့က ဂေဇက်ထဲမှာ 'မင်းကိုး'လို့ အမိန့်ရှိပါတယ်။ ဆရာတော်တွေက စာမေးပွဲကို သိပ်အရေးမထားပါ။ ကိုရင်က ဘွဲ့ကြီး ရတာ ကိုတော့ အလေးဂရုပြုဟန်တူပါတယ်။

စာသင်ရဟန်းကို စာလိုက်ခေါ်တယ်။ စာလိုက်ထဲက ရဟန်းတစ်ပါးကို ရွေးပြီး ကျမ်းရင်းကို တစ်ပိုဒ်စီ လိုသလို ဖတ်ပြ ခိုင်းတယ်။ အဲဒီ ကိုယ်တော်ကို စာဆို၊ ကထိကကို စာချ ခေါ် ကြတယ်။ စာဆိုတစ်ပါး ခဏ အသံဝင်သွားလို့ ကိုရင်က အစား ဝင်ပြီး စာဆိုဖူးရတယ်။ အတူ စာလိုက်ဖက်တွေက ကိုရင့်ကို ပခုက္ကူမှာ မကြာခင် စာချဖြစ်မှာလို့ နိမိတ်ဖတ်ကြတယ်။ မဖြစ် နိုင်ဘူးလို့ ဖြေရတယ်။ ဘာပြုလို့လဲဆိုတော့ ရွှေကျောင်ဂိုဏ်းက ခိုင်းဖို့စောင့်နေတယ်။ တခြားတာဝန်ကိုတော့ ငြင်းလို့ ဖြစ်ပေ မယ့် ရွှေကျောင်ဂိုဏ်းကပေးတဲ့ တာဝန်ကိုတော့ မငြင်းနိုင်ပါ။

## နှစ်ဆယ်က သုံးဆယ်ထိ (၁၄၀-၂၁၂)

ရဟန်းခံဖို့ အသက်ပြည့်ပြီးဆိုတော့ ပလိပ်က မပုလိုက်လာပြီး သူ ရဟန်းအမ ဖြစ်ပါရစေလို့ ပြောလာတယ်။ မိဘကလဲ သူတို့ ပဥ္စင်းတက်ပေးမယ်တဲ့။ ချမ်းအေးဆရာတော်နဲ့ မဟာဂန္ဓာရုံ ဆရာတော်နှစ်ပါးက ဒီကိုရင်ဟာ မကြာခင် ကျောင်းဘုန်းကြီးဖြစ်မှာ၊ ဒီတော့ ချမ်းသာတဲ့ ရဟန်းဒကာလိုတယ်လို့ ဆုံးဖြတ်ပြီး အမရပူရ တရုတ်တန်း ဒေါ်ကြည်နဲ့ မညွန့်တို့ကို ရဟန်းအမ ခံစေတယ်။ အဲဒါနဲ့ သိမ်သုံးခါ တက်ရတယ်။ အဖေက နောက်ဆုံးပေါ့။ သူက အဲဒီအချိန်မှာ ငွေကြေးမချောင်လည်လှပါ၊ ရဟန်းခံကို အမျိုးတွေက ဝိုင်းကူကြရပါတယ်။

ပလိပ်ရဟန်းခံပွဲကို ၁၅ မတ် ၁၉၁၉ မှာ လုပ်တယ်။ မဟာဂန္ဓာရုံဆရာတော်က ဥပဇ္ဈာယ်ဆရာပါ။ အမရပူရ ရဟန်းခံပွဲကို ၁၂ ဧပြီ ၁၉၁၉ မှာ လုပ်တယ်။ စစ်ကိုင်း ရဟန်းခံပွဲကို ၃ မတ် ၁၉၂၀ ပြည့်မှာ လုပ်တော့ ဒီပဲယင်းဆရာတော်က ဥပဇ္ဈာယ် ဖြစ်ပါတယ်။

ရဟန်းအဖြစ်နဲ့ ပခုက္ကူကို ပြန်သွားပြီး ပထမတစ်ဝါကို ပခုက္ကူမှာ ဆိုပါတယ်။ အဲဒီအခါ ယာယီမဟုတ်ဘဲ အမြဲစာဆိုဖြစ်ပါပြီ။ မကြာမီ စာချအထိ တိုးမြှင့်ပေးတော့မယ်ပေါ့။ ဒါပေမဲ့ ပခုက္ကူမှာ အစဉ်အမြဲ မနေလိုပါ။ ဆန္ဒက ပခုက္ကူမှာ ပိဋကကို

သင်မယ်၊ ပေါက်မြောက်အောင် ကြိုးစားမယ်။ နောင် မဟာရဋ္ဌ ဂုရုဖြစ်လာတဲ့ ဆရာတော်ဆီမှာ မူလဋီကာနဲ့ဒီဃနိကာယ် အဋ္ဌကထာ လိုက်တယ်။ ညောင်တုန်းဆရာတော်ဆီမှာ သံယုတ် အဋ္ဌကထာ လိုက်တယ်။ စာဆိုအနေနဲ့ ဆိုင်ရာကို ပြောဖို့ လျှောက်လွှာစာရွက်နဲ့ နေ့စဉ် လေးမျက်နှာ စာရေးရတယ်။ အဲဒီ လေးမျက်နှာကို နေ့တိုင်း နှစ်ကြိမ် ဖတ်ရတယ်။ အစုစု ရှစ် မျက်နှာ ဖတ်ရတယ်။ အဲဒါအပြင် ဦးပညာဆီမှာလဲ စာဝါတက် လိုက်သေးတယ်။ အဲဒါတွေ ပြင်ဆင်ရတာ တစ်ညနေနဲ့ နောက် တစ်ရက်မှာ ဆွမ်းခံမထွက်မီ တစ်မနက် ကုန်တယ်။ အဲဒီလို အချိန်ကိုက် တာဝန်ပြီးစီးဖို့ အလုအယက် လုပ်ရလို့ ဘုန်းကြီးကို စာပို့ကြီး လို့ ခေါ်ကြတယ်။

ဆွမ်းခံလို့ ရတာက ညံ့ညံ့၊ နည်းနည်း၊ မဝဘူး။ ငတ်နေ တယ်လို့ ခေါ်ရင်လဲ ဖြစ်တယ်။ ကျန်းမာရေးကို သိပ်ထိခိုက် သွားတယ်။ မကြာမီ ဗုန်းဗုန်းလဲပြီး သေသွားနိုင်တယ်။ ဒီလိုဆို စွန့်ခဲ့တော့လို့ ပြောကြမယ်။ မာန ရှိတယ်၊ မစွန့်ပါ။ ရဟန်းသုံးဝါ ၁၉၂၂ မှာ မျက်စိက ဒုက္ခပေးလာလို့ ဆေးကုဖို့ မန္တလေး ပြန်ရတယ်။ ဆရာဝန်က 'စားလဲစား၊ နားလဲ နား၊ ဒါ ဆေးပဲ'လို့ ပြောတယ်။ ဒါနဲ့ ရွာကို နှစ်လပြန်သွားပြီး မျက်စိလဲကောင်း၊ ခွန်အားလဲ ပြည့်မှ ပခုက္ကူကို ရောက်သွား ပြန်တယ်။ ၂၆ မေ ၁၉၂၂ မှာ စာချ ဖြစ်ပါတယ်။ အဲဒါတွေဟာ ဘုန်းကြီးရဲ့


သာသနာ့ဝန်ထမ်းဘဝမှာ မှတ်တိုင်တွေ ဖြစ်ပါတယ်။ အဲဒီအချိန်က စပြီး ဆွမ်းကောင်းကောင်းကို ဝဝ စားရပါပြီ။

ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေခေတ် ဖြစ်လို့ ဘုန်းကြီးက နိုင်ငံရေး တရား ဟောတယ်။ စီအိုင်ဒီကလူ ရောက်လာတယ်။ ဘာမှ မကြီးကျယ်လှပါဘူး။ လာတဲ့ စုံထောက်က ဘုန်းကြီးအတ္ထုပ္ပတ္တိ မေးရုံပါပဲ။ ဒီလိုဆိုတော့လဲ ရပ်တန်းက ရပ်ရမှာပေါ့။ နိုင်ငံရေးနဲ့ ဘုန်းကြီး အဖမ်းခံရရင် ပခုက္ကူသာသနာမှာ နည်းနည်း အစွန်းကွက် ဖြစ်သွားနိုင်တယ် ထင်ရလို့ ဖြစ်ပါတယ်။ ဘုန်းကြီးပြောတာက အင်္ဂလိပ်ဆန့်ကျင်ရေး မဟုတ်ဘူး။ ကိုယ့်မင်းကိုယ့်ချင်းသာ ဆိုရင် ဒီသာသနာဟာ ခုထက် ပိုပြီး ကြီးပွားမယ်ဆိုတာလောက် ပြောတာ ဖြစ်ပါတယ်။

ဆရာရင်းဖြစ်တဲ့ မြောင်းမြဆရာတော်က သိပ်စည်းကမ်းကြီးတယ်။ ဆရာတော်က မင် ဘယ်သွား၊ ဘာသင်အုံး ဆိုပြီး ချထားမြဲ ဖြစ်ပါတယ်။ ဘုန်းကြီး အသက် နှစ်ဆယ့်နှစ်နှစ်၊ စာချဘုန်းကြီး ဖြစ်ပြီဆိုတော့မှ ကိုယ်စိုးကိုယ်ပိုင် လုပ်ပေတော့လို့ ခွင့်ပြုပါတယ်။ ဘုန်းကြီးနဲ့ သီလရှင်၊ ရဟန်းဒါယိကာမ စတဲ့ အမျိုးသမီးတွေနဲ့ ဆက်ဆံရာမှာ ဘုန်းကြီးက သတိနဲ့ ခပ်ခွာခွာပဲ ဆက်ဆံတယ်။ မှတ်မိသေးတယ်၊ တစ်ခါက သီတင်းကျွတ်မီးထွန်းပွဲမှာ ဘုန်းကြီးနေတဲ့ ဓမ္မဉာဏကျောင်းမှာ မီးထိန်ထိန်လင်းအောင် မီးပုံးတွေ ဆွဲထားတော့ ဘုန်းကြီးက အပြင်ထွက်ပြီး

ပက်လက်ကုလားထိုင်နဲ့ မီးပုံးတွေနဲ့ လင်းနေတဲ့ ကိုယ့်ကျောင်းကို ကိုယ်ကြည့်ပြီး ကျေနပ်နေတုန်း ကျောင်းဒကာ၊ ဒကာမတွေရဲ့ သမီးတွေ ဖြစ်မယ်ထင်ရတဲ့ မိန်းမပျိုတွေ နောက်နားကို ရောက်လာတယ်။ လှည့်မကြည့်ပေမယ့် ကြက်သီးမွေးညင်း ထတယ်။ ဘာကြောင့် ဒီလို တုန်လှုပ်ပါသလဲ မေးရင် သူတို့ ညွှတ်ကွင်းဝင်မိရင် ကိုယ့်ရည်မှန်းချက် ပျက်မှာကို စိုးရိမ် ပူပန်တာ ဖြစ်ပါတယ်။ အဆိပ်ပြင်းတဲ့ မြွေထက် ဆိုးပါတယ်။ မုဒုလက္ခဏဇာတ် (အမှတ် ၆၆)၊ ဟရိတဇာတ် (အမှတ် ၄၃၁) ကြည့်ပါ။ ကိုယ်လုံးမပေါ်တပေါ် အလှမယ်ကို မြင်ရတော့ ရဟန်းသာမဏေ ဘယ်ဘဝ ဆိုက်တယ်ဆိုတာ တွေ့လိမ့်မယ်။ ဒီလို ဒုက္ခဆိုက်ရင် အသုဘဘာဝနာပဲ ခိုကိုးရာ ဖြစ်ပါတော့တယ်။

စာချ ဖြစ်ပြီဆိုရင် နည်းနည်းတော့ ချမ်းသာသုခ ရှိမယ်ထင်ကြတယ်၊ မရှိပါ။ စာချအနေနဲ့ ပို့ချမယ့်စာကို ဘုန်းကြီးက ဂရုတစိုက် အချိန်ယူပြီး ပြင်ဆင်တယ်။ စာဆိုဖြစ်စဉ်က ပြင်ဆင်တာထက် အဆများစွာ ပိုတာပေါ့။ အမှန်ပြောရရင် စာတစ်ဝါပြီးရင် ပင်ပန်းလွန်းလို့ အရုပ်ကြိုးပြတ်သဘော ဆိုက်သွားတာပါပဲ။ အဲတာ ကောင်းသလား၊ ဆိုးသလား မေးရင် ခန္ဓာကိုယ် ချုံးချုံးကျသွားလို့ ဆိုးတယ်ပဲ ဖြေရမယ်။ အဲဒီတုန်းက အသက် မသေတာ ကံကောင်းတယ်။ သာသနာ့ဝန်ကို ဆက်ထမ်းခွင့် ရသေးတယ်လို့ ဖြေရပါတယ်။ သာသနာ့ဝန်ကို ဆက်ထမ်းခွင့်ရတာ အမြတ်တကာ့ အမြတ်ဆုံး ဖြစ်ပါတယ်။



သက်တော် ၂၆ နှစ်အရွယ်
အရှင်ဇနကာဘိဝံသ

ရဟန်း ၆ ဝါ (၁၉၂၆) မှာ မန္တလေး ပြန်လာပြီး ပရိယတ္တိ အသင်း စာမေးပွဲကို ဖြေဖို့ ပြင်ဆင်ပါတယ်။ ပခုက္ကူအကြီးအကဲ တွေနဲ့ ဆရာရင်းက ဒီစိတ်ကူး မမှန်ဘူးလို့ ပြောကြပါတယ်။ ဘုန်းကြီးကတော့ သင်စရာ ကုန်မှ၊ ရစရာဘွဲ့ ပြည့်မှ ရပ်မယ်လို့ ဆုံးဖြတ်တယ်။ ဒါကို ငါ ဖြစ်အောင် လုပ်နိုင်တယ်လို့ ပွဲတိုးချင်တဲ့ စိတ် ရှိတယ်။ အောင်ပွဲရဖို့ သကျသီဟ စာမေးပွဲ ကျန်သေး တယ်။ အသက် ၂၇ နှစ် မကျော်ရလို့လဲ သတ်မှတ်ချက်ရှိတယ်။ နှစ်ကြိမ်ထက် ပိုပြီး မဖြေရလို့လဲ ဆိုထားတယ်။ ဒီလိုဆိုရင် အခု အသက် ၂၆ နှစ်ဟာ အနေတော်ပဲ။ ဦးပညိန္ဒာဘိဝံသက ပထမ၊ ဘုန်းကြီးက ဒုတိယစွဲတယ်။ ပခုက္ကူပြန်ပြီး ဝါဆိုပါတယ်။ ဝါကျွတ်တော့ (အောက်တိုဘာ ၁၉၂၇) ပခုက္ကူမှာ ပလိပ်ရောဂါ ကပ်ဆိုက်လို့ လန့်ပြီး ပခုက္ကူက ပြေးထွက်ဖို့ ကြုံရပြန်တယ်။ သံဃာ ၆၀၀ ကျော်က ၆၀ တောင် မရှိတော့ဘူး။ နာယက ဆရာတော်တွေပါ သွားကြတော့မှာဖြစ်လို့ ဘုန်းကြီးလဲ စစ်ကိုင်း ကို ရောက်လာပါတယ်။

ဒီတစ်ခါတော့ ကောင်းကောင်း နားတော့မယ် ဆိုပြန်တော့ လဲ အကျိုးပေးက တစ်မျိုးဖြစ်ပြန်တယ်။ သီလရှင်တွေက 'ဆန်း' သင်ပေးပါ လျှောက်လာတယ်။ ရွှေကျင်နိကာယက 'ကပ်၊ စာ၊ ထိုး' မလုပ်ရလို့ တားမြစ်ပြီးသား မဟုတ်လား။ ('ကပ်' ဆိုတာက မာတုဂါမ သီလရှင်ကို ဆွမ်းချက်ဖို့ ကျောင်းမှာ ကပ္ပိယ မလုပ်

စေရ။ 'စာ' ဆိုတာက သီလရှင် အပါအဝင် အမျိုးသမီးကို စာမချနဲ့။ 'ထိုး' ဆိုတာက အင်္ဂါ ဃ မထိုးနဲ့။) အဲဒီ တားမြစ်ချက်ကို လေးစား လိုက်နာရမှာပေါ့။ 'မသင်ဘူး'လို့ ပြောတယ်။ တချို့နေရာမှာ သိဖို့ခက်လို့ မရှင်းရင် ရှင်းပေးပါမယ်လို့လဲ ဆက်ပြောမိတယ်။ သီတင်းသုံးဖော်တွေက ဒါလောက်တော့ နားလည်ပြီး လက်သင့်ခံမယ် ထင်လို့ပါ။ သီလရှင်တွေက ပထမ ဆွမ်းကပ်ပြီးမှ ရှင်းလင်းချက်ကို နာယူကြတယ်။ ဘုန်းကြီးရှေ့မှာတော့ သက်ကြီး သီလရှင် သုံးလေးပါးပဲ မြင်ရတယ်။ ကန့်လန့်ကာ နောက်မှာ အများကြီး ရှိကောင်းရဲ့။ စာပြောရတဲ့နေရာက ဟေမာဝတချောင်နဲ့ သာတာဂီရိချောင် ဖြစ်ပါတယ်။ (ချောင်နာမည်မှန် မဟုတ်) 'ဆန်း'ပြီးတော့ 'အလင်္ကာ' ပြောပါဦးတဲ့။ အခြေအနေက အတင်းပြောစရာ၊ ကဲ့ရဲ့စရာ လွတ်ဖို့ ခက်ပြီ။

ကံကောင်းလို့ ဒီကိစ္စ နှစ်လအတွင်းမှာပဲ ရပ်သွားတယ်။ ဘုန်းကြီးလဲ မန္တလေးကို ပထမကျော်ဝင်ဖို့ ကိစ္စနဲ့ ပြန်ရတယ်။ ပထမကျော်က တကယ်တော့ ပထမကြီးကို အဆင့်အမြင့်ဆုံးနဲ့ အောင်တဲ့ ပုဂ္ဂိုလ်ကို အကျော်လို့ သမုတ်တာပဲ ဖြစ်တယ်။ ရွှေဘိုစာစစ်ဌာနမှာ သွားဖြေမယ်လို့ ဘယ်သူ့ကိုမှ မပြောဘဲ ဆုံးဖြတ်လိုက်ပါတယ်။ ရက်မကြာခင်ပဲ မန္တလေး ဓမ္မာစရိယစာမေးပွဲ ဝင်တယ်။ အောင်တယ်။ အသက်က ၂၇ နှစ်ထဲ ရောက်ပြီ။

ဒီမှာ သာသနာဆိုင်ရာ စာမေးပွဲနဲ့ ပတ်သက်ပြီး စိတ်ညစ်စရာ အကြောင်းအချက် တစ်ခုကို ဖွင့်ပြောပါရစေ။ အကြီးအကျော်အဆင့် စာစစ်တဲ့အခါ စာမေးပွဲကျင်းပရာမှာ ဩဇာအရှိဆုံးလူနဲ့ ရဟန်းကို 'ငွေပေးတန်ပေး၊ နှမပေးတန်ပေး' (တစ်ဘဝ ၁၉၇၉၊ ၁၇၆) လာဘ်ပေးရပါတယ်။ အဲဒါအပြင် 'နတ် ကူညီဝိုင်းလို့ မှိုင်းမ' (တစ်ဘဝ ၁၉၇၉၊ ၁၇၆) ဖို့ စီစဉ်ကြတယ်။ စာဖြေစဉ် မေးခွန်းကို စာဖြေခန်းနဲ့ ကပ်ရက်အခန်းထဲမှာ ကျမ်းစာအုပ်တွေနဲ့ ပုန်းအောင်းနေတဲ့ စာတတ်၊ ပေထတ်ရဟန်း နှစ်ပါး၊ သုံးပါးဆီကို အရောက်ပို့ပေးရတယ်။ အဲဒီက အဖြေရေးပြီး စာဖြေသံဃာဆီကို (မေးခွန်းယူလာပေးတဲ့ နည်းနဲ့ပဲ) အဖြေရေးပြီးကို အရောက် ပို့ပေးရတယ်။ စောင့်နေတဲ့ ပုဂ္ဂိုလ်က 'ချက်တစ်ဖြုတ်' အဖြေကို ကူးချရုံပဲ လိုတယ်။ 'နတ်'နဲ့ 'နတ်ကိုး'သူဟာ ဝိနယကို ချိုးဖောက်တဲ့လူတွေဖြစ်လို့ ပါရာဇိကသင့်တယ်။

ဒီလို ဖြစ်မှုကျူးလွန်နေတာ ဘယ်ရက် ဘယ်အခါက စပါသလဲ။ စာစစ်တာနဲ့ ခိုးချတာဟာ အမြွှာပဲပေါ့၊ တစ်ပြိုင်နက်မွေးဖွားတာ (တစ်ဘဝ ၁၉၇၉၊ ၁၇၇) မန္တလေးက ဒီအကျင့်ပျက်ကို အများဆုံး ကျင့်သုံးတဲ့နေရာ၊ ရွှေဘိုဆိုရင် တော်သေးရဲ့လို့ ရွှေဘိုစာစစ်ဌာနကို ရွေးရခြင်း ဖြစ်ပါတယ်။ အဲဒါလဲ လူသိမခံဘဲ ရွှေဘို ရောက်သွားတော့ စာမေးပွဲချိန်မှာ ဘုန်းကြီး

ပျောက်နေတယ်။ သူလဲ 'နတ်' အဖြစ်နဲ့ စစ်ကိုင်းသီလရှင်တွေရဲ့ အကိုးခံနေရပြီလို့ ရဟန်းအမက စပြီး ပြောပါတယ်။ (တစ်ဘဝ ၁၉၇၉၊ ၁၈၁)

ပြဿနာနှ်းစာအုပ်ထဲက ဆိုင်မယ်ထင်တဲ့ နေရာကို ကွက်ပြီး ကူးပေးလိုက်ရုံနဲ့ လိုချင်တဲ့ အဖြေ မဟုတ်ဘူး၊ ဘုန်းကြီးက တကယ် နားလည်လို့ ပြောတာ။ မန္တလေး 'နတ်'တွေဟာ ဘုန်းကြီးလို သဘောယုတ္တိပိုင်ပိုင်နဲ့ ရှင်းလင်းပီသအောင် အဖြေ ရေးနိုင်စွမ်း ရှိမယ် မထင်ပါ။ ဘုန်းကြီးထင်တဲ့အတိုင်း မှန်ကန်တယ်လို့ နောင် သိရပါတယ်။ (တစ်ဘဝ ၁၉၇၉၊ ၁၇၈၊ ၁၈၅)
သူရိယမဂ္ဂဇင်းက ဘုန်းကြီး အတ္ထုပ္ပတ္တိနဲ့ ဓာတ်ပုံကို သူတို့ မဂ္ဂဇင်းမှာ ဖော်ပြဖို့ လာတောင်းပါတယ်။ မိတ်ဆွေ ကေသရက အတ္ထုပ္ပတ္တိ ရေးတယ်။ အမွှမ်းတင်လွန်းတယ် ထင်လို့ သူရေးတာကို ပယ်ပြီး ကိုယ်တိုင် ရေးပေးလိုက်ရပါတယ်။

ကိုယ်ခန္ဓာ ကျန်းမာသန်စွမ်းဖို့ ဂရုပြုရပါဦးမယ်။ ခုထိ ဒီကိစ္စကို အလေးမပေးဘဲ ထားခဲ့ပါတယ်။ စာမေးပွဲ အားလုံး ပြီးပြီဆိုတော့မှ ကျန်းမာရေးကို ဂရုပြုရမယ်လို့ သိလာတယ်။ အသိပညာ မရှိဘဲ လက်တွေ့ ဘာမှ မလုပ်နိုင်သလို ပညာ ဘယ်လောက်ရှိရှိ မကျန်းမာရင် ဘာမှ လုပ်မဖြစ်ဘူး။ မနက်နို့တစ်ခွက်၊ ညနေ အဖျော်ရည် တစ်ခွက်။ ဒါလောက်နဲ့ ပင်ပန်းတဲ့ အလုပ်ကို လုပ်နိုင်ကောင်းရဲ့လို့ ယူဆတယ်။

မန္တလေးက အဘယာရာမ ကျောင်းတိုက်မှာ ဦးကန်၊ ဒေါ်ပွားတို့က ငါးပင်လေးခန်းအုတ်နှစ်ထပ် တိုက်တစ်လုံး ဆောက်ပြီး လှူထားတာ ရှိတယ်။ အဲဒီတိုက်ကို ယူပြီး ဘုန်းကြီးကြိုက်တဲ့ ပုံစံနဲ့ ပိဋကသင်တဲ့ ကျောင်းတစ်ကျောင်းကို စတင် စမ်းသပ်ပါတယ်။ စာသင်သား နှစ်ဆယ် ရတယ်။ အဲဒီ ကိုယ်တော်လေးတွေ ဆွမ်းခံ မစားရပါ။ ဘုန်းကြီးက ဒီလို တာဝန်ယူလိုက်တာဟာ အဆမတန်ကြီးတဲ့ တာဝန်တစ်ရပ်ကို ယူတာပဲ ဖြစ်လို့ ဟာကျူလီ (Hercules) လို အစွမ်းသိပ်ထက်မှ တာဝန်ထမ်းဆောင်နိုင်မှာ ဖြစ်တယ်လို့ သိရပါတယ်။

## သုံးဆယ်က လေးဆယ်ထိ (၂၁၃–၂၅၅)

အလံကုန်း ဦးနာယကကို ညီ (ဘုန်းကြီး) က ဆက်သွယ်ပေးလို့ သိရတယ်။ ကျွန်းကုန်း ရွှေကျင်တိုက်သစ်မှာ ကျောင်းဘုန်းကြီးဖြစ်တော့ အလည်လာဖို့ ဖိတ်တာနဲ့ အနားယူဖို့သဘောနဲ့ ကျွန်းကုန်း ရွှေကျင်ကျောင်းတိုက်ကို ရောက်သွားတယ်။ သီးသန့်နေဖို့ကျောင်းလဲ ပေးထားတယ်။ အာဟာရဖြစ်မယ့် စားကောင်းသောက်ဖွယ်တွေလဲ ကျွေးတယ်။ ဒီလို လေးလလောက် ကောင်းကောင်းနေရတော့ ကျန်းမာရေး ကောင်းလာတယ်။ အခုမှ သဘောပေါက်တာက ဘုန်းကြီးပြဿနာက အာဟာရချို့တဲ့လို့ ဖြစ်တာပါ။ အဲဒီအချိန်မှာ သင်္ဂြိုဟ်ဘာသာ

ဋီကာ ရေးဆဲ ဖြစ်ပါတယ်။ မန္တလေးပြန်လာပြီး အဲဒီကျမ်းကို ပြီးအောင် ရေးလိုက်ပါတယ်။ စာအုပ်ကောင်း တစ်အုပ်ပါပဲ။ ဒါပေမဲ့ အထားအသို သိပ်စိတ်တိုင်းမကျ ဖြစ်နေတယ်။ သက္ကတကျမ်း၊ အင်္ဂလိပ်ကျမ်းတွေရဲ့ သင်ခန်းစာတွေဟာ လွယ်ရာက ခက်သွားလို့ စာသင်သားဟာ ဖတ်စာအုပ်နဲ့အတူ အသိဉာဏ် နိမ့်ရာက မြင့်တက်လာတယ်။ ဒါကို အတုယူပြီး အခုရေးတဲ့ ကျမ်း (သဒ္ဒါဂျိုဟ်ဘာသာဋီကာ) ကို အခြေပြုသဒ္ဒါဂျိုဟ်၊ ဝိထိနှင့် သုံးချက်စု, သဒ္ဒါဂျိုဟ်ဘာသာဋီကာဆိုပြီး သုံးပိုင်း ခွဲလိုက်တယ်။ ပုံနှိပ်ဖို့ ပိုက်ဆံ မရှိပါ။


ဒီအတွင်းမှာ ကျောင်းအမနဲ့ အဖေက ရတနာသုံးပါး ဆိုတာ ဘာလဲ၊ ဘာကို ကြည်ညိုရမလဲဆိုတာ သိပ်မသိဘူး၊ ဒါကြောင့် ဘုရား၊ တရား၊ သံဃာအကြောင်း ရတနာ့ဂုဏ်ရည် အမည်နဲ့ ကျမ်းတစ်စောင် ရေးပါတယ်။ ပုံနှိပ်ဖြစ်တော့ အဲဒီ ရတနာ့ဂုဏ်ရည်က အရင် ထွက်ပါတယ်။ အုပ်တစ်ထောင် ကုန်ကျစရိတ် ကျပ် ၂၅၀၊ တစ်အုပ် ပြား ၅၀ ရောင်းဈေး သတ်မှတ်ပါတယ်။ မန္တလေး လှခင်နဲ့ သားတွေက အခြေပြု သဒ္ဒါဂျိုဟ်ကို ပုံနှိပ်တော့ ဘုန်းကြီးကိုယ်တိုင် အမှားပြင်တယ်။ ပုံနှိပ်တိုက်ကို တစ်နေ့ နှစ်ကြိမ် သွားတယ်။ အဲဒီအချိန်မှာ မန္တလေးမှာ ပလိပ်ရောဂါ ကပ်ဆိုက်နေတယ်။ ငါက သာသနာ့ ဝန်ကို ကြာရှည်လေးမြင့်စွာ ထမ်းဆောင်ရဖို့ကံရှိရင် မသေနိုင်လို့

စိတ်မှာ စွဲမြဲ ယုံကြည်တယ်။ အဲဒါပဲ ပလိပ်ကာကွယ်ဆေး၊ သဂြိုဟ်ဘာသာဋီကာကို ပုံနှိပ်ဖြစ်ဖို့ စောင့်ရဦးမယ်။ စာမူကို ဖတ်ဖူးသူတွေက မှတ်ချက်အဆန်း နှစ်ခု ပေးတယ်။ "သိပ်ကောင်းတယ်၊ ဒီကျမ်းနဲ့ပဲ အဂ္ဂမဟာပဏ္ဍိတဘွဲ့နဲ့ ထိုက်တန်တယ်။ အဲဒီ ဘွဲ့အတွက် ကိုယ်တော့်အသက် ငယ်သေးလို့ စောင့်ရလိမ့်ဦးမယ်တဲ့။ ဒီအတောအတွင်းမှာ ရတနာ့ဂုဏ်ရည်ကို နှစ်ကြိမ် ရိုက်ရတယ်။ အခြေပြုသဂြိုဟ်ကို နှစ်ကြိမ်၊ အခြေပြုသဒ္ဒါတစ်ကြိမ် ရိုက်ပြီးပါတယ်။

ရဟန်းဒါယိကာမရဲ့ သမီးကြီး၊ အစ်မလေးက ဝါတွင်းဆိုရင် စစ်ကိုင်းတောင်ရိုးမှာ လာနေလေ့ ရှိတယ်။ အစ်မလေးက သဂြိုဟ်ဘာသာဋီကာကို ပုံနှိပ်ဖို့ တာဝန်ယူပါတယ်။ သူက ဒီလို ပုံနှိပ်တဲ့အတွက် ငွေအမြတ်အစွန်း မလိုဘူးလို့ ပြောပါတယ်။ ဘုန်းကြီးအသက် သုံးဆယ့်ရှစ်နှစ် ရှိပြီ။ ဘုန်းကြီးရေးတဲ့စာတွေဟာ ကိုယ်တိုင်ကြံဆပြီး ရေးသားတာ မဟုတ်လို့ ဝေဖန်ကဲ့ရဲ့စကား ပြောကြတယ်။ ပရမတ္ထသရူပ၊ ဝိသုဒ္ဓါရုံသုတ္တန္တ စတဲ့ကျမ်းတွေရဲ့ အပွားလောက်ပဲ ဖြစ်တယ်လို့ ဆိုပါတယ်။ မှန်ပါတယ်။ ဗုဒ္ဓမြတ်စွာရဲ့ ဆိုဆုံးမချက်တွေက ပွားတာတွေ ဖြစ်ပါတယ်။ ဘန်းကြီးအထက်က ဆရာ့ဆရာတွေလဲ ဒါမျိုးပဲ ရေးကြတာပဲ မဟုတ်လား။ နက်နဲတဲ့ တရားတော် (ဗုဒ္ဓစာပေ)ကို စတင်လေ့လာသူတွေအတွက် လွယ်ကူအောင် အထောက်အကူ

ဖြစ်မယ့် စာကို ရေးတာပဲပေါ့။ ညောင်တုန်း၊ ရွှေဟင်္သာတောရ ဆရာတော်၊ မြောင်းမြဆရာတော်နဲ့ ပခုက္ကူ ဆရာတော်ကြီး တွေက အဂ္ဂမဟာပဏ္ဍိတဘွဲ့ ရထိုက်တဲ့စာလို့ မိန့်မြွက်ပြီးသား ပါ။ ဒီလို ပြောကြပြီးမှ မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဌာန ညွှန်မှူးဆီကို ဒီကျမ်းကို တင်လိုက်တော့ ဒီဘွဲ့ကို ပေးထိုက် ကြောင်း ထောက်ခံချက်နဲ့ အစိုးရဆီကို အစီရင်ခံတယ်။ နှစ် နည်းနည်း ဆိုင်းပါလို့ ဘုန်းကြီးကို ညွှန်မှူးက ပြောပါတယ်။ ဒီတော့ ဒုတိယကမ္ဘာစစ်ကာလ စောင့်လိုက်ရပါတယ်။ ပြီးတော့ စစ်ပြီးပြီးချင်း ဘုန်းကြီးကို အဂ္ဂမဟာပဏ္ဍိတဘွဲ့ စတင် ပေးခဲ့ တာကလဲ ဒီစကားမှန်ကြောင်း ထောက်ခံနေတာပဲ မဟုတ်လား။ ဘွဲ့ကို ၁၉၅၀ ပြည့်နှစ်က ရပါတယ်။

တခြားကျမ်းတွေ ပုံနှိပ်တော့လဲ ဘုန်းကြီးပဲ ဒိုင်ခံပြီး အများပြင်တယ်။ အစ်မလေးက ငွေကြေးအစီအမံ တာဝန်ခံ ဖြစ်လာပါတယ်။ ဆက်ပြီး ပုံနှိပ်ဖြစ်တဲ့ကျမ်းက ဝိဓိနှင့်သုံးချက်စု ဘာသာဋီကာ ဖြစ်တယ်။ ကိုယ်ကျင့်အဘိဓမ္မာ (ကိုလေး အင်္ဂလိပ်လို ပြန်တယ်။ ၁၉၉၉ ပြန်ပုံနှိပ်တော့ အရှင်သီလာနန္ဒ က အင်္ဂလိပ်ဘာသာစာအုပ်ကို တည်းဖြတ်တယ်)နဲ့ ပါတိမောက် ဘာသာဋီကာ ဖြစ်ပါတယ်။ အဲဒီအခါ အသက်က လေးဆယ် ကျော်ခဲ့ပါပြီ။ ကျမ်းရေးတာအပြင် တခြားကိစ္စတွေလဲ အများကြီး ဆောင်ရွက်ပါတယ်။ စာချတာလဲ ပါတယ်။ ရံဖန်ရံခါ



မတ်တတ်ရပ်၍ စာရေးလေ့ရှိသော
အရှင်ဇနကာဘိဝံသ

ရဟန်းတွေရဲ့ အမှုကိစ္စကို စစ်ဆေးဆုံးဖြတ်ရတယ်။ စာသင်တပည့်ဦးရေ များလာလေ သူတို့နေဖို့ ကျောင်းသင်္ခမ်း၊ ရေချိုးဖို့ ရေတွင်း ရေကန်နဲ့ ကုဋိရေအိမ်သာက အစ ကြောင့်ကြရပြန်တယ်။

တစ်ခါတစ်ရံ မန္တလေး ဝိသုဒ္ဓါရုံတိုက်မှာ ဖြစ်ပေါ်တဲ့ ပြဿနာတွေကိုလဲ ရှင်းပေးရသေးတယ်။ ရွှေကျင်နိကာယ စာသင်တိုက်တွေမှာ သင်ရိုးကို တစ်ပြေးညီဖို့ လိုကြောင်းလဲ ဟောရတဲ့အပြင် ဘုန်းကြီးကိုပဲ ပြုပြင်တဲ့ သင်ရိုးတွေ ရေးဆွဲပေးပါလို့ တာဝန်ပေးလို့ လုပ်ရပါတယ်။ ရေးပြီးတော့လဲ ဘယ်သူကမှ အရေးယူပြီး စမ်းသပ်မကြည့်ပါ။ သုံးနှစ်တစ်ကြိမ် ကျင်းပတဲ့ ရွှေကျင်နိကာယဂိုဏ်းလုံးကျွတ် အစည်းအဝေးကို မော်လမြိုင်မှာ တစ်ခါ၊ မန္တလေးမှာ တစ်ခါ၊ ရန်ကုန်မှာ တစ်ခါ ကျင်းပတဲ့အခါ အတွင်းရေးမှူးအဖြစ်နဲ့ စီမံရပြန်တယ်။ စကားတွေပဲ ပြောကြတယ်။ အလုပ်က မတွင်ပါ။ နောက်တော့ ဘုန်းကြီးက အစည်းအဝေး အတွင်းရေးမှူးတာဝန် ပေးတာကို လက်မခံတော့ပါ။

## လေးဆယ်က ငါးဆယ်အထိ (၂၅၀-၂၈၉)

ဒုတိယကမ္ဘာစစ်မတိုင်မီ ဆယ်နှစ်လောက်ကစပြီး ရဟန်းတွေကို သင်္ချာပညာအခြေခံနဲ့ မြန်မာစာပေကို သင်ပေးသင့်တယ်လို့ လှုံ့ဆော်လာတယ်။ ပထမငယ်အကြိုတန်းဆိုတဲ့

သင်ရိုးဘစ်ခုထားပြီး အဲဒီဘာသာတွေကို သင်ပါလို့ ပြောပါတယ်။ အဘယာရာမဆရာတော်၊ ပခုက္ကူဆရာတော်နဲ့ ဘုန်းကြီးတို့က ဦးတည်ပြီး ဒီကိစ္စကို တင်ပြဆွေးနွေးတယ်၊ ပြင်းပြင်းထန်ထန် ကန့်ကွက်ကြလို့ ဒီကိစ္စကို လက်လျှော့ခဲ့ရတယ်။ မန္တလေးမှာ ကျင်းပမြဲဖြစ်တဲ့ စာချတန်းစာမေးပွဲ မေးခွန်း ထုတ်ပါလို့ တစ်ခါ ခိုင်းတယ်။ ဘုန်းကြီးရဲ့ မေးခွန်းက အထက် ထုတ်ဖူးခဲ့တဲ့ မေးခွန်းပုံစံနဲ့ သိသိသာသာ ခြားနား ကွဲပြားပါတယ်။ ပြဋ္ဌာန်းစာအုပ်ထဲက ဝေါဟာရ၊ စကားစုနဲ့ အမည်ဆယ်မျိုးကို ရွေးပြီး ဒါတွေကို တစ်ခုချင်း သင့် မသင့် ဆွေးနွေးပါ၊ ရှင်းပါ၊ အကျယ်ချဲ့ပြောပါ၊ ပြန်ပြီး သုံးသပ်ပါလို့ ခိုင်းတယ်။ စာမေးပွဲဖြေဆိုသူဟာ ပြဋ္ဌာန်းစာအုပ်ကို အကျေအညက် နားလည်သလားဆိုတာကို စမ်းတဲ့ မေးခွန်းတွေပဲ ဖြစ်ပါတယ်။ စာဖြေသူက ပြဋ္ဌာန်းစာအုပ်ကို လေ့လာမထားရင် ဒီမေးခွန်းမျိုးကို ဖြေနိုင်မှာ မဟုတ်ပါ။

အရင် မေးခွန်းတွေကတော့ အကြောင်းအရာ တစ်ခုတည်းကို စွဲပြီး ပြောခိုင်းတာ ဖြစ်လို့ (တွေးတော ကြံဆဖို့ မလိုဘဲ အဖြေပေးနိုင်တာမျိုးပဲ ဖြစ်တယ်) ဘုန်းကြီးရဲ့ မေးခွန်းမျိုးက စာစစ်အဖြစ် ခန့်ထားသူအဖို့တောင် ခက်တဲ့ မေးခွန်းမျိုး ဖြစ်နေတယ်။ အဲဒါနဲ့ ဒီလို မေးခွန်းမျိုးကို ဆက်ပြီး မထုတ်တော့ပါ။ ဘုန်းကြီးမေးခွန်းက

(၁) အခက်ကြီး မဟုတ်သလို အလွယ်ကလေးလို့လဲ ပြောမရပါ

(၂) မေးခွန်းကို အာစရိယဝါဒအရ ဖြေလို့လဲ အံကျမဖြစ်၊ အတ္တနောမတိ (ကိုယ့်ဘာသာ ကြံဆပြီး) ပြောလို့လဲ မရပါ

ဘုန်းကြီး အယူအဆက ဆရာစဉ်ဆက် ပြောသမျှကို မှီးပြီး ဖြေခိုင်းရင်လဲ စာဖြေသူကို မတရား ညှဉ်းရာရောက်တယ်လို့ ထင်မိတယ်။ နောက်ဆုံး သဘောထား ဖြစ်ပေါ်လာတာတော့ ဘုန်းကြီးကို စာစစ်အဖွဲ့က ထုတ်လိုက်ကြတာပဲ ဖြစ်ပါတယ်။

၁၉၄၀ ကျော်က စပြီး ဆယ်နှစ်အတွင်းမှာ ဘုန်းကြီးက စာချဘုန်းကြီး၊ တိုက်အုပ်ဘုန်းကြီး၊ နိကာယ ဂိုဏ်းလုံးကျွတ် အစည်းအဝေးကြီး အတွင်းရေးမှူး၊ လောကုတ္တရာကျမ်းတွေကို ပြုစုရေးသားသူဆိုတဲ့ အလုပ်ကြီးတွေကို ဒိုင်ခံ လုပ်ခဲ့တော့ စာပုံနှိပ်တိုက်ကို နေ့စဉ်သွားပြီး စာပြင်တဲ့ အလုပ်ကို မလုပ်နိုင်တော့ပါ။ အစ်မလေးကို တစ်ပတ်နွမ်း ပုံနှိပ်စက်ကလေးတစ်လုံး၊ စာစီခွက်၊ ခဲစာလုံးပုံ ဆိုတဲ့ သက်ဆိုင်ရာ အပိုပစ္စည်းတွေလဲ ဝယ်ပေးပါလို့ ခိုင်းရတယ်။ ဒီလိုနဲ့ ကျောင်းတိုက် စာအုပ်ထုတ်ဝေရေးမှာ အစ်မလေးက လုပ်ငန်းမန်နေဂျာ (ငွေကြေးအစီအမံ တာဝန်ခံ) ဖြစ်လာပါတယ်။ ဦးမောင်ကြီး၊ မောင်ထွန်းနဲ့ မောင်ဖြေတို့က ဝိုင်းဝန်း ကူညီကြတယ်။ ဦးမောင်ကြီးက စက်ဆရာ၊

နောက်နှစ်ယောက်က စာစီသမားတွေ ဖြစ်ပါတယ်။ လခကို သူတို့က ဒါလောက်ရရင် တော်ပါပြီ ဆိုတဲ့အတိုင်း ပေးတယ်။ သင့်တင့်လျောက်ပတ်တဲ့ လစာဖြစ်လို့ နှစ်ဦးနှစ်ဖက် ကျေနပ်ပါတယ်။ လုပ်ငန်းစီမံတဲ့ဘက်မှာလဲ အစ်မလေးကို မောင်ဝမ်းကွဲဖြစ်တဲ့ မောင်ကျော်ရယ်၊ ဘုန်းကြီးရဲ့တူ မောင်အောင်ခန့်ရယ် ကူညီပါတယ်။ ကျောင်းနားက အိမ်တစ်လုံးမှာ ပုံနှိပ်စက်ကို ထားတယ်။

အဲဒီတုန်းက အဘယာရာမ ဆရာတော်က မော်လမြိုင်မှာ သွားပြီး သီးတင်းသုံးနေပါတယ်။ ဆရာတော်လဲ ကျမ်းရေးပြီး ပုံနှိပ်ဖူးလို့ ဘုန်းကြီးတို့ စာပုံနှိပ်စက်ထောင်တာကို သဘောပေါက် နားလည်မှာပါ။ အဲဒါအပြင် ဒီကျမ်းစာတွေအပေါ်က အမြတ်အစွန်းကို စားသုံးဖို့ လုံးဝ မျှော်လင့် တောင့်တချက် မထားပါ။ (ဝင်ငွေဟာ တစ်အုပ်ပြီးတစ်အုပ် ဆက်တိုက်ထွက်ဖို့ အရင်းအနှီးသာ ဖြစ်ပါတယ်။) ပြီးတော့ ဒီကျမ်းစာအုပ်တွေဟာ စာသင်သားအတွက် မိုငြမ်းပြုဖို့ဖြစ်လို့ သိပ်ပြီး ရောင်းစွံတာတွေ မဟုတ်ပါ။ တစ်ကြိမ် ပုံနှိပ်ပြီးရင် ရောင်းကုန်ဖို့ သုံးလေးနှစ် စောင့်ရတယ်။ (တစ်မျိုးပြောရင် နောက်တစ်ကြိမ် ပြန်ပုံနှိပ်ဖို့ နှစ်နှစ်က သုံးနှစ်အထိ စောင့်ဆိုင်းရတယ်)။ ရှင်းရှင်းပြောတော့ ဘုန်းကြီးကျမ်းပြုဆရာဟာ အဖွဲ့အစည်းတစ်ခု ဒါမှ မဟုတ် မမွေဒါနလုပ်လိုသူ တစ်ဦးဦးဆီက ပံ့ပိုးငွေ၊ အလှူငွေမရဘဲ ကျမ်းကို ပုံမနှိပ်နိုင်ပါ။

အခုလို ပုံနှိပ်စက် ဖြစ်ပေါ်လာတယ်ဆိုတာနဲ့ တစ်ပြိုင်နက် ဘုန်းကြီးကို စီးပွားရေးသမား၊ ချမ်းသာရင် လူထွက်တော့မှာလို့ ပြောလာကြတယ်။ ဒါဟာ မဖြစ်နိုင်တာကို ပြောကြတာပါ။ ရေးတဲ့ကျမ်းက ပုဒ္ဓတရားတော်ကို လူသိများဖို့ လုပ်တာဖြစ်တယ်။ အဲဒီလိုမဟုတ်ဘဲ ငွေများဖို့ (ငွေရှာတယ်) ဆိုရင် ဝိနည်းတော်ကို ချိုးဖောက်တာ ဖြစ်သွားလို့ မူလရည်မှန်းချက်ကို ရောက်ပါတော့မလား။ ဘုန်းကြီးအနေနဲ့ ဝိနည်းတော်ကို မလျှော့၊ ဘယ်တော့မှ လူမထွက်၊ ခိုင်ခိုင်မာမာ ဆုံးဖြတ်ပြီးဖြစ်တယ်။ အဘယာရာမ ဆရာတော်ဆီကို ဒီဘုန်းကြီး ထင်သလောက် မကောင်းဘူးဆိုတဲ့ ပစ်စာတွေ ရောက်တယ်။ ဆရာတော်က သူများ အပြောလွတ်အောင် နေလို့ပဲ သတိပေးစကား ပြောပါတယ်။

အဘယာရာမ ဆရာတော်က ရွှေကျင်ဂိုဏ်းရဲ့ နာယကဖြစ်လို့ ဝိသုဒ္ဓါရုံတိုက်ဘက်ကို ရွှေ့နေရတော့ ဘုန်းကြီးကို အဘယာရာမကျောင်းတိုက်မှာ အကြီးအကြပ်အဖြစ် တာဝန်လွှဲခဲ့တယ်။ လူတွေက ဘုန်းကြီးကို ကိုယ်ကျိုးအတွက် ပုံနှိပ်စက်ထောင်တယ်လို့ ပြောလာကြတဲ့အခါ၊ ငါတော့ ဒီနေရာက ထွက်ခွာသင့်ပြီလို့ ဆုံးဖြတ်ပါတယ်။ ရဟန်း သုံးလေးပါးနဲ့ ကမ္မဋ္ဌာန်းစခန်းမျှသာရှိတဲ့ အမရပူရ မဟာဂန္ဓာရုံကို ပြောင်းမယ်။ ဒီနေရာက ဘုန်းကြီးရဲ့ အမရပူရ ရဟန်းဒါယိကာမက မ,တည်ပြီး

ထူထောင်ထားတယ်။ အစ်မလေးနဲ့ အတိသုခ ဆရာတော်ကို အကျိုးအကြောင်း ဖွင့်ဟတိုင်ပင်တော့ ဒီအတိုင်း လုပ်ပါလို့ ထောက်ခံကြတယ်။ အဘယာရာမကို စွန့်တော့မယ်လုပ်တော့ (ဝိသုဒ္ဓါရုံတိုက်) သံတော်ဆင့်ဆရာတော်က တားတယ်။ (နောင် မဟာရဋ္ဌဂုရုဖြစ်မယ့်) ပခုက္ကူဆရာတော်က မန္တလေးလာရင်း ဘုန်းကြီးဆီမှာ တစ်ညလာအိပ်တယ်။ အဲဒီအခါ ဘုန်းကြီးက ဘာ့ကြောင့် အဘယာရာမတိုက်ကို စွန့်ရတယ်ဆိုတဲ့အကြောင်း ကို ရှင်းပြတော့ ဘာမျှ မပြောဘဲ နားထောင်နေတယ်။ ကျောင်း အမကြီးလာပြီး အမိလို သဘောထားပြီး ပြောတာကို စိမ်းကား တယ်လို့ မထင်နဲ့လို့ ရှင်းတယ်။

စည်ရှင်ဆရာတော်က 'ဦးဇနကလို စွယ်စုံပုဂ္ဂိုလ် ရှားတယ်' လို့ ဝမ်းနည်းစကား ပြောပါတယ်။ ဝိဇ္ဇာလင်္ကာရဆရာတော်က "ထွက်သွားတော့မှာ သေချာပြီပေါ့"လို့ မိန့်တော်မူတော့ 'သေချာ တယ်၊ မန္တလေးပြန်လာရလို့ ရှိရင်တောင် ဝိသုဒ္ဓါရုံကိုပဲ လာတော့ မယ်' လို့ လျှောက်ခဲ့တယ်။ တိုက်က ထွက်တဲ့နေ့ မန္တလေး အဘယာရာမ ဆရာတော်ဆီကို အမရပူရ ပြောင်းရွှေ့ကြောင်း စာတစ်စောင် ရေးပြီး မှတ်ပုံတင်နဲ့ စာတိုက်က ထည့်လိုက်ပါ တယ်။ ရဟန်းတစ်ပါး၊ ကိုရင် နှစ်ပါးက အမရပူရကို ရွှေ့ပြေး သွားနှင့်တယ်။ အဲဒီရဟန်းက (စာအုပ်၊ စာအုပ်စင်၊ စားပွဲ၊ ကုလားထိုင် စတဲ့) ကိုယ်ပိုင်ပစ္စည်းတွေကို နွားလှည်းငါးစီးနဲ့

တင်ယူသွားတယ်။ ဘုန်းကြီးကတော့ လူစီးဘတ်စ်ကားနဲ့ သွားတယ်။ အထွက်မှာ နှုတ်ဆက်မယ့်လူ မရှိသလို အဝင်မှာလဲ ကြိုဆို နှုတ်ဆက်မယ့်လူလဲ မရှိပါ။

အမရပူရမှာ အတိသုခဆရာတော်နဲ့ ဆွမ်းအတူစားတယ်။ ဝါဝင်ခါနီးကျတော့ အရဏ်ဆွမ်းကို တပည့်ဘုန်းကြီးတွေနဲ့ စားတယ်။ အစုစု ခုနစ်ပါး ရှိတယ်။ ပြီးတော့ ဆွမ်းခံထွက်တယ်။ နေထိုင်ဖို့ အုတ်တိုက်နှစ်တိုက်ကို အသက်အရွယ် ကြီးရင့်ပြီဖြစ်တဲ့ ဆရာတော်ကြီး နှစ်ပါးဖို့ ချန်ထားပြီး ကျောင်းဟောင်းတစ်ခုမှာ ဦးကောဏ္ဍညနဲ့ ဘုန်းကြီးက နေတယ်။ မြေညီထပ်မှာ စာချတယ်၊ တစ်ပိုင်းကို ထရံကာပြီး ဘုန်းကြီးအတွက် စာကြည့်ခန်း လုပ်လိုက်တယ်။ ပုံနှိပ်စက်ကို ပထမ လက်ဆည်ကန်မှာ ထားတယ်။

အရှေ့ပိုင်း စစ်ကြီး ကြေညာလိုက်တဲ့အခါ အမရပူရကို ရွှေ့တယ်။ ဒါတွေက ၁၉၄၁ မှာ ဖြစ်တာ။ အဲဒီနှစ် ဇွန်လ ရောက်တော့ ဘုန်းကြီး အမရပူရမှာ ဝါဆိုပါတယ်။ အမရပူရက လူတွေ စစ်ရှောင်တယ်ဆိုပြီး မြို့ပေါ်က ထွက်ကြတဲ့အခါ ဘုန်းကြီးက မထွက်ဘဲ ဆက်နေတယ်။ ကုလားစစ်ပြေးတွေ ရာလိုက်ထောင်လိုက်ချီပြီး ကျောင်းနားမှာ လာစခန်းချကြတယ်။ ဘုန်းကြီးတို့က သူတို့ကို တတ်နိုင်သမျှကူညီပါတယ်။ နောက်ဆုံးကျန်တဲ့ ရဟန်းနှစ်ပါးပါ ကိုယ့်ရွာကိုယ် ပြန်ကြတော့ ဘုန်းကြီးက

ဆည်ရွာမှာ ရွှေ့နေတယ်။ ဂျပန် ဝင်လာပြီး အုပ်ချုပ်ရေးကို စ,ထိန်းသိမ်းပြီဆိုတော့ ဘုန်းကြီး အမရပူရကို ပြန်လာတယ်။ အမရပူရ ဂန္ဓာရုံထဲမှာ စစ်ပြေး ဒုက္ခသည်တွေ အများကြီး ဝင်နေကြတာ တွေ့ရပါတယ်။ မဟာမိတ်တပ်က စပြီး ဗုံးကြဲတော့ နေရာမလွတ် ကြဲမယ်ဆိုတာ သိပါရဲ့။ အဲဒီလိုဆိုရင် တခြားနေရာသွားပြီး ရှောင်ဖို့ မလို၊ နေမြဲနေမယ်ဆိုပြီး နေပါတယ်။ တစ်ခါက အမရပူရမှာ ဂျပန်တပ် ထောင်နဲ့ချီပြီး နေသွားတယ်။ မဟာမိတ်ကလဲ တစ်နေ့တည်း ခုနစ်ခါလာပြီး ဗုံးကြဲတဲ့ရက်လဲ ရှိတယ်။ ဗုံးခိုကျင်းတွေလဲ အများကြီး ရှိတယ်။ ရန်သူလာပြီလို့ အချက်ပေး ဥသြမှုတ်ရင် အများသူငါကို ဝင်ကြ ဝင်ကြ ခိုင်းပြီးမှ ဘုန်းကြီးက နောက်ဆုံးဝင်တယ်။ တစ်ခါတလေ စာရေးမပျက် ရေးတယ်။ ကျင်းထဲ မဝင်ပါဘူး။

သာသနာ့ဝန်ကို ထမ်းဆောင်ဖို့ ကံရှိရင် အသက်အတိုင်း နေရမှာပဲလို့ ယုံကြည်ထားတော့ ဗုံးဒဏ်ကို သိပ်ပြီး မမှုချင်ဘူး။ အဲဒါအပြင် ဒီသက်န်းကို သိပ်ခင်တွယ်တယ်။ သက်န်းချွတ်ပါ၊ မချွတ်ရင် သတ်မယ်ဆိုတောင် မချွတ်ဘူး၊ အသေခံမယ်လို့ ဆုံးဖြတ်ပြီး ဖြစ်ပါတယ်။ တစ်ခါက ဆရာတော်ကြီးတွေနဲ့ ဆုံတုန်း ဘုန်းကြီးက "ရွှေကျင်ဂိုဏ်းကို တည်ထောင်ကာစလို 'သန့်ရှင်း'စေချင်တယ်"လို့ လျှောက်တဲ့အခါ 'ဘုန်းကြီးအရေအတွက် မများစေနဲ့' လို့ အဖြေထွက်တယ်။ ဆိုလိုတာက

ဘုန်းကြီးမစစ်တာတွေ ရှိနေပြီ။ ဖယ်ရှားပစ်ရမှာပဲပေါ့။ ဘုန်းကြီးကိုယ်တိုင်ကတော့ ဒီသက်န်းကို မစွန့်ဘူး၊ သက်န်းကြောင့် သတ်မယ်ဆိုရင်လဲ အသေခံမယ် ပြောပြီး ဖြစ်တယ်။ အဘယာရာမ ဆရာတော်လဲ ဒီအတိုင်းပဲ အဓိဋ္ဌာန်ရှိတယ်လို့ သိရပါတယ်။ ဗုဒ္ဓသာသနာကို အများဆုံး ကြီးပွားရှင်သန်စေချင်တယ်။ သက်တော် ခြောက်ဆယ့်ငါး၊ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ပျံလွန်တော်မူသွားတယ်။ ဂျပန်လက်နက်ချပြီး စစ်ကြီးပြီးတယ်။

သခင်ထိန်ဝင်းက မြောင်းမြဆရာတော်နဲ့ ကျွန်းကုန်းဆရာတော်နှစ်ပါးကို ပင့်ပြီး ၂၆ ဒီဇင်ဘာ ၁၉၄၅ မှာ ဘုန်းကြီးဆီကို ရောက်လာတယ်။ ဗုဒ္ဓဘာသာဝင် မဟုတ်တဲ့ နိုင်ငံခြားသားတွေ လက်အောက်မှာ သာသနာတော် ဘယ်လို ဖြစ်မလဲလို့ စိုးရိမ်ပူပန်ကြပါတယ်။ သူတို့က ဘုန်းကြီးမှာ အဲဒီ အန္တရာယ်ကို ဘယ်လို ကာကွယ်မလဲလို့ စဉ်းစားပြီး ရှိမယ်လို့ ထင်ကြတယ်။ ဘုန်းကြီးသာ အသောကလို၊ ဒုဋ္ဌဂါမဏိမင်းလို အာဏာပိုင်ရင် အနေအထိုင် မဆင်ခြင်တဲ့ ဘုန်းကြီးတွေကို အရင်ရှင်းမယ်။ အနာဂတ်သာသနာရေးဆိုတဲ့ အမည်နဲ့ စာတစ်အုပ်ရေးအုံးမယ်။ အဆင်အခြင် မရှိ၊ ကြမ်းမယ်၊ ရမ်းမယ်လို့ မဆိုလိုပါ။ အကျိုးအကြောင်း ယှဉ်ပြီး ဆင်ခြင် ညှိနှိုင်းမယ်။ အဲဒါတောင် ဘုန်းကြီးကို မလိုတဲ့ ရဟန်းတွေက ကွန်မြူနစ်လို့ စွပ်စွဲတယ်။

အဲဒီအခါလောက်က စပြီး ဘုန်းကြီးက မတ်တတ်ရပ်ပြီး စာရေးပါတယ်။ ဒီအတောအတွင်းမှာ စာရိတ္တ မြင့်တင်ရေး

လုပ်ငန်းမှာ ပါဝင်ခဲ့တယ်။ ဘုန်းကြီးကို စာသင်ကျောင်းတွေက ကလေးတွေကို စာရိတ္တ ဂရုစိုက်ကြဖို့ ဟောပြောဆုံးမပေးပါလို့ လျှောက်ထားတောင်းပန်ကြလို့ တနင်္ဂနွေနေ့တိုင်း မိန်းကလေးကျောင်းတွေမှာ အချိန်အတော်ကြာ သွားပြီး ဆုံးမစကား ပြောပါတယ်။ ဘာကို ဆုတောင်းရမလဲ မေးရင် ဘုန်းကြီးအဖြေက လွယ်ပါတယ်။ ‘လိုတာရှိရင် ရအောင် ကိုယ်တိုင်ကိုယ်ကျ လုပ်ယူရတယ်’ဆိုတာ အဖြေပါပဲ။

အမရပူရ ဂန္ဓာရုံရဲ့ စစ်မဖြစ်မီက မူလအဆောက်အအုံ ဘာတစ်ခုမှ မကျန်။ စစ်အတွင်းမှာ ဆုံးရှုံးကုန်ပါတယ်။ အားလုံး အသစ် ပြန်ထူထောင်ရပါတယ်။ ရဟန်းပရိသတ်များလာတော့ နေစရာ ကျောင်းလိုတယ်။ လူထွက် ဒကာကြွယ်က လက်သမားတတ်တော့ သူ့ကိုပဲ ခိုင်းရတယ်။ မဝတ်ရက်ဘဲ သိမ်းထားတဲ့ ၁၅ ခန်း သင်္ကန်းကြီးကို ရသလောက်နဲ့ ရောင်းပြီး သံဝယ်ရတယ်။ စာသင်ရဟန်းတွေက သူတို့ လုပ်တတ်သမျှ ဝိုင်းပြီး လုပ်ပေးကြလို့ တဲတွေ ဖြစ်လာတယ်။ နောက် ကျောင်းအမက သစ်သားဘောင်မှာ အုတ်သွင်းပြီး နှစ်ထပ်တိုက်တစ်လုံး ဆောက်ပေးလို့ အားလုံး အဆင်ပြေသွားတယ်။ နံနက် အရုဏ် အတွက် အစ်မလေးက ချက်ပေးတယ်။ နေ့ဆွမ်းအတွက် ဟင်းနှစ်မည်လဲ ချက်ပေးတယ်။ ပုံနှိပ်ဖို့ စက္ကူဈေး ကြီးမြင့်တာနဲ့ စာအုပ်ပုံနှိပ်လုပ်ငန်းကို ခေတ္တ ပိတ်ထားရတယ်။ ဦးဣန္ဒောဘာသရဲ့ ဇာတိ သရက်ချိုနဲ့ ကျောက်ကုန်းရွာတွေက ဆန်နဲ့ပဲ

လှူတယ်။ ဦးကဝိန္ဒ၊ ဦးစန္ဒောဘာသ၊ ဦးကုဏ္ဍလာဘိဝံသတို့ ရွာတွေက လှူတဲ့ ဆီလဲ အတော်များပါတယ်။ တချို့စာသင်သား တွေဆီက ဆန်၊ ဆီ၊ ပဲပါ ရတတ်ပါသေးတယ်။ နေ့စဉ် အာဟာရ ဖြစ်ဖို့က ဒါတွေနဲ့ပဲ လုံလောက်နေပါပြီ။ ဘုန်းကြီးဆန္ဒက စာသင် သားကို ဆွမ်းကျွေးထားချင်တယ်။ ဘုန်းကြီးရေးတဲ့ 'အနာဂတ် သာသနာ'နဲ့ 'ဘာသာသွေး' စာအုပ်တွေမှာ ဒီကိစ္စကို ခပ်စုံစုံ ဆွေးနွေးထားပါတယ်။ အပြန်အလှန် ငြင်းစရာတွေ ရှိပါတယ်။ အခုတော့ ဘာမျှ ဆက်မပြောချင်တော့ပါ။

ကျောင်းတိုက်ကြီးတစ်ခု ထူထောင်ထိန်းသိမ်းရေးတာဝန် ဟာ အင်မတန် ကြီးပါတယ်။ ဘုန်းကြီးတို့လဲ ဒီကိစ္စကို အချိန် ပြည့် လုပ်နေပါတယ်။ နောက် ဆက်လုပ်ရမှာက စေတီနဲ့ဘုရား ကျောင်းကို ကြည်ညိုဖွယ် လုပ်ရပါအုံးမယ်။ ကိုယ်တိုင်ကိုယ်ကျ ငွေစုပြီး လုပ်မယ်။ ဦးကာက က ဝတ်တက်ဆောင် နှစ်ဆောင် ဆောက်ပေးတယ်။ ကျောင်းသံဃာ တစ်ရာက နှစ်ရာထိ တိုး ပွားလာတယ်။ သုံးရာ ဖြစ်လာတယ်။ အဲဒီလိုဆိုရင် တာဝန်က နှစ်ဆက သုံးဆဖြစ်ပြီပေါ့။ သန့်ရှင်းရေးပြဿနာလဲ အလားတူ အရေးပါတယ်။ ကြီးထွားလာတယ်။ ရေချိုးခန်းနဲ့ အိမ်သာ ထပ် လိုလာပြန်တယ်။ ထန်လက်မိုး ဝါးတဲတွေ ယာယီ ဆောက်ပေး လိုက်တယ်။

ဘုန်းကြီးဝါဒက 'တစ်အိုးတည်းစား တဩဇာတည်းခံ' ဖြစ် ပါတယ်။ ဘုန်းကြီးမှာ နဝကမ္မရတဲ့ ကိုယ်ပိုင်[illegible]သင့်အတင့်

ရှိတယ်။ ဦးကျော်ဝင်းက ငွေထိန်းပါ။ စားသောက်ဖို့နဲ့ နေထိုင်ဖို့ လှူသမျှနဲ့ မလောက်ဘူး။ ငွေလိုမယ်ဆိုရင် ဦးကျော်ဝင်းက လိုသမျှ ဖြည့်စွက်ပေးလိုက်ရင် ဟန်မပျက် ဆက်ပြီး နေထိုင် စားသောက်လို့ ဖြစ်တယ်။ နေ့စဉ် ဆွမ်းနဲ့ ဟင်းခွက် တစ်မျိုး နှစ်မျိုး၊ ထင်း၊ ရေ၊ ညနေ ဖျော်ရည်အတွက် ထန်းလျက် အစုစု အတွက် သံဃာ တစ်ရာကို ငွေတစ်ထောင် ကုန်တယ်။ ဒီ တွက်ခြေဟာ လိုသမျှ အားလုံး ဝယ်ရမယ်ဆိုတဲ့ အနေနဲ့ တွက်ပြ တာ ဖြစ်တယ်။ စာသင်တပည့်တွေရဲ့ မိဘဆွေမျိုးက ထောက်ပံ့ တာ၊ အလှူရှင်တွေက လှူကြတာကလဲ မနည်းလှပါ။ စီမံခန့်ခွဲ ရတဲ့ အလုပ်က မသက်သာဘူး။ ဘုန်းကြီးရော၊ လက်ထောက် တပည့် ကြီးတွေရော နားရတယ် မရှိပါ။ ဒီကရတဲ့ အကျိုးကျေးဇူး ကလဲ ကြီးမားပါတယ်။ ဒါကြောင့် ပင်ပန်းပေမယ့်လဲ ဆက်လုပ် နေကြတာ ဖြစ်ပါတယ်။

(၁) ဆရာတပည့် အားလုံး အတူနေ၊ အတူစား၊ အားလုံး မိသားစုကြီးလို ဖြစ်ပါတယ်။

(၂) အပြန်အလှန် ကူညီရိုင်းပင်းကြလို့ ကျောင်းတိုက်ဝင်း ကြီးအတွင်းမှာ သန့်ရှင်းသပ်ရပ် သာယာနေပါတယ်။ စာသင်ကြား ပို့ချရာမှာလဲ ဘာအနှောင့်အယှက်မှုမရှိ

(၃) ရဟန်း အကြီးအငယ် တစ်ဦးစီမှာ လှူမယ့်လူ ရှိရင် ရှိသလို ရသမျှကို သံဃိကသတ်မှတ်ပြီး ထားလိုက် တော့ 'တစ်ယောက်အတွက် အများ၊ အများအတွက်

တစ်ယောက်'ဆိုတဲ့ ဆောင်ပုဒ်ဟာ တကယ်ပဲ အုံ့ဩစရာကောင်းလောက်အောင် အောင်မြင်လာပါတယ်

(၄) စာအံကြရာမှာလဲ အသံကို တိုးခိုင်းထားလို့ အနီးဝန်းကျင်မှာ အနှောင့်အယှက်မရှိ ငြိမ်သက်နေတယ်

(၅) ကျန်းမာရေးမှာ နာဖျားသူရှိရင် အချင်းချင်း ပြုစုရတယ်၊ ရောဂါကြီးရင် လူနာထားဖို့နေရာ သီးခြားထားပြီး ကြင်နာယုယ ကုသပေးကြတယ်

နေ့တိုင်း ဘုန်းကြီးက သုတ္တန်တရားတော်က ကောက်နုတ်ချက်တွေနဲ့ စာသင်သားတွေကို ဆုံးမဩဝါဒပေးတယ်။ အသက်ငါးဆယ် မပြည့်မီကဘဲ ဘုန်းကြီးလုပ်ချင်တဲ့ သာသနာ့တာဝန်တွေကို အသင့်အတင့် အောင်မြင်ပြီလို့တွေလို့ ဝမ်းသာကျေနပ်ရပါတယ်။


## ငါးဆယ်က ခြောက်ဆယ်ထိ (၂၉၀-၃၀၂)

၁၉၅၀ ကျော် နှစ်တွေမှာ အရင်ကထက် အတိုက်အခံကို ပိုပြီးတွေ့ရပါတယ်။ ဝိနည်းကို လိုက်နာတဲ့ နေရာမှာ ရှေးကထက် လျော့တယ်လို့ မရှိပါ။ စည်းကမ်းကြီးလွန်းလို့ ရွှေကျင်ဘုန်းကြီးထဲကပဲ အတိုက်အခံတွေ ပေါ်လာတယ်။ ဥပမာတချို့ကို တင်ပြပါမယ်။ စစ်ကိုင်း မဟာဂန္ဓာရုံမှာ နှစ်စဉ် ဝိနည်းစာပြန်ပွဲလုပ်တယ်။ အဲဒီမှာ အမရပူရ မဟာဂန္ဓာရုံကလဲ ငါတို့

မဟာဂန္ဓာရုံအချင်းချင်းဆိုပြီး ဝင်ရောက် ဖြေဆိုခွင့်ရတယ်။ မကြာခင် အမရပူရ စာသင်သားကို ဝင်ရောက် ဖြေဆိုခွင့် မပေးတော့ဘူး။ ဘာပြုလို့လဲဆိုတော့ ဆုတွေ အများကြီး အမရပူရကျောင်းက ဆွတ်ခူးသွားတာ မနာလိုလို့တဲ့။ ဒါမျိုးကို ဘုန်းကြီးစိတ်မှာ နည်းနည်းမှ အနှောင့်အယှက် မဖြစ်ဘူး။ ဒါပေမဲ့ ငါ့ကြောင့် ငါ့လူတွေ ခံရတယ် ဆိုပြီး စိတ်မကောင်း ဖြစ်ရပါတယ်။ ဒီမှာလဲ အလားတူ စာမေးပွဲ လုပ်ပါလားလို့ အကြံဉာဏ်ပေးကြပါတယ်။ ဒါကိုတော့ မလုပ်နိုင်ပါ။ လာဘ်ကို မျှော်ပြီး ဘာလုပ်လုပ် ဝိနည်းတော်က ခွင့်မပြုပါ။

စာရိတ္တအရာမှာ စစ်ပြီးကတည်းက လူကြီးလူငယ် ဘယ်အရွယ်ဖြစ်ဖြစ် ကျဆင်းညံ့ဖျင်းသွားတာ အမှန်ပါ။ အစိုးရကလဲ အဖွဲ့ဖွဲ့ပြီး စာသင်ကျောင်းတွေမှာ စာရိတ္တကျဆင်းတာကို ဟန့်တားနိုင်သမျှ ဟန့်တားဖို့ ကြိုးစားစမ်းပါလို့ တာဝန်ပေးပါတယ်။ ရဟန်းအဖွဲ့ထဲမှာ ညောင်ရမ်းဆရာတော်၊ ရန်ကုန် ကျောင်းတော်ရာတိုက် မန်းဦးဆရာတော်၊ ရန်ကုန် ဘုရားကြီးဆရာတော်နဲ့ ဘုန်းကြီးလဲ ပါတယ်။ ဦးသိမ်းမောင်က ကော်မတီရဲ့ ဥက္ကဋ္ဌဖြစ်ပါတယ်။

စာသင်ကျောင်းမှာ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းနဲ့ စတုတ္ထတန်းအတွက် ဗုဒ္ဓဘာသာသင်ခန်းစာ လေးအုပ်ဘုန်းကြီးကို ရေးပေးဖို့ တာဝန်ပေးပါတယ်။ ရန်ကုန် တရား



သက်တော် ၅၂ နှစ်အရွယ်
အရှင်နေကာဘိဝံသ
လွတ်တော်မှာ အစည်းအဝေးတက်ဖို့ ရန်ကုန်ကို လေယာဉ်နဲ့
သွားပြီး ဗုဒ္ဓဘာသာသင်ခန်းစာ ရေးဖို့ အမရပူရကို ပြန်ခဲ့တယ်။

ဗုဒ္ဓတရားတော်ကို ပြန့်ပွားအောင်လုပ်ဖို့ ဘုန်းကြီးမှာ စိတ်ကူးရှိပြီးသား ဖြစ်လို့ ကျမ်းစာအုပ်တွေ ထွက်အောင် လုပ်ခဲ့ရပါတယ်၊ ကိုယ်တိုင်လဲ ဗုဒ္ဓကျောင်းကောင်းကြီးတစ်ခု ထူထောင်ပြီး နည်းစနစ်ကောင်းနဲ့၊ ရည်မှန်းချက် အပြည့်နဲ့ လုပ်ဖြစ်နေပါတယ်။ ဒါကြောင့် အခုပေးအပ်တဲ့ တာဝန်ကို ကောင်းကောင်း ဆောင်ရွက်နိုင်ပါတယ်။ ဒီတော့ ကျမ်းပြု၊ ဉာဏ်ပူဇော်ခ ငွေကျပ် ၁,၅၀၀ ထုတ်ပေးတော့ မယူပါလို့ ငြင်းခဲ့တယ်။

သင်္ဂါယနာတင်ပွဲကို (၁) ရဟန်းသံဃာ သန့်စင်ရေးနဲ့ (၂) ပိဋက တည်းဖြတ်ရေးအတွက် ခေါ်သင့်တယ်လို့ အနာဂတ်သာသနာမှာ ရေးခဲ့ဖူးပါတယ်။ ဆဌသင်္ဂါယနာပွဲ အစီအစဉ်ကို ကြေညာတဲ့အခါ ပိဋက တည်းဖြတ်ရေးသာ ပဓာနထားတာတွေ့ရလို့ ဘုန်းကြီးက ဒီကိစ္စမှာ ပါဝင်ဆောင်ရွက်ဖို့ သိပ်စိတ်မပါတော့ဘူး။ နောက် ဦးလှက ဆက်သွယ်ပေးလို့ ဝန်ကြီးချုပ်နဲ့ တွေ့တဲ့အခါ ရဟန်းသံဃာ သန့်စင်ရေးလဲ သိပ်လိုအပ်နေတယ်ဆိုတာ ပြောပြမိတယ်။ 'အဲဒါ အခုလုပ်မယ်လေ'လို့ ဝန်ကြီးချုပ်က ပြောတော့ 'အခွင့်အရေးကောင်းကြီး လွတ်ခဲ့ပြီ။ နောက်တစ်ခါ ကြုံကြိုက်ဖို့ စောင့်သင့်ပါတယ်'လို့ ပြောခဲ့ရတယ်။ ဝိနည်းကျိုးပေါက်လို့ စစ်ဆေး ဆုံးဖြတ်တဲ့ ဝိနိစ္ဆယကိစ္စမှာ ရွှေကျင်ဂိုဏ်းအတွက် သီးခြားဌာန ဖွင့်ပေးဖို့တော့ ဘုန်းကြီးဆောင်ရွက်ပါတယ်။ (ရွှေကျင်ဂိုဏ်းသဘောကျ ဝိနိစ္ဆယစာတမ်းကို ရေးဖို့

တာဝန်ပေးကြလို့ ဘုန်းကြီးရေးပြီး စာအုပ်အဖြစ် ပုံနှိပ်ပါတယ်။ တစ်ဘ၀၊ ၃၀၀) ပါဠိတက္ကသိုလ်ကို တည်ထောင်ကြဖို့ အနာဂတ် သာသနာကျမ်း (၁၉၄၇)မှာ ဘုန်းကြီးပဲ စပြီး အကြံဉာဏ်ပေး ခဲ့ပါတယ်။ ပါဠိတက္ကသိုလ် ဖြစ်မြောက်ရင် အသစ်တီထွင်ဖို့ ဘာတွေ ရှိသလဲ ဆိုတာလဲ စာရင်းလုပ်ပြီး တင်ပြခဲ့ပါတယ်။

(၁) ပါဠိတက္ကသိုလ်ရဲ့သင်နည်းကို ခေတ်မီအောင် အသစ် ပုံစံ ချသင့်ပြီ ·

(၂) ပါဠိတက္ကသိုလ်ကို အုပ်ချုပ်ပြီး သင်ကြားမယ့် ပုဂ္ဂိုလ် ဟာ သိက္ခာသမာဓိရှိပြီး ဝိနည်းကို လေးစားသူသာ ဖြစ်ရမယ်

(၃) သင်ကြား ပို့ချတဲ့သူဟာ မိမိပို့ချတဲ့ အကြောင်းအရာ မှာ ထူးချွန်တဲ့အပြင် သက္ကတစတဲ့ ဘာသာတစ်မျိုးမျိုး တတ်ရမယ်

(၄) တက္ကသိုလ်က ထွက်သွားတဲ့ ပုဂ္ဂိုလ်ဟာ ကျေးရွာမှာ ကျောင်းထိုင်အဖြစ် စီမံ ဆောင်ရွက်နိုင်ရမယ်

(၅) လောကုတ္တရာ မူလတန်း၊ အလယ်တန်း၊ အထက် တန်းတွေကို မြို့တိုင်း၊ ရွာကြီးတိုင်းမှာ အဆွယ်ပွား စာသင်တိုက်တွေအဖြစ် ဖွင့်လှစ်ပေးနိုင်ရမယ်



သက်တော် ၅၅ နှစ်အရွယ်
အရှင်ဧနေကာဘိဝံသ

(၆) ပိဋကကိုသာ ပို့ချမနေဘဲ သီလကစပြီး ဘာဝနာတိုင်အောင် လမ်းညွှန်နိုင်ရမယ်၊ ဒါနမှာ အပိုပကာသနတွေရဲ့ အပြစ်ကိုလဲ ပြနိုင်ရမယ်

(၇) ဂန္ထဓုရ (စာသင်လိုသူ)နဲ့ ဝိပဿနာဓုရ (ကမ္မဋ္ဌာန်းအားထုတ်လိုသူ)လို့ လိုင်းခွဲ သင်ပေးရမယ်၊ အစိုးရကလဲ (လူကျောင်းတွေမှာ Arts and Science ခွဲသလို) လိုင်းခွဲပေးတဲ့ ဥပဒေလုပ်ပြီး အားပေးသင့်တယ်

(၈) ရွာတွေ၊ မြို့တွေမှာ ဂန္ထဓုရကျောင်း၊ ဝိပဿနာဓုရကျောင်းလို့ ဘုန်းကြီးကျောင်းတွေကို ခွဲထားဖို့ ပါဠိတက္ကသိုလ်ကပဲ ညွှန်ကြား လေ့ကျင့်ပေးလိုက်ရမယ်

ပါဠိတက္ကသိုလ် မှုလို ပေါက်လာခါစက ဝမ်းမြောက်ဖွယ်ဖြစ်ပေမယ့် ဘုန်းကြီးလိုချင်တဲ့ပုံစံ မဝင်ပါ။

## ခြောက်ဆယ်က ခုနစ်ဆယ်ထိ (၃၀၃–၃၂၉)

အသက် ခြောက်ဆယ်ဆိုရင် အနားယူကြတာ များတယ်။ ဘုန်းကြီးက ဆက်ပြီး အလုပ်လုပ်တယ်။ ဘာပြုလို့လဲဆိုတော့ ရာသက်ပန် ဘုရားသာသနာ့ဝန်ကို ထမ်းမယ် ဆုံးဖြတ်ထားလို့ဖြစ်တယ်။ ကျန်းမာရေးက တစ်မျိုးမဟုတ်တစ်မျိုး ချွတ်ယွင်းလာပါတယ်။ ကိုယ့်ဘာသာ သတိမထားမိပေမယ့် အကင်းပါးတဲ့

ဒါယကာတွေက ဆေးစစ်ပါလို့ တိုက်တွန်း တောင်းပန်ကြတယ်။ တကာ ပွင့်ကောင်းက ဂန္ဓာရုံမှာ လိုသမျှ ငံပြာရည်လှူတယ်။ သူက ရန်ကုန် မဟာဂန္ဓာရုံမှာ ၂၉ မေ ၁၉၆၀ မှာ လာပြီး သိမ်သမုတ်ပေးပါလို့ ပင့်တယ်။ ပြီးတဲ့အခါ သမားတော် ဒေါက်တာအေးက ဘုန်းကြီးကို ဆေးရုံတင်ပြီး အသေအချာ ဆေးစစ်ကြည့်လိုပါတယ်လို့ လျှောက်ထားပါတယ်။ အဲဒီလိုနဲ့ ဆေးရုံ တက်ရပါတယ်။ သံဃာ သီးသန့်ခန်းမှာ ထားတယ်။ တွဲရက်က ယောက်ျား လူနာခန်းလဲ ဟုတ်ပါတယ်။ ဒါပေမဲ့ အမျိုးသမီးလူနာခန်းက ခပ်လှမ်းလှမ်းမှာ ရှိနေပါတယ်။ ကိုယ်ကို ဆန့်ပြီးအိပ်ရင် သဟသေယျအာပတ်သင့်ဖို့ မြင်ပါတယ်။ ထိုင်ရက် အိပ်ရမယ်၊ ဒီလိုပဲ ရထား၊ သင်္ဘော စီးတဲ့အခါ အိပ်နေကျပါ။

ဒါကို နောက်တစ်နေ့ ဒေါက်တာအေး သိသွားတော 'ည ခွင့်' ပေးမယ်၊ ည ၇ နာရီက နောက်တစ်နေ့ နံနက် ၆ နာရီအထိ နေလိုရာနေပါလို့ ဆိုလိုတယ်။ အဲဒီတော့မှ ကောင်းကောင်း နားရတယ်။ ဘုန်းကြီးက ကောင်းကောင်း အနားယူဖို့ပဲလိုတာ မဟုတ်လား။ သမားတော်က စစ်ဆေးတယ်၊ စောင့်ကြည့်တယ်၊ ကောင်းတယ် ဆိုးတယ် ဘာမှ မပြောဘူး။ ဒီလိုနဲ့ တစ်လနီးပါး ကြာသွားတယ်။ ကျန်းမာတာ မျက်မြင်ပဲ။ သမားတော်က ဒီလို မမြင်ဘူး ထင်တယ်။ ဘုန်းကြီးက ပြန်တော့မယ် လုပ်တော့လဲ

ပြန်ပါ၊ မန္တလေးမှာ ဒေါက်တာမြင့်မြင့်ခင်နဲ့တော့ ဆက်လက်စစ်ဆေးပါတဲ့။ သွေးတိုးလား၊ ဒေါက်တာမြင့်မြင့်ခင်က ဆားတတ်နိုင်သလောက် လျှော့စားပါတဲ့။ သွေးတိုးကို ထိန်းနိုင်ရင် တခြား ဘာဝေဒနာမှ မဝင်နိုင်ပါဘူးလို့ ကောက်ချက်ချတယ်။ အဲဒါ 'သက်စောင့်'ပဲလို့ ဆိုလိုပါတယ်။

ဒေါက်တာညိုညိုက မကြာခဏ သွေးလာတိုင်းတယ်။ စိုးရိမ်ကြောင့်ကြစိတ်တွေက ဒုက္ခပေးနေတာ၊ အလိုက်အထိုက်ထားပေ့ါလို့ စိတ်လျှော့ထားရင်၊ တရားဟော မလိုက်ရင် သွေးတိုးဟာ ပုံမှန် ပြန်ဖြစ်သွားမယ်။ စာဝါလဲ အလျှော့နိုင်ဆုံးလျှော့ပါ။ 'ဒကာကို ဆရာ မြှောက်တော့ မွဲရော။ ဆရာကို ဒကာမြှောက်တော့ လဲရော' ဆိုရိုးရှိတယ်။ အဲဒါ မှန်တာပေ့ါ။ ဆရာကဒီဒကာ သိပ်စေတနာကောင်းတယ်လို့ မြှောက်တော့ ဒကာကသိပ်လှူပစ်လို့ မွဲရော။ တို့ဆရာ သိပ်အဟောအပြောကောင်းတယ်လို့ ဒကာက မြှောက်တော့ မနားမနေ ဟောရလွန်းလို့ဝေဒနာရပြီး လဲရော၊ ဘုန်းကြီးက အလုပ်ကို လျှော့၊ များများအနားယူ၊ အစားအသောက် အထွေအထူး မစားဘဲ နေလိုက်တယ်။ အနောက်တိုင်းဆေး၊ တိုင်းရင်းဆေးတွေ ပေးတာလဲမှန်မှန် စားပါတယ်။

အသက် ခြောက်ဆယ့်လေးနှစ် ရောက်တဲ့နှစ်မှာ မကြာမီကျင်းပမယ့် ရွှေကျင်နိကာယဂိုဏ်းလုံးကျွတ် အစည်းအဝေးကြီး

မှာ ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ရဲ့ ဩဝါဒကို ဆရာတော်ကြီးကိုယ်စား ဘုန်းကြီးရေးပါလို့ တာဝန်ပေးတယ်။ ရေးပြီး ဝိသုဒ္ဓါရုံ ဆရာတော်တွေဆီ ပို့တယ်၊ တင်ပြလာတဲ့အတိုင်း မပြင်ဘဲ ပုံနှိပ်ပါလို့ ခိုင်းတယ်။ အစည်းအဝေးတက်ဖို့ ကြိုတင်ရောက်လာတဲ့ ဘုန်းကြီးတချို့က မကြိုက်ဘူး ပြောကြတယ်။ ဦးအဂ္ဂိယက လာပြီး လျှောက်ပါတယ်။ ဦးဓမ္မာဝုဓာဘိဝံသနဲ့ ဦးပညာသိရီဘိဝံသတို့ လိုက်လာပြီး ဩဝါဒကို အခုအတိုင်း ရိုက်ပြီး ဝေငှသင့်တယ်၊ ဝေဖြစ်အောင် ဝေပါလို့ ပြောပါတယ်။ ဒီလို ငြင်းကြပြောကြတာကို သာသနာပိုင်ကြားရင် စိတ်သောကဖြစ်မှာ စိုးတာနဲ့ 'သာသနာပိုင်ရဲ့ ဩဝါဒ' ဆိုတဲ့ ခေါင်းစည်းကို ဖြုတ်ပြီး 'ဘုန်းကြီး လျှောက်ထားချက်' လို့ ပြင်ပါတယ်။ လူကြိုက်များလို့ ဒီစာအုပ်ကလေး နှစ်ကြိမ်တောင် ပုံနှိပ် ဖြန့်ဝေရပါတယ်။

ရန်သူများလာတာ ထင်ရှားပြီဖြစ်လို့ အမရပူရ မဟာဂန္ဓာရုံ ကွက်ကွက်လေး ကောင်းဖို့ပဲ လုပ်တော့လို့ သတိပေးလာကြပါတယ်။ ဒါပေမဲ့ ဘုန်းကြီးဆန္ဒက တစ်ကိုယ်ကောင်း သန့်စင်ရေး မဟုတ်၊ သံဃာသန့်စင်ရေး၊ ရွှေကျင်သန့်စင်ရေး ဖြစ်လို့တစ်ကြောင်း၊ 'ဝိနည်းသာ အချုပ်'လို့ ကြေညာထားပြီးတာ ဖြစ်လို့ အများပြောစကားကို လက်မခံနိုင်ပါ။

ပါဠိတက္ကသိုလ်အုပ်ချုပ်ရေးအစည်းအဝေးတစ်ခု (ဘယ်က ဘယ်မှာ လုပ်တယ်လို့ ဂရုပြုပြီး မှတ်မထားပါ)မှာ ဒီဘုန်းကြီးက

'စာအုပ်ကုန်သည်၊ စီးပွားရေးသာ အမြင်ရှိတယ်၊ သူက ဒီလို လုပ်ရင် ကောင်းလိမ့်မယ် ပြောတာမျိုးတွေ ဂရုမစိုက်မှ ဖြစ်မယ်' လို့ ပြောကြတယ်။ စာအုပ်တွေ ဘာကြောင့် ရေးတယ် ဆိုတာ သူတို့ မသိ၊ ပုံနှိပ်ဖြစ်ဖို့ ဘယ်လို ပင်ပန်းတယ် ဆိုတာ သူတို့ မသိ၊ ပြီးတော့ ငွေရေးကြေးရေးမှာ ဘုန်းကြီး မပါဝင်ဘူး ဆိုတာလဲ သူတို့ မသိ၊ ကျောင်းတိုက် သံဃာတွေ ဆွမ်းပြည့်စုံဖို့ စီမံတာမှာလဲ ဘုန်းကြီး မပါဘူး၊ ဒါလဲ သူတို့ မသိ။

ဆန်၊ ဆီ၊ ငါးပိ၊ ငံပြာရည်၊ ဆား၊ ငရုတ် အစရှိတဲ့ ပစ္စည်းတွေဟာ လှူကြတာပဲ များတယ်။ လှူတာနဲ့ မလောက်ရင် ဖြည့်ဝယ်ဖို့ ရန်ပုံငွေ သပ်သပ်ရှိတယ်။ စာအုပ်ထုတ်ဝေရေး ရန်ပုံငွေကလဲ ဖဲ့ပေးနိုင်သလောက် ပေးတယ်။ ဘုန်းကြီးပိုင် နဝကမ္မလဲ ရှိတယ်။ အငြိမ်းစား မြေစာရင်းအရာရှိ ဦးကျော်ဝင်းက ထိန်းထားတယ်။ အသက် ခုနစ်ဆယ့်ခုနစ်နှစ်၊ ကျန်းမာတယ်၊ ရိုးတယ်၊ စေတနာ့ဝန်ထမ်းစိတ် ရှိတယ်။ ဒါကြောင့်လဲ အခုကျောင်းတိုက် စားဖိုဆောင်သုံးငွေ နေ့စဉ် ဘယ်လောက်ကုန်နေတယ်လို့ ဘုန်းကြီးမသိတာ ဖြစ်ပါတယ်။ ငွေစုနေတယ်၊ မကြာခင်မှာ လှူထွက်မှာဆိုတဲ့ စွဲချက်တွေက မဖြစ်နိုင်ပါ။ အံ့ဩစရာသာ ဖြစ်ပါတယ်။

အစ်မလေး ကွယ်လွန်ပြီးနောက် မောင်ကျော်နဲ့ မောင်အောင်ခန့်တို့က စာအုပ်လုပ်ငန်းကိုဆက်ကိုင်တယ်၊ လစာငွေလဲ

သင့်တော်သလောက် ယူတယ်။ ရောင်းရသမျှ ငွေဟာ နောက် တစ်အုပ်ထုတ်ဖို့ ရန်ပုံငွေပဲ ဖြစ်ပါတယ်။ ကျမ်းလေးရင် ရောင်း မစွံပါ။ ရောင်းစွံတဲ့ ခပ်ပေါ့ပေါ့စာအုပ်ကို ထပ်ထုတ်လိုက်ပြီး ရန်ပုံငွေ ရှာရပါတယ်။ ဒီငွေတွေထဲကပဲ ဆင်းရဲတဲ့ စာသင်သား ကို ထောက်ပံ့တယ်၊ စားဖိုဆောင်က ကူညီပံ့ပိုးငွေ တောင်းခဲ တယ်။ မောင်ကျော်နဲ့ မောင်အောင်ခန့်တို့ကို သင့်သလို ဆောင် ရွက်ခွင့် ပေးထားပါတယ်။

တော်လှန်ရေးကောင်စီ တက်ပြီး မကြာခင် ဗုဒ္ဓသာသနာ့ ခေါင်းဆောင် နှစ်ဆယ့်တစ်ဦးကို သံဃာဂိုဏ်းပေါင်းစုံ ညီညွတ် ပြီး တစ်ဖွဲ့တစ်စည်းတည်းရှိဖို့ မှော်ဘီဆွေးနွေးပွဲကို တက်ပါလို့ ဖိတ်တဲ့အထဲမှာ ရွှေကျင်ဂိုဏ်း ကိုယ်စားလှယ်အဖြစ် မြှောင်းမြ ဆရာတော်၊ ညောင်တုန်း ရွှေဟင်္သာဆရာတော်နဲ့ ဘုန်းကြီးတို့ တက်ရပါတယ်။ ပခုက္ကူက မဟာရဋ္ဌဂုရု ဆရာတော်ကြီးနဲ့ တိုက်အုပ် ဆရာတော် ဦးနန္ဒိယ၊ ဒွါရဂိုဏ်း-ငှက်တွင်းဂိုဏ်းက ဆရာတော်တွေ၊ ပါဠိတက္ကသိုလ်မှာ ဥက္ကဋ္ဌဖြစ်တဲ့ ပြည်ဇောတိ ကာရုံ ဆရာတော်နဲ့ တိပိဋကဆရာတော် ဦးကောသလ္လတို့လဲ ပါပါတယ်။

သံဃာသန့်စင်ရေးကို ဆွေးနွေးတော့ ဘုန်းကြီးပဲ ဦးဆောင် ဆွေးနွေးခဲ့တယ်။ ဆုံးဖြတ်ချက် ပီပီသသ ချနိုင်ဖို့ မမျှော်လင့် ပါဘူး။ နောက်ဆုံးမှာတော့ သံဃာတစ်ပါးစီ မှတ်ပုံတင်ကတ်

ကိုင်ဆောင်ရမယ်။ မင်းတုန်းမင်း လက်ထက်က အမိန့်တော် ပြန်တမ်းအဲတိုင်း သွားကြလာကြဖို့ပဲ ပြောပြီး အဆုံးသတ်သွား ပါတယ်။ သာသနာရေး စာမေးပွဲတွေ အတွက်ကတော့-

(၁) မူလ ပြဋ္ဌာန်းတဲ့ကျမ်းပါ သင်ခန်းစာနဲ့ဆိုင်တဲ့ မေးခွန်း ပဲ မေးပါ၊ ဉာဏ်ကို မမေးပါနဲ့

(၂) အဘိဓာန်က ကျယ်လွန်းတယ်၊ သူ့ကို ဖြုတ်ပြီး ခုဒ္ဒ သိက္ခာကို ထည့်ပါ

(၃) ပထမငယ်ဖြေလိုရင် အကြိုပထမငယ်ကို အောင်ရ မယ်၊ အကြိုပထမငယ် သင်တန်း မရှိသေးရင် အခုက စ ပါတော့

(၄) ဆန်းနဲ့ အလင်္ကာကို ပထမကြီးတန်းမှာ ကြိုက်ရာ တစ်ခုကိုသာ ရွေးပြီး ဖြေပါစေ

ဒါတွေကို တညီတညွတ်တည်း (အကန့်အကွက် မရှိ) လက်ခံဆုံးဖြတ်ဖို့ လိုတယ်။ တော်လှန်ရေးကောင်စီက ဘုန်းကြီး ဘက် လိုက်ချင်တယ် ထင်ရပေမယ့် ကန့်ကွက်တာတွေ တွေ့ တော့ ထင်ထင်ရှားရှား ထောက်ခံဖို့ကို ဆိုင်းငံ့သွားတယ်လို့ ထင် ပါတယ်။ အမှန်ကို ပြောရရင် ဘုန်းကြီးကို ဆန့်ကျင်သူတွေဟာ ဘုန်းကြီးရဲ့ ခန္တီပါရမီကို ဖြည့်ကြသူတွေပဲ ဆိုပြီး သူတို့ကို ကျေးဇူး တင်နေပါတယ်။

## သက်တော် ခုနစ်ဆယ့်တစ် (၁၃၁၀-၁၃၈၁)

ဘုန်းကြီးရေးတဲ့ ကျမ်း နှစ်ဆယ့်ကိုးကျမ်း ပုံနှိပ်ပြီးပါပြီ။ သီလက္ခန်ဘာသာဋီကာ လေးတွဲက ပုံနှိပ်ဆဲ။ စူဠဝဂ္ဂ ပရိဝါရ ဘာသာဋီကာ နှစ်တွဲနဲ့ ခုဒ္ဒသိက္ခာဘာသာဋီကာက ရေးဆဲ။ မြန်မာလို ပိဋကအားလုံး ရေးဖို့ ရည်ရွယ်ပြီး ဖြစ်ပါတယ်။ သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ပဉ္စပကြိုဏ်အဋ္ဌကထာနဲ့ မူလဋီကာ၊ သုတ်မဟာဝဂ္ဂ၊ သုတ်ပါထေယျက ရိုက်ဖို့ အသင့်ရှိနေပြီ။ ကျန်းမာရေး ညီညွတ်ရင် အသက်ရှစ်ဆယ်ထိ အလုပ်လုပ်မယ်။ ပိဋကအားလုံး မြန်မာဘာသာ ပြန်ပြီးတဲ့အထိ ရေးမယ်။ အဋ္ဌကထာတွေလဲ ရေးဖို့စာရင်းမှာ ပါတယ်။

ရေးခွင့်ရဖို့ အသက်ရှည်မယ်၊ ကျန်းမာမယ်လို့ မျှော်လင့်တယ်။ ရည်ရွယ်ချက်ကောင်းလို့ ကံကောင်းရမယ်လို့ ထင်မိတယ်။ တစ်ဖက်က ပြောပြန်ရင် သေခြင်းတရား အထင်အရှားရှိတယ်။ ဘယ်သူ ဘယ်အခါလို့ ဘာပြောနိုင်မလဲ။ ဒါကြောင့် ဗုဒ္ဓါနုဿတိဘာဝနာ၊ မရဏဿတိဘာဝနာနဲ့ မေတ္တာဘာဝနာ စီးဖြန်းတယ်။ စာသင်သားတွေ ဝိပဿနာ အခြေခံရအောင် သာမညဖလသုတ်ကို ဟောပါတယ်။ ဝိပဿနာလက်စွဲတစ်အုပ် ရေးဖို့ တောင်းပန်လို့ ရေးသင့်ပါတယ်၊ ရေးမယ်၊ အခုတော့ မရေးအားသေးလို့ ပြောရပါတယ်။ စာသင်သားတွေအတွက် ရေးပြီးမှ တခြားကျမ်းတွေ ရေးမယ်လို့ ဆိုလိုပါတယ်။

တိတ္ထိတွေက ရှင်ဂေါတမဟာ သတ္တဝါအများကို ကြင်နာဘယ်ဆိုပေမယ့် သူ့ပရိသတ်ကိုပဲ အလေးထားပြီး ဟောနေတယ်။ မမျှတဘူးလို့ စွပ်စွဲတော့ မြတ်စွာဘုရားက မိုးကြီးရွာတဲ့အခါ အိုးသုံးမျိုးနဲ့ ရေခံတာကို ဥပမာပြုပြီး ဖြေတယ်။ မိုးကြီးရွာစတော့ အိုးအကြီး အကောင်းနဲ့ ရေခံရပါတယ်။ ရေပြည့်လို့ မိုးက ရွာမြဲဖြစ်တော့ အိုးနှုတ်ခမ်းကွဲနဲ့ ရေခံရပြန်တယ်။ ဆက်ရွာနေတော့ အကွဲများတဲ့အိုးနဲ့ ဆက်ခံရပါတယ်။ ရသမျှကို ရေရှားတဲ့အခါ ကြက်၊ ငှက် တိရစ္ဆာန်ကို ရေပေးဖို့ ဖြစ်ပါတယ်။

ဒီလိုပဲ မြတ်စွာဘုရားက သံဃာတွေကသာ ဟောပြောသမျှ ကောင်းကောင်း နားထောင်၊ ကောင်းကောင်း နားလည်ပြီး ကောင်းကောင်းလိုက်နာ လေ့ကျင့်မယ်၊ သူတို့ကို များများပြောရတယ်။ လူပုဂ္ဂိုလ် ဒါယကာ၊ ဒါယိကာမတွေအတွက်ကတော့ အသင့်အတင့်ပေါ့။ တိတ္ထိတွေကတော့ ပြောလဲ လုပ်မှာမှမဟုတ်ဘဲ၊ နည်းနည်းပါးပါးတော့ ပြောပါတယ်လို့ ဖြေပါတယ်။ ဒီလိုပဲ ဘုန်းကြီးရေးတဲ့ ကျမ်းတွေက လောကုတ္တရာတရားကို အထူးပြုလေ့လာသူအဖို့ များတယ်။ သာမန် စာဖတ်သူအတွက် နည်းပါတယ်။ ဝိနယနဲ့ အဘိဓမ္မာ နှစ်မျိုးက အရေးကြီးတာချည်းပဲ ဖြစ်ပေမယ့် "သုတ္တန္တ'က နိဗ္ဗာန်ရောက်ကြောင်း ဖြစ်လို့ 'အရေးအကြီးဆုံး ဖြစ်ပါတယ်။ အမရပူရ မဟာဂန္ဓာရုံမှာ (၁၉၂၅ ကပဲ) စာသင် ၅၀၀ ရှိပြီး ဘုန်းကြီးစိတ်တိုင်းကျ နေကြလို့ ပုံစံကျပြီး (အခြေမြဲပြီး) ဖြစ်ပါတယ်။


ဒါဆို ကျေနပ်ပြီးလား မေးရင်တော့ မကျေနပ်သေးဘူးဘဲ ဖြေမယ်။ ဘာကြောင့်လဲ ဆိုရင်ဒါမျိုးက ဒီတစ်ကွက်ကလေးပဲ ရှိသေးတယ်။ ဒါမျိုး အနှံ့ အပြားလိုချင်ပါတယ်။ ဘုန်းကြီး စိတ်ကြိုက်ကို စာရင်းချပြမယ်။

(၁) သာသနာရေးကို အကြောင်းပြပြီး ငွေကိုအရမ်းဖြုန်းတဲ့ ပွဲတွေ အလုပ်ပါနဲ့

(၂) မလိုဘဲ ဘုန်းကြီးကျောင်း အသစ်၊ စေတီ ဘုရား အသစ် မတည်ဆောက်ပါနဲ့

---

ဆရာတော် အနှစ် ၃၀ လုံးလုံး သီတင်းသုံးသွားခဲ့သောကျောင်း



(၃) ရွာမှာရှိတဲ့ ဘုန်းကြီးကျောင်းက ရွာထဲက ကလေးတွေရဲ့ ပညာရေးကို တာဝန်ယူနိုင်ရမယ်

(၄) ရွာသားတွေ တစ်သက်လုံး စာရိတ္တ ကောင်းဖို့ကို ငယ်ငယ်ကပဲ သွန်သင်ပေးလိုက်နိုင်ရမယ်

(၅) အဲဒီ ဖော်ပြပါ အချက်တွေကို လမ်းညွှန်ပေးဖို့ အရည်အချင်း ပြည့်မီတဲ့ ဘုန်းကြီးက ကျောင်းထိုင်ဖြစ်ရမယ်

(၆) အထက်က ဖော်ပြချက်တွေကို ဂရုပြုရင် ဘုန်းကြီးကျောင်းမှာ အသုံးမဝင်တဲ့ လူတွေ ခိုကပ်နေနိုင်တော့မှာ မဟုတ်တော့ဘူး၊ တာဝန်ကျေပွန်တဲ့ ပုဂ္ဂိုလ်ပဲ နေခွင့်ရှိတော့မှာ ဖြစ်တယ်

(၇) အဲဒါကို သိမ်ဝင်တဲ့အခါ (ရဟန်းခံတဲ့အခါ)ကပဲ လူစစ်ပြီး အခု လက်ခံလိုက်တဲ့ ရဟန်းဟာ ပရိယတ္တိဘက်သားလား၊ ပဋိပတ္တိဘက်သားလား ခွဲလိုက်၊ ကျောင်းကိုလဲ ဂန္ထဓုရကျောင်း၊ ဝိပဿနာဓုရကျောင်း ခွဲပြီး ဆိုင်ရာကျောင်းကို ပို့လိုက်

(၈) အဲဒီတော့မှ ဘုန်းကြီးကျောင်းနှစ်မျိုး ပြိုင်တူ သိသိသာသာ တက်လာမယ်၊ တစ်မျိုးက ဂန္ထဓုရ (စာသင်)၊ တစ်မျိုးက ဝိပဿနာဓုရ (တရားထိုင်)

(၉) အထက် နှစ်မျိုးထဲက တစ်မျိုးမျိုးကို အပီအသ

မရွေးနိုင်တဲ့ ပုဂ္ဂိုလ်ကို နေရာမပေးနိုင်ပါ။ အဲဒီနှစ်မျိုးထဲက တစ်မျိုးမျိုးကို မလုပ်တဲ့ ဘုန်းကြီးကျောင်းလဲ မရှိနိုင်တော့ပါ။

(၁၀) ပိဋကကို သင်တဲ့အခါ မူလတန်း၊ အလယ်တန်း၊ အထက်တန်းလို့ သုံးပိုင်းခွဲ သင်ပါ

(၁၁) ပိဋကကို သင်တဲ့အခါ ကမ္ဘာ့ဌာန်းကိုလဲ သင်ပါ၊ ကမ္မဌာန်း သန်သူက နောက်တော့ ကမ္မဌာန်းကျောင်းကို ဝင်သွားပါလိမ့်မယ်

(၁၂) ရဟန်းမှန်ရင် ဝိနည်းတတ်ဖို့ လိုတယ်၊ ဝိနည်းအတိုင်း တိကျ မှန်ကန်အောင် နေတတ်ဖို့ သွန်သင်ပါ။

(၁၃) အခု ပြောသလို သင်ခဲ့ပါမှ ဘုန်းကြီးဟာ အရည်အချင်း ပြည့်စုံတဲ့ ကျောင်းဘုန်းကြီး ဖြစ်မယ်၊ ရွာသူရွာသား ကြီးငယ်တွေကို စာရိတ္တကောင်းအောင် သင်ကြားနိုင်မယ်

(၁၄) သာသနာကို နိုင်ငံအစိုးရက ကူညီဖို့ လိုတယ်၊ အစိုးရ ပါမှ စည်ပင်သာယာ ငြိမ်းချမ်းတဲ့ တိုင်းပြည် ဖြစ်မယ်

(၁၅) ဒါကြောင့် ဘုန်းကြီးရဲ့ အသစ်ထူထောင်ရေးမှာ နိုင်ငံရေးပါတယ်။

နိုင်ငံနဲ့ သာသနာဟာ တွဲဖက်ညီပါမှ နိုင်ငံရော သာသနာပါ တိုးတက် အောင်မြင်မယ်။ အနော်ရထာနဲ့ ရှင်အရဟံလဲ ဒီ ပန်းတိုင်အရောက် လက်တွဲခဲ့ကြတာ ဖြစ်ရမယ်လို့ ဘုန်းကြီး ထင်တယ်။ အခု ဘုန်းကြီး စီမံအုပ်ချုပ်နေတဲ့ မဟာဂန္ဓာရုံမှာ အပေါ်က ဖော်ပြခဲ့တဲ့ စီမံကိန်းကို ဖြစ်မြောက်အောင် ကြိုးစား ဖော်ထုတ်နေတာ ဖြစ်ပါတယ်။ အားလုံး အောင်မြင်လုနီးပြီ။ နိုင်ငံခြားသားဧည့်သည်တွေ ရောက်လာပြီး သူတို့သိချင်တာ မေးတယ်။ လှည့်ပတ် ကြည့်ရှုတယ်။ တွေ့ရသမျှ အားလုံး ကျေနပ်တယ်။ အဲဒီလို ပြောတဲ့စကားဟာ တကယ်ပြောတာ၊ မြှောက်ပြီး အကြိုက်လိုက်ပြောတာ မဟုတ်ဘူးလို့ သိနိုင်ပါတယ်။ တကယ်ရိုးသားတဲ့ မှတ်ချက်တွေပါပဲ။ သူတို့နိုင်ငံတွေမှာ ဝတ္ထု ပစ္စည်း (ရုပ်လောက) တွေက ဘုန်းကြီးတို့ထက် အများကြီး သာပေမယ့် စိတ်ဓာတ် အေးမြသာယာမှု (နာမ်လောက) မှာ ဘုန်းကြီးတို့က သာတယ်။

တို့ဝန်းကျင်ကလဲ သာယာတယ်။ အရှေ့မှာ တောင်သမန် ကလဲ လှလို့၊ မိုးအခါ ရေပြင်ကြီး၊ ဆောင်းအခါ သစ်ပင်ချုံနွယ် တွေနဲ့ စိမ်းစိုနေတယ်။ မြောက်မှာ ကျော်အောင်စံထားကျောင်း၊ တောင်မှာ တောင်မင်းကြီးဘုရား၊ အရှေ့မြောက်မှာ လူနေအိမ် နည်းနည်း ရှိတယ်။ ဘုန်းကြီးတို့အတွက် ဘာမှ အနှောင့် အယှက် မဖြစ်ပါ။ စာသင်တပည့်တွေကို စာကျက်တဲ့အခါ ဆူဆူ

ညည့် မကျက်ဖို့ ပြောထားတယ်။ ၁၉၇၀ ပြည့်နှစ် ဇွန်မှာ ကျောင်းနေ စာသင်သား ၃၀၀ ရှိတယ်။ အားလုံး တိတ်ဆိတ် ငြိမ်သက်နေတယ်။ ကျောင်းသခ်မ်းဆိုတာလဲ သန့်ရှင်း သပ်ရပ် တယ်။ အနှောင့်အယှက်ရယ်လို့ ဘာမှ မရှိ၊ ဆွမ်းစားချိန်မှာ ရဟန်းတွေ ဇွန်းသံ၊ ခွက်သံ မကြားရအောင် ဆွမ်းဘုဉ်းပေး တယ်။ သီရိလင်္ကာက ကျောက်စာမင်းကြီး စီ၊ အီးဂေါဒကုမ္ဗုရ (မြန်မာနိုင်ငံကို အလည်လာစဉ် မင်္ဂလာဒုံစစ်ဆေးရုံမှာ ၉ ဖေဖော်ဝါရီ ၁၉၇၇ နေ့က ရုတ်တရက် ကွယ်လွန်သွားတယ်)က သံဃာအများ ငြိမ်ငြိမ်သက်သက် သီတင်းသုံးနေတာ မြင်တော့ 'ဒီမှာ ဆင်းတုတော်တွေ များလှချည်လားလို့ အံ့ဩမိတယ်'လို့ ပြောယူရတယ်။ ဒီသံဃာတွေ ဘုန်းကြီးနဲ့ ရာသက်ပန် နေကြမှာ မဟုတ်ပါ။ နေစဉ်နေခိုက် အချက် ၁၀ ချက်ကို လိုက်နာရတယ်၊ တစ်သက် စွဲမက်စရာ ဖြစ်ပါတယ်။ ဒီကျောင်းတိုက်မှာ နေသူ ဟာ-

(၁) စိတ်ကောင်း ရှိရမယ်

(၂) ဝိနည်း လေးစားရမယ်

(၃) ကျန်းမာရေး ဂရုစိုက်ရမယ်

(၄) သန့်ရှင်းရမယ်

(၅) အဝတ်အစား ဝတ်တတ် စားတတ်ရမယ်

(၆) အနေအထိုင် တတ်ရမယ်
(၇) အပြောအဆို တတ်ရမယ်
(၈) အသွားအလာ တတ်ရမယ်
(၉) စည်းကမ်း လိုက်နာရမယ်
(၁၀) စာတတ်ရမယ်။

ကျောင်းတိုက်နေ သံဃာတိုင်း နေ့ဆွမ်းစားပြီး နာရီဝက် အိပ်စက် အနားယူခွင့် ပေးထားတယ်။ ရဟန်းဝတ်တာဟာ အချောင်နေဖို့လို့ တွက်သူတိုင်း ဘုန်းကြီးတို့နဲ့ လာနေပြီး မကြာခင်ဘဲ ငါ့အယူအဆ မှားပါကလားလို့ သိမယ်။ ဒီလို ပျင်းတဲ့ ရဟန်းကို ဘုန်းကြီးတို့နဲ့ အတူ လာမနေနဲ့လို့ ရှင်းရှင်းပြောမယ်။ လူထွက်ရင် ပိုပြီး သင့်တော်မယ်။ ဒါကြောင့် ဘုန်းကြီးတို့က လာနေလိုသူကို ဒီမှာ အခုလို ကန့်သတ်ချက်တွေ ရှိတာ သိထားစေချင်တယ်။

ဒီကျောင်းတိုက်မှာ နေချင်တဲ့ ပုဂ္ဂိုလ်ဟာ-

(၁) အင်္ဂါကြီးငယ် ချွတ်ယွင်းချက် မရှိရ
(၂) ကုသိုလ်များများ ရလိုတဲ့ဆန္ဒ ရှိရမယ်
(၃) ကိုရင်ဆိုရင်-
  (က) **ရတနာသုံးပါးဂုဏ်ကို** သိရမယ်
  (ခ) ကိုရင်တွေ ကျက်ရမယ့်စာတွေ ရထားရမယ်

(၄) ရဟန်းဖြစ်ရင် ဘိက္ခုပါတိမောက် ပါဠိ၊ အနက် ရပြီး ဖြစ်ရမယ်

(၅) သက်န်းကို ပိန္နဲရင့်ရောင် ဆိုးခဲ့ရမယ်

(၆) သပိတ်၊ သပိတ်အိတ်၊ ဝတ်ခွက်ငါးလုံး ယူခဲ့ရမယ်

(၇) အရောင်ရင့် သက်န်း၊ နေရာထိုင်၊ ရေချိုးခွက်၊ ဆပ်ပြာခွက်၊ လက်သုတ်ပဝါ၊ ဇွန်းနဲ့ ကိုင်းခွက် ပါရမယ်

(၈) သက်န်း၊ ခဲတံ၊ ဗလာစာအုပ် အားလုံး ကိုယ်တိုင် မဝယ်ဘဲ ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမတွေက လှူလိုက်တာ ဖြစ်ရမယ်

(၉) ဆရာ၊ မိဘ၊ အုပ်ထိန်းသူ၊ ကပ္ပိယကာရက၊ ခေါ်လာတဲ့ ရဟန်းတွေထဲက တစ်ဦး လိုက်ပါ အပ်နှံရမယ်

(၁၀) ကျောင်းတိုက်မှာ ပါတဲ့ငွေကို ကိုယ်တိုင် မကိုင်မထိန်းရ၊ ဖိုးသူတော်၊ ကပ္ပိယကို လွှဲအပ်ထားရမယ်

(၁၁) မြို့တွင်းကနေ ကျောင်းတိုက်ကို ဆိုက်ကား၊ မြင်းလှည်း၊ နွားလှည်း မစီးဘဲ ခြေလျင်လာခဲ့ရမယ် [(၃)နဲ့ (၄) တို့ကို ကျောင်းတိုက်နေဆဲ ရဟန်းက ခေါ်လာရင် ကျောင်းတိုက်ရောက်မှ ကျက်နိုင်တယ်။]

ဒါတွေ ခေတ်နောက်ကျသွားပြီ၊ ခရစ်မပေါ်မီ နှစ် ၅၀၀ က စည်းကမ်းတွေပါလို့ ပြောရင် ဘုန်းကြီးက မဟုတ်ဘူး၊ ဘယ်တော့မှ ခေတ်မတိမ်တဲ့ ဥပဒေတွေလို့ ဖြေမယ်။ ဗုဒ္ဓမြတ်စွာက တချို့ ဥပဒေကို ပယ်သင့်ရင် ပယ်ပါလို့ ခွင့်ပြုပေမယ့် မဟာကဿပက သူ့ဆုံးဖြတ်ချက်ကို သူသုံးပြီး မပယ်ဘူး။ အသေးအဖွဲ့ဆိုတာ ရဟန်းမှာ အာပတ်၊ လူမှာ အမှုမဖြစ်တဲ့ ကိစ္စကို ပြောတာပါ။ ဒါတွေက ပညတ္တိဝဇ္ဇ ခေါ်တယ်။ စင်စစ် အပြစ်မဟုတ်၊ အပြစ်လို့ သတ်မှတ်လို့သာ အပြစ်ဖြစ်နေတာ ဖြစ်တယ်။ ဥပမာ ငွေမကိုင်ရဆိုတဲ့ ဥပဒေလိုဟာမျိုး ဖြစ်ပါတယ်။ ပိုက်ဆံဟာ လောဘ၊ လူဖြစ်စေ၊ ရဟန်းဖြစ်စေ သူ့ပိုက်ဆံကြောင့် ဒုက္ခရောက်စရာတွေ ရှိတယ်။ ဒီလို နမူနာပြစရာတွေ အများကြီး ရှိပါတယ်။

အသက် ၇၁ နှစ် နီးလာတော့ မွေးနေ့ပွဲ လုပ်ပါလားလို့ ပြောကြတယ်။ မလုပ်ဘူး။ သံဃာကို ဆွမ်းကျွေးနိုင်တယ်။ ဘုန်းကြီးက ကျောင်းမှာ နေ့တိုင်းကျွေးတယ်။ မွေးနေ့ပွဲလုပ်ရင် ချမ်းသာတဲ့ ဒါယကာ၊ ဒါယိကာမတွေက အဖိုးထိုက်၊ အဖိုးတန် ပစ္စည်းတွေ ယူလာကြမှာ၊ သူတို့က ဘုန်းကြီးကို အကြောင်းပြုပြီး လှူစရာ မလို၊ သူတို့ လုပ်ရမှာက သီလနဲ့ ဘာဝနာ။ ဘုန်းကြီးက ပစ္စည်းရချင်လို့ ဆွယ်တရားဟောရာ ရောက်နေမယ်။ ဘုန်းကြီး အနေနဲ့ ဒါမျိုး မလုပ်ထိုက်၊ မလုပ်ပါ။ ဒီလို အဖိုးတန်ပစ္စည်းမျိုး

ရောက်လာရင်လဲ မသုံးပါ။ (ပျံလွန်တော်မမူမီ ရက်ပိုင်းအချိန်မှာ အအေးဒဏ် ခံနိုင်ဖို့ အနွေးစက်ကလေးတစ်ခုကို ဒကာမကြီး တစ်ယောက်က လာရောက် တပ်ဆင်ပေးတဲ့အခါမှာ 'အဲဒါ ဘာလဲ' လို့ ဆရာတော်ကြီးက မေးပါတယ်။ 'ဆရာတော် အေးမှာစိုးလို့ နွေးအောင် ပြုပေးတဲ့ စက်ပါဘုရား'လို့ လျှောက်တဲ့အခါ 'မလိုပါဘူး၊ နောင်လာ နောက်သား ရဟန်းငယ်သာမဏေတွေက ကောင်းကောင်းမွန်မွန် ဒီလို ခေတ် အသုံးအဆောင်တွေနဲ့ (ဇိမ်ခံ) နေကြတာဟာ ဘုန်းကြီးလောက ထုံးစံပဲလို့ ထင်မှတ်နေကြလိမ့်မယ်။ ဒါကြောင့် ပြန်ယူသွား'လို့ အမိန့်ရှိပါတယ်။ *အရှင်စန္ဒောဘာသ၊ 'စာရှုသူအတွက် မှာထားချက်'၊ တစ်ဘဝ၊ ၁၃)*

လူ့ခန္ဓာကိုယ်မှာ ရုပ်ကလေးတွေ မိနစ်တိုင်း စက္ကန့်တိုင်း ဖြစ်လိုက် ပျက်လိုက်နဲ့ မွေးလိုက် သေလိုက်ပေါ့။ အဲဒါကို အမြဲ နှလုံးသွင်းရမှာ၊ တစ်နှစ်မှ တစ်ခါ သတိရတယ်ဆိုတာ လွန်တာပေါ့။ ပြီးတော့ ဗုဒ္ဓမြတ်စွာနဲ့ အဂ္ဂသာဝကတွေက မွေးနေ့ပွဲ လုပ်တယ်လို့ မှတ်တမ်း မရှိပါ။

ပရဟိတ သံဃာအစည်းအဝေးကို ၆ အောက်တိုဘာ ၁၉၅၉ က တက်ပြီး သံဃာများကို ဒီလို လျှောက်ထားဖူးပါတယ်။

အကျိုးဆောင် ဆရာတော်က ဩဝါဒ တောင်းတယ်။
မိန့်ခွန်းမဟုတ်၊ ရိုသေစွာ လျှောက်ထားချက်ပဲ လုပ်ပါရစေ။

ဝတ်ကျေတမ်းကျေစကား မဟုတ်ပါ။ ကြာမြင့်စွာ စဉ်းစားပြီး နှလုံးထဲမှာ စွဲနေတဲ့အချက်တွေ ဖြစ်ပါတယ်။ သာသနာ့အကျိုးကို ပြောတာဖြစ်လို့ သံဃာများ နှစ်သက်နိုင်စရာ ရှိပါတယ်။ မြန်မာမှာ သာသနာ စွဲမြဲတာ အနှစ် ၉၃၀ ကျော် ရှိပါပြီ။ သာသနာရဲ့ အရင်းမူလ မဇ္ဈိမမှာထက် ကာလရှည်ကြာခဲ့ပါပြီ။ ဘုရားတရားတော်ကို သင်ကြားတတ်မြောက်တဲ့ ဘုန်းကြီးတွေက လူတွေကို လိမ္မာယဉ်ကျေးအောင် ပညာသင်ပေးခဲ့ပါတယ်။ ဒီလို သင်တဲ့အထဲမှာ စီးပွားရေးအတွက် ဂဏန်းသင်္ချာလဲ ပါတယ်လို့ သတိပြုမိပါတယ်။ ဘုန်းကြီးအားလုံး မဟုတ်ပေမယ့် ဘုန်းကြီးအများဟာ ရပ်ရွာရဲ့ဆရာ ဖြစ်ခဲ့ကြပါတယ်။ ရပ်သူရွာသား (ကျား/မ မကျန်) ဘုန်းကြီးကျောင်းထွက်တွေချည်း ဖြစ်ပါတယ်။ ဒီလို သင်တဲ့အတွက် ဆရာက တပည့်ဆီက အခကြေးငွေ တစ်ပြားတစ်ချပ်မှ မယူပါ။ ဒီကျေးဇူးကို မမေ့ဘဲ တပည့်တွေကလဲ ဘုန်းကြီးစကားကို လိုက်နာတယ်။ တစ်သက်လုံး အစွမ်းရှိရင် ရှိသမျှ ကျောင်းဆောက်၊ ဘုရားတည်၊ အလှူဒါန မပြတ်လုပ်ပြီး ကျေးဇူးဆပ်ကြပါတယ်။ 'ဆရာ ဒကာ' တာဝန်ကျေကြလို့ မြန်မာမှာ သာသနာ ဒီလောက် အရှည်ကြာတာ ဖြစ်ပါတယ်။ အပြောင်းအလဲ ဆိုတာကတော့ ထုံးစံဖြစ်မြဲပါပဲ။ အရေး

အပါဆုံး အပြောင်းအလဲကလဲ မင်းတုန်းမင်းလက်ထက် သံတဲကျောင်း ပေါ်လာတာ ဖြစ်တယ်။ ရှင်ဘုရင့်သားလဲ အင်္ဂလိပ်စကား သင်တယ်။ ဘာသန္တရက မသင်လို့ မဖြစ်တော့ဘူးလို့ သိလာတယ်။ မိရိုးဖလာ ပညာဟာ နေရာတိုင်းမှာ အသုံးမဝင်တော့ဘူးလို့ သိလာတယ်။ အဲဒီလို ပြောင်းချိန်တန် ပြောင်းရမယ်။ ဘာကို ဦးတည်ပြောင်းရမယ်ဆိုတာ ရှေ့က စံပြရှိပါလျက်နဲ့ ဂရုမပြုကြလို့ ကျေးရွာဘုန်းတော်ကြီးကျောင်းကို ရွာက ကလေးတွေ မတက်တော့ပါ။ ဘုန်းကြီးကျောင်းသား မရှိရင် ကိုရင်လဲ မရှိ၊ ရဟန်းပျိုလဲ မရှိ၊ အခု ရှေးကျောင်းကြီးမှာ ကျောင်းစောင့် လူထွက်ကြီးတစ်ပါးပဲ ရှိတော့တယ်။ 'သစ်ပင်ကြီးမှာ ရေသောက်မြစ် ပြတ်သွားပြီ' ဗုဒ္ဓမြတ်စွာ သာသနာပင်ကြီးဟာ မကြာမီ လဲတော့မယ်'။ မြတ်စွာဘုရား ဟောကြားတဲ့ ပဋိစ္စသမုပ္ပာဒ်မှာ 'အကြောင်းမဲ့ ဘာမှ မဖြစ်'လို့ ရှင်းရှင်း ဟောခဲ့ပါတယ်၊ ရွာဦးကျောင်းမှာ ရွှေခေါင်းဆောင်ဆရာတော် မရှိတာ ကြာပြီ၊ ရွာသူရွာသား စာရိတ္တကို ဘယ်ပုဂ္ဂိုလ်က ထိန်းပေးမလဲ၊ မူလတန်းမရောက်မီ မူကြိုရှိသလို ပထမငယ်တန်း မရောက်မီ ငယ်ကြိုတစ်တန်း ထားပါလို့ အကြံပြုကြတယ်။ ပထမပြန် စုံစမ်းရေးကော်မတီ ပေါ်ဖူးတယ်။ အဘယာရာမဆရာတော်က ငယ်ကြိုမှာ ဂဏန်းသင်္ချာနဲ့ ပထဝီဝင် သင်ပေးဖို့ အကြံပေးတယ်။ လှုပ်လှုပ်

ရှရှ ဖြစ်တာတော့ အမှန်ပဲ။ ကြိုပြီး တွက်ဆတဲ့ အနေနဲ့ မြန်မာမှာ သာသနာ သိပ်မကြာလို့ လူအပြော များလာပါတယ်။ မြန်မာ့သာသနာဟာ ဆေးမှား မခံတဲ့ လူနာဖြစ်တယ်။ ဘယ်ဆေး ပေးမလဲ၊ ဘုန်းကြီးကျောင်းမှာ အင်္ဂလိပ်စာသင်မလား၊ ဂဏန်းသင်္ချာသင်မလား၊ ကျောင်းလခ ယူမလား၊ အရည်ချင်းပြည့်ဆရာ ငှားမလား၊ ဟိုလိုဒီလိုနဲ့ ဘာမှ မအောင်မြင်သလို ဖြစ်နေပါတယ်။ တပည့်တော် ပြောချင်တာက-

(၁) သာသနာရေးကို သယ်ပိုးရင် အကျိုး များမယ်၊ သင်တန်းပေးပါ

(၂) အပြောအဆို အနေအထိုင် ယဉ်ကျေး သိမ်မွေ့အောင် သင်တန်းပေးပါ

(၃) လောဘ၊ ဒေါသ၊ မာန၊ ဂုဏ်ပကာသန ကင်းအောင် သင်တန်းပေးပါ

(၄) ပိဋကစာပေမှာ ဆရာလုပ်နိုင်အောင် သင်တန်းပေးပါ

(၅) ဗုဒ္ဓသာသနာ အရှည်တည်တံ့ရေးမှာ ပါဝင်ပါမယ်လို့ သာသာနပြုစိတ်ဓာတ် သွင်းပါ။

အရှင်ဇနကာဘိဝံသ

အမရပူရမြို့

၆ အောက်တိုဘာ ၁၉၅၉

သာသနာရေး အရာရှိတစ်ဦးကို ၄ ဒီဇင်ဘာ ၁၉၆၄ က ပြောလိုက်တဲ့ ဘုန်းကြီးရဲ့ သာသနာရေး မျှော်လင့်ချက်တွေကိုလဲ အခု ပြန်ပြီး တင်ပြချင်တယ်

(၁) တစ်ရွာတစ်ကျောင်း ဘုန်းတော်ကြီးတစ်ပါး ရှိစေချင်ဘယ်

(၂) ကျောင်းတိုက်ကြီးတွေက ကျောင်းထိုင်ဘုန်းကြီးတွေကို မွေးပေးစေချင်တယ်

(၃) ကျေးရွာ ဘုန်းကြီးကျောင်းက

(က) မူလတန်းပညာ

(ခ) ကျန်းမာရေး

(ဂ) ချွေတာ သုံးစွဲရေး

(ဃ) စာရိတ္တ ကောင်းရေး၊ အသောက်အစား လောင်းကစား ပပျောက်ရေး

(င) ပရဟိတစိတ် မြင့်မားရေး

(စ) အလှူဒါနမှာ ငွေကုန်တဲ့ ပကာသနတွေ ပပျောက်ရေး

(ဆ) ဘုရားပွဲ ကျောင်းပွဲ နတ်ပွဲတွေ ပပျောက်ရေး

(ဇ) မှုခင်းနည်းပါးရေး၊ မှုခင်းအသေးကို ကျေးရွာမှာပဲ ဖျန်ဖြေပေးရေး


(၈၂) ဘုန်းကြီးတွေကို မူလတန်းဆရာဖြစ်သင်ပေးရေး

သာသနာ အခွန့်ရှည်စေချင်ရင် ဒါတွေကို လုပ်၊ မလုပ်ရင် အနှေးနဲ့ အမြန် သာသနာကွယ်မယ်။

**သက်တော် ခုနစ်ဆယ့်နှစ်နှစ် (၃၈၄-၃၉၀)**

၁၉၇၂ ခု ဝါဝင်စမှာ စာသင်သား လေးရာရှိတယ်။ အလှူငွေ ကောက်ပါ တိုက်တွန်းကြပေမယ့် ဘုန်းကြီးက မကောက်ပါ။ ဒါမျိုး အမြွက်စကားတောင် မပြောလိုပါ။ ပြောတဲ့အတိုင်း

ဆရာတော် ပျံလွန်တော်မူသည်အထိ ကျိန်းစက်တော်မူခဲ့သော ခုတင်



ဆင်ခြင်ပါတယ်၊ ဘုန်းကြီးကတော့ မတောင်းပါ။ ပေးသမျှတော့ ယူပါတယ်။ ဘုန်းကြီးတစ်သက် ဒီကျောင်းတိုက်မှာ ဒီအတိုင်း ဖြစ်ရမယ်။ လက်တွေ့မှာ ကုန်ကျစရာတွေ ရှိတာပေါ့။ ဦးရေများရင် နေစရာကျောင်း၊ ဆွမ်းစားကျောင်း၊ ရေချိုးခန်း၊ အိမ်သာဒါတွေ ဖြည့်ဆောက်ရမယ်။ ကံအားလျော်စွာ နေစရာက လုံလောက်ပါသေးတယ်။ ဘုန်းကြီးက စာချမြဲ၊ စာရေးမြဲ၊ တချို့စာအုပ် အရောင်းရ ထိုင်းမှန်း သိပါတယ်။ စာသင်သားမှာ အထောက်အကူ ဖြစ်ရင် ရေးမယ်၊ ထုတ်မယ်၊ တချို့စာအုပ်က ဆရာကိုင်မို့ အရောင်းရ နည်းမယ်။ ဒါပေမယ့် လိုအပ်ရင် ရေးရကျိုးနပ်တယ်။ ပရိဝါရဘာသာဋီကာကို အုပ်ငါးရာ ရိုက်တယ်၊ ငွေ ၃၀၀၀ိ/-အရှုံးပေါ်တယ်၊ နတ်တွေ ကူပါလိမ့်မယ်လို့ တွက်တယ်၊ နတ်ချစ်အောင် အသားမစားဘူး၊ နတ်သုဒ္ဓါလဲ သက်သတ်လွတ် ဖြစ်မှာပဲ ထင်တယ်။ အသားစား ကြူးတာလဲ လောဘ၊ ရာဂပဲ မဟုတ်လား၊ ဖြတ်တာ ကောင်းပါတယ်၊ သူများကိုတော့ မတိုက်တွန်းပါ။

## သက်တော် ခုနစ်ဆယ့်သုံးနှစ် (၃၉၀–၃၉၄)

စာသင်သား ငါးရာရှိသွားပြီ၊ ဆွမ်းတစ်နပ်ကို ငွေ ၁၅၀ိ က ၂၀၀ိ ထိ ကုန်တယ်၊ ဦးရေများတာ တစ်ခုတည်းကြောင့် မဟုတ်ပါ။ ကုန်စျေးနှုန်း အဆမတန် တက်တာလဲ ပါတယ်။

ဘုန်းကြီး ပခုက္ကူစာသင်သားဘဝက ဇတ်နေတာနဲ့ တခြားစီပါ။ အခု ဘုန်းကြီးက စာသင်သား ငါးရာကို အာဟာရ ဖြစ်မယ့် အစာကို ဝဝလင်လင် နေ့တိုင်း ကျွေးနိုင်တယ်။ အဲဒါ ကံလား၊ မဟုတ်ဘူး၊ ပယောဂသမ္ပတ္တိ ခေါ်တယ်၊ ဉာဏ်နဲ့ ဝီရိယပါမှ ကံလိုက်တယ်ဆိုတာ လက်တွေ့ပဲ။ မှတ်ထားပါ။ နောက်တစ်မျိုး ပြောတော့ လုပ်ယူရတယ်၊ လက်ဖြစ်ပါပဲ။ ဘုန်းကြီးဘဝကို ဘယ်လို ပျိုးထောင်တယ်ဆိုတာကို ကြည့်ပါ။

(၁) သရိုင်မှာ မောင်ဌေးလွင် ဉာဏ်ကောင်းတယ်၊ ဝီရိယရှိတယ်ဆိုပြီး ကျောင်းထိုင်ဘုန်းကြီးက အထူး ဂရုစိုက်ပြီး တခြား ကျောင်းသားတွေနဲ့ မတူဘဲ သီးခြား သင်ပေးတယ်

(၂) မန္တလေး ဝိသုဒ္ဓါရုံတိုက်ကြပ်က သူများနည်းတူ စာဆို မလာစေဘဲ သီးခြား စာကျက်ခိုင်းတယ်

(၃) မြောင်းမြဆရာတော်က သီးသန့် သင်ပေးတယ်

(၄) ပခုက္ကူ မဟာဝိသုတာရာမမှာ ဒီကိုရင်တစ်ပါးတည်း ပထမကြီး အောင်လို့ ဆိုပြီး ချီးမြှင့်တဲ့ အနေနဲ့ တစ်နေ့တည်းမှာ နှစ်ကြိမ် စာဆိုရတယ်

(၅) စာလိုက်ဖက်တွေက ရဟန်းဖြစ်ပြီး နှစ်ဝါ သုံးဝါရှိရင် စာချဖြစ်မယ် ပြောကြတဲ့အတိုင်း ရဟန်း သုံးဝါမှာ စာချ ဖြစ်ခဲ့တယ်

(၆) မန္တလေး သက္ကသီဟ စာမေးပွဲအတွက် ပြင်ဆင်တော့ ပခုက္ကူဆရာတော်နဲ့ မြောင်းမြဆရာတော်တွေက 'မလိုဘူး' ပြောပေမယ့် အသုံးကျလိုကျခြားဘုန်းကြီးက ဝင်ဖြေမယ် ဆုံးဖြတ်တယ်

(၇) သုံးနှစ်အတွင်းမှာ သက္ကသီဟမဇ္ဈိမစရိယ ဖြစ်ခဲ့တဲ့ အပြင် ပထမကျော်ဘွဲ့လဲ ရခဲ့တယ်

(၈) အဘယာရာမဆရာတော်က သက္ကတ သင်ပေးတယ်

(၉) ဒီအခက်အခဲတွေကို ဖြိုခွင်းရတော့ ဘုန်းကြီးမှာ ကျန်းမာရေးချွတ်ယွင်းပြီး ချုံးချုံးကျသွားတယ်။ ဒါပေမဲ့ သဂြိုဟ်ဘာသာဋီကာကို စရေးပါတယ်။

(၁၀) ဒီဒုက္ခတွေကြားက မသေမပျောက်၊ စာချမပျက်၊ ကျမ်းရေးမပျက်၊ 'စာအုပ်ကုန်သည်'လို့ အပြောခံရလဲ မမှု၊ ငွေရှာနေတယ်၊ မကြာခင် လူထွက်တော့မှာလို့လဲ အပြောခံရတယ်။ အခု ဘုန်းကြီးနာမည်နဲ့ ကျမ်း သုံးဆယ့်နှစ်အုပ် ထွက်ပြီးပြီ၊ အောင်မြင်ခြင်းဟာ လွယ်သလား။ (ဟံသာဝတီဆင်ဖြူရှင် ၁၅၅၄-၁၅၈၁ ပြောသလို 'ထိုင်း (ယိုးဒယား) ကို လက်ဝါးပြကာ အသာရ'တာမျိုး မဟုတ်ပါ)။

## သက်တော် ၈နှစ်ဆယ့်လေးနှစ် (၃၉၅–၄၄၆)

နေရာတကာမှာ အချိန်တိုင်း အချိန်တိုင်း ပြောင်းလဲနေတာပဲ။ ဘုန်းကြီး သတိပြုနေတာကတော့ သာသနာ အရှည်ကြာမြင့်အောင် တည်တံ့ဖို့ပဲ ဖြစ်တယ်။ အတိအကျပြောရရင် သာသနာ စည်ပင်အောင် အားလုံး ပူးပေါင်း ဆောင်ရွက်ဖို့ အချင်းချင်းကို နှိုးဆော်ရတာ ဖြစ်ပါတယ်။ မြန်မာလူမျိုး ဗုဒ္ဓသာသနာဝင်တွေ ဆိုရင် အတော်ကလေး အသိဉာဏ်ရှိတဲ့ လူတွေတောင် သီလနဲ့ ဘာဝနာ မသိသလို နေကြတယ်။ ဒါနကျတော့ တလွဲတွေးပြီး အဖြုန်းသဘောမျိုးတွေ အများကြီး ပါနေတယ်။ ဒါတွေကို ကိုယ်ကျင့်အဘိဓမ္မာကျမ်း (ကျမ်း ၆၃ ထဲက အမှတ် ၆) မှာ အကျယ်တဝင့် ရေးပြခဲ့ဖူးပါတယ်။ သီလမရှိတဲ့သူက သူဌေးဖြစ်ပါတယ်။ (ငါးပါးသီလ အပျက်ခံပြီး ငွေရှာတယ်)။

ဒါနကို ငွေရှိလာတော့ အရမ်းလုပ်တယ်။ ဘုန်းကြီးတွေကလဲ အာပတ်သင့်မှာ မကြောက်ဘဲ လှူမယ့်သူကို မြှူဆွယ်တယ်။ ဝိနည်းတော်ကို ဂရုမစိုက်ကြဘူး။ အဲဒီတော့ ဘာဖြစ်သလဲ၊ လယ်တီဆရာတော် ပြောသလို 'အပါယ်ထိုထို ဥဒဟိုသည် နင်လိုလူမိုက် သွားလမ်းတည်း' ဖြစ်နေတယ်။ စာသင်သားတွေလဲ စာမေးပွဲ အောင်ချင်တယ်၊ ဆုရချင်တယ်ဆိုရင် လောဘဇောပဲ အပါယ်အကျိုးပေးမှာပေါ့။

ရှာဦးက ဘုန်းတော်ကြီးကျောင်းကို ရွာက ကလေးတွေ မလွှတ်လို့ ဗုဒ္ဓသာသနာကို အကြီးအကျယ် ထိခိုက်တယ်လို့ ပြောပြီးပါပြီ။ အခု ဆက်ပြီး သတိပေးစကား ပြောလိုပါသေးတယ်။ လူတွေ ဘုရားသွားပြီး ဆုတောင်းတယ်ဆိုတာ ကိုယ်ရေးကိုယ်တာ ဂုဏ်ကြီးမြင့်ဖို့၊ ချမ်းသာဖို့ ဆုတောင်းကြတာပဲ ဖြစ်တယ်။ ဗုဒ္ဓသာသနာ ကြီးမြင့်ဖို့ မပါဘူး။ ဘုန်းကြီးကလဲ ဗုဒ္ဓတရားတော် စစ်စစ်ကို မဟောဘူး။ ဝိနည်းတော်လဲ မလေးစားဘူး။ ဒါကြောင့်-

ဘုရားအစစ်ကို ဧစေတီရုပ်ပွား ဆင်းတုတော်တွေက ကွယ်ထားတယ်

တရားအစစ်ကို ဓမ္မကထိကတွေရဲ့ ဟောတရားက ကွယ်ထားတယ်

သံဃာအစစ်ကို ဘုန်းတော်ကြီးတွေက ကွယ်ထားတယ်လို့ ရှေးစကား ရှိခဲ့တာပေါ့။

ဘုန်းကြီးက ဘုရားမှာ ဆွမ်း၊ ပန်း၊ ဆီမီးလှူတာ ကုသိုလ်မရဘူးလို့ ပြောတာ မဟုတ်ပါ။ ဒါကို အနာဂတ်သာသနာရေး (၆၃ ကျမ်းထဲက အမှတ် ၁၂) ထဲမှာ အကျယ် ပြောခဲ့ပြီးပါပြီ။ ဝိနည်းပ ာ ဗုဒ္ဓသာသနာရဲ့ အသက် ဖြစ်ပါတယ်။ လဇ္ဇီပုဂ္ဂိုလ်လိုတယ်။ လဇ္ဇီဆိုတာ ရှက်ခြင်း၊ စည်းကမ်းပေါက်မှာကို ရှက်ရမယ်။ ရှေးကလိုပဲ သံဃာဆိုရင် သ ာသနာတိုးတက်အောင်

ဆောင်ရွက်ဖို့ တာဝန်ရှိတယ်။ သီးလုံးဆရာတော်ဟာ ဗန်းမော်၊ သင်္ဂဇာနဲ့ ရွှေကျင်ဆရာတော်တွေရဲ့ ဆရာဖြစ်တယ်။ ဟိုတုန်းက ရွှေကျင်ရယ်၊ သုဓမ္မာရယ်နဲ့ အကွဲအပြား မရှိသေးဘူး။ အခုလဲ ဘုန်းကြီးက ဒီအစုအသင်းကို ဖယ်၊ ဗုဒ္ဓသာသနာအတွက် အတူ ပေါင်းလုပ်ကြမယ်လို့ ပြောပါ ဟောပါတယ်။ (တစ်ဘာဝ ၁၉၇၉၊ ၄၁၆-၄၁၇) အဲဒါကိုလဲ နောက်လိုက်သံဃာ ငါ့ရာ့ငါးဆယ်နဲ့ လက်တွေ့ လုပ်ပြနေပါတယ်။ နေရာတကာမှာ တစ်မျိုးမဟုတ် တစ်မျိုး လိုက်နှောင့်ယှက်နေကြပါတယ်။

ဒီကျောင်းတိုက်မှာ အားလုံးကောင်းတယ်လို့ မဆိုလိုပါ။ ၉ အောက်တိုဘာ ၁၉၇၄ ညနေ ၇ နာရီလောက်မှာ ကျောင်းတိုက်တွင်းက အော်သံ ဟစ်သံ ကြားရတယ်။ စာချဆရာနှစ်ပါးနဲ့ ပန်းရန်မိန်းကလေးကိစ္စ ဖြစ်တယ်။ ဖြစ်ပုံ အသေးစိတ်ကို မေးလေ့ မရှိပါ။ ကာယကံရှင်တွေကို ကိုယ့်ပြဿနာကိုယ်ရှင်း အပြစ်ချသင့်ရင် ချ၊ နှင်ရမယ့်သူရှိရင် နှင်ပစ်။ ကုန်ဈေးနှုန်းကြီးလို့ ကျွေးရမယ့်သူ နည်းလေး ကောင်းလေပဲ ပြောလိုက်တယ်။ ဒီက ထွက်သွားချင်တယ်ဆိုရင်လဲ မတားဘူးပေါ့။ ဒါပဲ ဘုန်းကြီး ပြောနိုင်တယ်။

ဘုန်းကြီးရဲ့ ဇာတိနယ်မြေက ဘုန်းကြီးကို တစ်ခါ တစ်ခေါက် ပြန်ကြွလာစေချင်တယ်။ ဘုန်းကြီးတစ်ပါးတည်း မသွားလိုပါ။ တပည့် သံဃာ တစ်ရာကို ကားနဲ့ ခေါ်သွားပါတယ်။

၂ နိုဝင်ဘာ ၁၉၇၄ က သွားတယ်။ မြောင်းမြဆရာတော်လဲ လိုက်ပါ ကြွရောက် ချီးမြှင့်ပါတယ်။ အောင်မြင်တဲ့ခရီး ဖြစ်ပါတယ်။ ဘုန်းကြီး ဘာလုပ်နေတယ်၊ ဘယ်အခြေအနေ ရှိတယ်ဆိုတာ ဖော်ထုတ်ပြသတဲ့ပွဲ ဖြစ်တယ်။ ဘုန်းကြီးရဲ့ လုပ်ငန်းက သာသနာ ပြန်လည် ထွန်းကားရေးလို့ ဆိုနိုင်ပါတယ်။ သာသနာ ပြန့်ပွားရေးအတွက်လဲ အတိုင်းမသိ တန်ဖိုးရှိတယ်။ ထိရောက်တယ်။ (တစ်ဘဝ ၁၉၇၉၊ ၄၃၃-၄၃၄) ဝိနယကို သံဃာတွေ သိပ်ပြီး အပီအသ မလိုက်နာကြဘဲ ဖြစ်နေတာ ကြာပြီ။ ဘယ်သူကမှ ဟန့်တား ဆုံးမတာ မရှိဘူး။ ဒါကို ခုမှ ပြောမယ်ဆိုရင် အကြီးအကျယ် ကိစ္စကြီးကို ရှင်းရသလို သိပ်ခက်မယ်။ ဘုန်းကြီးမှာ ဒီကိစ္စကို ဘယ်လို ကိုင်ရမယ်ဆိုတာ သိထားပါတယ်။ ခုဖွင့်ပြီး မပြောသေးပါ။

စာအုပ် ထုတ်ဝေရေးမှာ အစ်မလေးက ဦးစီးဖြစ်ပါတယ်လို့ ပြောပြီးဖြစ်ပါတယ်။ မောင်ဝမ်းကွဲ မောင်ကျော်နဲ့ ဘုန်းကြီးတူ မောင်အောင်ခန့်က ကူညီဖော်ရပါတယ်။ ဝင်ငွေရဲ့ တစ်စိတ်တစ်ပိုင်းက ပုံနှိပ်စက် လည်ဖို့ ချန်ရပါတယ်။ ကျောင်းတိုက်ဆွမ်းကိစ္စ လိုရင်လဲ မျှရပါတယ်။ အစ်မလေး ဆုံးတော့ မြေဘရင်း ဒင်စပက်တော် (အငြိမ်းစား) ဦးကျော်ဝင်းက ဘုန်းကြီးရဲ့ နဝကမ္မကို ထိန်းပေးတယ်။ မောင်ကျော်နဲ့ မောင်အောင်ခန့်က သူ့ကို ကူညီရပါတယ်။ ဦးမောင်ကြီးကတော့ ရေနံတူးဖော်


ရေးမှာ အစုရှယ်ယာ နည်းနည်းပါထားလို့ အမြတ်နှစ်စဉ်ရတဲ့ အခါ အဲဒီ အမြတ်ရဲ့ ရှစ်ချိုး တစ်ချိုးကို ဘုန်းကြီး နဝကမ္မပါလို့ ပို့ပေးတယ်။ ငွေကျပ် ၃၀၀၀ လောက် ရှိတယ်။ ဒါယကာတချို့ လှူတဲ့ နဝကမ္မ၊ အဂ္ဂမဟာပဏ္ဍိတအတွက် နဝကမ္မလဲ ရှိတယ်။ ဒီကိစ္စတွေအတွက် ရန်ကုန်ကို ရံဖန်ရံခါ သွားရတတ်ပါတယ်။ အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ဆရာတော်တွေကို မီးရထား၊ မီးသင်္ဘော အလကားစီးခွင့် ပြုပါတယ်။

ဒါပေမဲ့ အခုခေတ်မှာ အချိန်မမှန်တာက များလာပြီး လူလဲ ကျပ်တယ်။ တစ်နာရီ မိုင် ၃၀ သာ သွားပေမယ့် အမြန်ခေါ်တဲ့ ရထားကတော့ အလကား မတင်ဘူး။ ဒီတော့ လေယာဉ်အပြင် တခြား စီးစရာ မရှိတော့ပါ။ ရန်ကုန်ရောက်ရင် ဗဟန်း မဟာ ဝိသုဒ္ဓါရုံမှာ တည်းခိုရတယ်။ ရန်ကုန်မှာ ဟောပြောဖို့ ကြုံရင်တော့ သာသနာ ပြန်လည်ပေါ်ထွန်းရေးပဲ ဟောပါတယ်။

ဘုန်းကြီးက ကိုယ့်ကိုယ်ကို မကြော်ငြာဘူး၊ ရှောင်တယ်။ ထင်ပေါ်ကျော်ကြားလိုစိတ် မရှိဘူး။ တခြား နာမည်ကြီးတွေ ဆိုရင် သူတို့ရောက်ရာအရပ်က ကြိုဆိုရေးကော်မတီဖွဲ့ပြီး သူတို့ကို အိုးစည်ဗုံမောင်းနဲ့ ဆူဆူညံညံ ကြိုမှ ကြိုက်တယ်။ ငွေကုန်၊ အချိန်ကုန်၊ ဘုန်းကြီးက ဒါမျိုးကို ခွင့်မပြုပါ။ ရိုးရိုးပဲ သွားချင်တယ်။

တစ်ခါ ရန်ကုန်က အပြန် ဒေါက်တာ ဦးထွန်းသင် (၁၉၃၆-၆ ဩဂုတ် ၁၉၉၈) မမျှော်လင့်ဘဲ ဘုန်းကြီးဆီ လာတယ်။ သူက ဘုန်းကြီးကို ဆေးကုပေးတဲ့ ဆရာတွေထဲမှာ မပါဘူး။ သူလာတော့ ဒေါက်တာဒေါ်ညိုညို (ရိုးရိုးဆရာဝန်) နဲ့ ဒေါက်တာဒေါ်ငွေးမြင့် (ခာတ်မှန်) တို့က ဘုန်းကြီးကို ဆေးစစ်ပေးခိုက်ဖြစ်တယ်။ တိုက်ဆိုင်တာပဲလား၊ သူတို့က ဘုန်းကြီးကို မပြောဘဲ အထူးကုဆရာဝန်ကြီးကို ပင့်ထားတာလား ကွဲပြားအောင် မသိပါ။ အဆုတ် အအေးပတ်တယ်တဲ့၊ သိပ်အရေးမကြီးပါဘူးတဲ့။ တခြားပြောတာတွေ မမှတ်မိပါ။ ဆရာတွေ လက်ထဲမှာပဲ လုပ်လိုရာ လုပ်ပါစေလို့ သဘောထားတယ်။ တိုင်းရင်းဆေးက ဆေးဒဏ် မခံရ၊ ကိုယ်တိုင်လဲ ဝေဒနာနဲ့ ဆေးကို ညှိတတ်ပါတယ်။

အနောက်တိုင်း ဆေးဆရာတွေကို ဘာမှ ပြောစရာ မရှိ၊ ဘာဆေးမှ မပေး၊ ဘုန်းကြီးက အမြိုက်ဆေး ထင်နေတဲ့ ငါးကြီးဆီကို စွဲလမ်းပြီး မှန်မှန် သောက်နေတာကိုလဲ အပြစ်မတင်ပါ။ သမ္မောဟဝိနောဒနီ အဌကထာနဲ့ မူလဋီကာကို ဆက်ပြီး စာချလိုက်သေးတယ်။ လာမယ့် ဧပြီ ၁၉၇၄ မှာ ဒီစာဝါ ပြီးမယ်။ သမ္မောဟဝိနောဒနီ ပထမတွဲက စက်တင်ထားပြီ၊ ဒီနှစ်ကျမ်းကို အသက် ခုနစ်ဆယ့်လေးနှစ်မှာ ရေးပြီးလို့ ကျေနပ် ဝမ်းသာနေတယ်။



သက်တော် ၇၅ နှစ်အရွယ်
အရှင်ဇနကာဘိဝံသ

## သက်တော် ခုနစ်ဆယ့်ငါး (၄၄၈–၄၆၇)

သမ္မောဟဝိနောဒနီကျမ်းပုံနှိပ်ရတာ မလွယ်ပါ။ ကန့်သတ်ဈေးနဲ့ စက္ကူမရနိုင်လို့ ဦးလှမောင်က ရန်ကုန် သာသနာ့ကောင်စီပုံနှိပ်တိုက်မှာ ဘုန်းကြီးကိုယ်တိုင် အမှားပြင်ပြီးသား စာမူကိုယူပြီး ရိုက်ပေးလို့ အချိန်မကြန့်ကြာဘဲ ပုံနှိပ် ပြီးစီးသွားပါတယ်။ ကုန်ဈေးနှုန်းတွေ တက်လို့ ဒုက္ခကြုံရတဲ့ နောက်ပြဿနာတစ်ခုက သရိုင်က ရွှေဘုံသာစေတီကို ပြင်ဆင်ရေးကိစ္စ ဖြစ်တယ်။ ဘုန်းကြီးက တာဝန်ယူပြီး ပြင်တယ်။ ပြီးစီးရင် ရွှေတိဂုံပုံတော်အတိုင်း ဖြစ်လာမယ်။ ကုန်ကျစရိတ် ကျပ်ငွေ ၃၀,၀၀၀ ဖြစ်မယ်လို့ ခန့်မှန်းခဲ့ပါတယ်။ အင်မတန် မြင့်အောင် ဈေးနှုန်းတွေတက်လာလို့ ခန့်မှန်းပိုက်ဆံဟာ နှစ်ဆ သုံးဆ ဖြစ်တော့မယ့်သဘောရှိတယ်။

နောက်ပြဿနာတစ်ခုက ကျောင်းတိုက်မှာ ဒီနှစ် သံဃာလေးရာ့ကိုးဆယ် ရှိတယ်။ အဲဒီ သံဃာတွေကို နေ့ဆွမ်းတစ်နပ်ချက်ပေးစရာ ဆန်လုံလောက်အောင် ရှိထားဖို့ ဖြစ်တယ်။ ဆန်တစ်ပြည်ကို ငွေ ၄ ကျပ် ဖြစ်နေပြီ။ ရဟန်းတစ်ပါး နေ့ဆွမ်းအတွက် ဆွမ်းခံထွက်လို့ နေ့ဆွမ်းတစ်နပ်ဝအောင် မရတော့ပါ။ ဆန်လှူတဲ့ ဒါယကာတွေက ဒီနှစ် ခါတိုင်းထက် ပိုလှူပါတယ်။ တောင်သမန်က ဒီနှစ် ရေအတိုးကြမ်းလို့ ဆန်ထားတဲ့ ဇရပ်ခါးပန်းထိ ရေရောက်လာတော့ ကြမ်းပါ မကြာမီ ရေမြုပ်သွား

တော့မယ့် အန္တရာယ်ကို မြင်ပြီး ဆန်အိတ်တွေကို နေရာရွှေ့ဖို့ လုပ်နေကြတုန်း သူခိုးက ဆန်ငါးအိတ်၊ လက်ဖက်ခြောက် နှစ်အိတ်ကို ဝင်ပြီး ခိုးသွားပါတယ်။ နေ့ခင်း သံဃာတွေ နေ့ဆွမ်း ကပ်ခိုက် အဲဒီလို အခိုးခံရတာ အံ့ဩစရာ မကောင်းလား။

ဘာမှ မစိုးရိမ်နဲ့လို့ဘဲ ပြောကြမှာ ဖြစ်ပါတယ်။ ဒါယကာ၊ ဒါယိကာမတွေ သိရင် ပျောက်ဆုံးတာထက် အဆအများကြီး ပိုအောင် ချက်ချင်းလာလှူကြမှာပါတဲ့။ လူမသိစေနဲ့လို့ ဘုန်းကြီးက အမိန့်ထုတ်လိုက်တယ်။ ဒါပေမဲ့လဲ ဘယ်လို သိသလဲ မပြောတတ်ပါ။ ဆန်လာပို့ကြလို့ ဆန်ရှိပါတယ်လို့ပဲ သတင်းလွှင့်ပေးကြပါလို့ ပြောရတယ်။

မနှစ်က စာသင်သား ငါးရာ၊ အခုနှစ် လေးရာ့ငါးဆယ်။ မနှစ်က ဆူဆူညံညံ ဖြစ်တာနဲ့ ဒီနှစ် ကျောင်းဝင်ခွင့်ကို ပိုပြီး တင်းကျပ်လိုက်လို့ လူဦးရေ လျော့သွားတာ ဖြစ်တယ်။ ပထမပြန် စာမေးပွဲကိုပဲ ထိပ်တန်းထားပြီး လာတဲ့သူတွေကို လက်မခံပါ။ ဝင်ပြီးသား တချို့ကလဲ သူတို့ စာသင်တာက စာမေးပွဲကို ထိပ်တန်းထားတာဖြစ်လို့ ဒီကျောင်းတိုက်မှာ ဆက်မနေဘဲ ထွက်ကြတယ်။ သူတို့ သတင်းကို ကြားလို့လဲ ဝင်ချင်သူတွေ နည်းသွားတာလဲ ဖြစ်မယ်။

မနှစ်ကလိုပဲ ဇာတိရွာကို နောက်ပါ သံဃာ တစ်ရာ့ငါးဆယ်နဲ့ သွားဖို့ စီစဉ်ပါတယ်။ အကြောင်းပြစရာကတော့

ပြင်ဆင်ပြီးစီးတဲ့ သရိုင် ရွှေဘုံသာဘုရား ထီးတင်ဖို့ ဖြစ်ပါတယ်။ ကားပြင်ဖို့ ပစ္စည်းရှားတယ်။ ဓာတ်ဆီ အလုံအလောက်ရဖို့ မလွယ်ဘူးဆိုပြီး အငှားကား လူစီးဘတ်စ်ကားတွေ ခေတ္တ မပြေးဆွဲဘဲ ရပ်ထားချိန်ကြုံလို့ မီးရထားနဲ့သွားဖို့ စီစဉ်ရပါတယ်။ မနှစ်က ရထားစီးရင် ဝက်လက်ကို နေ့ဆွမ်းစားချိန် လွန်မှ ရောက်မယ်ပြောတယ်။ ဒီနှစ် မီးရထားမှာ အစစ အခက်အခဲ တွေ ရှိပေမယ့် မီးရထားတွေ မရပ်ဘဲ ဆက်ပြေးနေတယ်။ နည်းနည်း အချိန်ဇယားကိုလဲ ပြင်ထားတယ်။

ဒါကြောင့် ဝက်လက်ကို ဆွမ်းစားအမီ ရောက်မယ်လို့ ရထားဘက်ကပြောလို့ ရထားနဲ့သွားရတာ ဖြစ်တယ်။ ဝက်လက် ဘူတာ ရောက်ပြီး ဝက်လက်ကျောင်းကို သံဃာတွေ စီတန်းပြီး ထွက်လာကြတော့ အသံချဲ့စက်နဲ့ သံဃာတော် အစစ်အမှန်တွေ ကြွလာပါပြီ ခင်ဗျားလို့ ကြေညာလိုက်တယ်။ ဒီလို မကြေညာနဲ့၊ ချက်ချင်း ရပ်ပါလို့ ပိတ်ရတယ်။ သံဃာနဲ့ သမ္မုတိသံဃာ ဘာ ကွာသလဲဆိုတာ ဟောဖို့အချက်တစ်ခုရလို့ ဟောရသေးတယ် ဆိုပါတော့။ အခု ဘုန်းကြီးတို့က အတုတွေ၊ အတုမှ အပေါ်စား အတု ဖြစ်တယ်။ သရိုင်က ပြန်ခဲ့တဲ့အခါ ဒီခရီးကြောင့် တပည့် သံဃာတွေကို ပြောစရာ အချက် လေးချက် ရတယ်။

(၁) အများပြည်သူကျေးတဲ့ ဆွမ်းကို တို့စားနေရတယ်၊ တို့က သီလမြဲပါစေ၊ သမာဓိခိုင်ပါစေ၊ ပညာရင့်ပါစေ၊

ဒါမှ စားထိုက်တယ်။ ဒီလိုမဟုတ်ရင် သေတဲ့အခါ တစ္ဆေ၊ ပြိတ္တာ ဖြစ်လိမ့်မယ်

(၂) မြတ်စွာဘုရား တရားတော်ကို သင်ယူတယ်ဆိုတာ လိုက်နာကျင့်ကြံဖို့ ရည်ရွယ်ထားရတယ်၊ စာမေးပွဲဝင်ပြီး ဖြေဖို့နဲ့ အောင်ရင်ရမယ့် ဂုဏ်နဲ့ဆုကို မျှော်လင့်လို့ ဆိုရင် မမှန်ဘူး၊ စာချတန်းအောင်တယ်ဆိုပေမယ့် ကိုယ်တိုင် သဘောပေါက် နားလည်မထားရင် စာကျက်ရကျိုး မနပ်ဘူး၊ တကယ်လဲ ဆရာ မလုပ်နိုင်ဘူး၊ စာမေးပွဲ အောင်ဖို့ပဲ စာကျက်ခဲ့လို့ ဖြစ်တယ်၊ ဒီတော့ ပန်းတိုင် အဝင်မှားတယ် ခေါ်ရမှာဖြစ်တယ်၊ ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿာ ဖြစ်သွားမယ်။

(၃) မြတ်စွာဘုရား တရားတော်ကို ဂုဏ်သတင်း၊ ဆုလာဘ် ဆိုတာတွေ မျှော်လင့်ပြီး သင်ရင် လူမိုက်မြွေအလမ္ပာယ်ဆရာနဲ့ တူတယ်၊ မြွေကို ခါးလယ်က ကိုင်တော့ မြွေက လှည့်ကိုက်လို့ သေတယ်၊ ရဟန်းဝတ်နဲ့ ပေါ့ပေါ့တန်တန်နေရင် သေတော့ အပါယ်ရောက်မယ်

(၄) ဒီအချက်တွေ ထောက်ပြီး ဘုရား တရားတော်ကို တကယ်နားလည်အောင်၊ သံသရာက လွတ်အောင် တကယ်ကြိုးစား အားထုတ်ကြပါ

စာမေးပွဲကို ရှေးမင်းတွေက စ ပေးခဲ့တာ မှန်တယ်။ အောင်ရင် ဆုကြီးပေးတာလဲ မှန်တယ်။ ဒါပေမယ့် ကောင်းတဲ့ အမွေ မဟုတ်ဘူးဆိုတာ သိကြစမ်းပါ။ ဘုန်းကြီးက တမင် နှိပ်နှိပ်စက်စက် ပြောနေတာ မဟုတ်ဘူး။ အမှန်ကို ပြောတာ။ ဒီလို စာမေးပွဲစနစ်ကို ဖျက်သိမ်းနိုင်ရင် အကောင်းဆုံးပဲ။ ဘုန်းကြီးတို့ ကျောင်းတိုက်မှာ နေ့ကို စာသင်၊ ညမှာ အိပ်တဲ့ အထိ တရားထိုင် (တစ်ဘ၀ ၁၉၇၉၊ ၄၆၀)။ လူတိုင်းက အခု ဘုန်းကြီးပြောတာကို ကြိုက်မယ် မထင်ပါ။ ဘုန်းကြီးက ကျောင်း တိုက်အတွင်းမှာ ဒါပဲ လုပ်မယ်။ သုံးနှစ်လောက် လိုက်ပြီး စမ်း ကြည့်ကြပါလား။ အစိုးရသာ ဒီလို လုပ်တာကို ဟုတ်တယ်လို့ သဘောပေါက်ပြီး လိုက်လုပ်ကြလို့ ပြောမှ နောက်ဆုံး အောင် မြင်မယ်လို့လဲ တွက်ပါတယ်။ ကိုယ်လိုတာရအောင် သည်းခံပြီး စောင့်ရမယ်။ အချိန်ကြာလေ မှန်တယ်ဆိုတာ ထင်ရှားလေ ဖြစ်မှာပါ။ ဗုဒ္ဓမြတ်စွာက မဂ်လမ်း ဖွင့်ထားပြီ။ လိုက်ရုံပဲပေါ့။

နောက်စိတ်ကူးတစ်ခုကတော့ (ပုဂံခေတ်ကလို) တော ကျောင်းမျိုး ပြန်ပြီး ထူထောင်သင့်ပါတယ်။ သူတော်ကောင်း နှစ်ပါး သုံးပါး ဆွမ်းခံဖို့ ရွာနဲ့ မနီးမဝေး တောမှာ နေမယ်။ နေတဲ့ တဲကလဲ နေဖြစ်ရုံလေး။ သူတို့ ထွက်သွားရင် ပြိုကျန်ရစ် မှာ ဖြစ်ပါတယ်။ အဲဒီအထဲမှာ ဘာပစ္စည်းမှ အထွေအထူး မရှိ၊ အမျိုးသမီး သူတော်မလဲ ဒီလိုပဲ နေမယ်။ ဒါပေမဲ့ ရွာနဲ့ ပိုပြီး

နိုးရင် ကောင်းမယ်။ အမျိုးသားသူတော်နဲ့ မနီးစေရဘူး။ နောက် တတိယ အမျိုးကတော့ လောကုတ္တရာစာ သင်ပါ။ ဒါပေမဲ့ အခုခေတ် သင်ရိုးနဲ့တော့ တူလို့ မဖြစ်၊ ပြုပြင်ပေးရမယ်။

**သက်တော် ခုနစ်ဆယ့်ခြောက် (၄၆၈–၄၈၄)**

ညှော်သည် များလွန်းတယ်။ ဘုန်းကြီး မကြိုက်ပါ။ ကိုယ့်ကိစ္စ လုပ်ချိန် မရသလောက် ဖြစ်နေပြီ။ နေ့စဉ် လုပ်မြဲ အလုပ် အများကြီး ပျက်တယ်။ ဘုန်းကြီးတော့ ဒါကို စိတ်ပျက်နေတယ်။ ရဟန်းတွေ နေ့ကို စာသင်၊ ညကို ကမ္မဋ္ဌာန်းထိုင် ဆိုတဲ့ ဆောင်ပုဒ်သစ်ကို ဘုန်းကြီး စမ်းသပ်နေတယ်။ ဒါကြောင့်လဲ ဘုန်းကြီးတို့ဆီကို ရဟန်းငယ်တွေ သိပ်မလာချင်တော့ဘူး။ အခု လေးရာလောက်ပဲ ရှိတော့တယ်။ (တစ်ဘ၀ ၁၉၇၉၊ ၄၆၀) ကိစ္စ မရှိဘူး။ နောက်ဆုံး 'ဘုန်းကြီးပဲ ကျန်ပါစေ'၊ တစ်မျိုးပြောရင် ဘုန်းကြီး စီမံကိန်းဟာ ဖြစ်နိုင်တယ်။ သိပ်ကန့်ကွက်စရာလဲ မရှိပါဘူး။ နိုင်ငံအစိုးရ ဆိုတာက အပြောင်းအလဲ ရှိရင်လဲ အေးဆေး ငြိမ်သက်စွာ ပြောင်းမှ ကြိုက်တာ။ အခုပြောတဲ့ပုံစံ ကြောင့် ဆူပူစရာ မမြင်ပါ။

ဘုန်းကြီးရဲ့ဆရာ မြောင်းမြဆရာတော်က ရန်ကုန် မဟာ ဗောဓိကျောင်းမှာ ၂၄ ဇူလိုင် ၁၉၇၅၊ နံနက် ၇ နာရီမှာ ပျံလွန် တော်မူတယ်။ ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာအစည်းအဝေးကို ပဲခူးမှာ

ကျင်းပတော့ ဘုန်းကြီးကို နာယကဆရာတော်တစ်ပါးအဖြစ်နဲ့ ဖွတ်ခန့်တယ်။ ဘုန်းကြီး ငြင်းပေမယ့် မရဘူး။ အစည်းအဝေး ညဘက်တရားပွဲမှာ သာသနာက ဘာမှ ပြောစရာမရှိ သာသနာ့ ဝန်ထမ်း ရဟန်းတွေပဲ ဆင်ခြင်ကြဖို့ လိုတယ်လို့ ဟောခဲ့ပါတယ်။ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ လုပ်တယ် ဆိုပေမယ့် သိပ်ပြီး လေးလေးနက်နက် မရှိပါ။ အစည်းအဝေးကြီး မပြီးခင်ဘဲ ရန်ကုန်က မဟာဗောဓိကျောင်း၊ မြောင်းမြက ပဋ္ဌာနတာရုံ ကျောင်း၊ ဒီကျောင်းနှစ်ကျောင်းအတွက် ကျောင်းဘုန်းကြီး ရွေးဖို့ ကိစ္စနဲ့ ပဲခူးက ထွက်ခဲ့ရတယ်။

ဘုန်းကြီးဆုံးဖြတ်ချက်က အခု မြောင်းမြမှာနေတဲ့ ဦး ဉာဏိကနဲ့ တပည့်တွေက ရန်ကုန်ကို လာ၊ အခု ရန်ကုန်မှာ နေတဲ့ ဦးကုမာရနဲ့ တပည့်တွေက မြောင်းမြကို သွားကြရမယ်။ အဲဒီလို ဘုန်းကြီး ဆုံးဖြတ်တာမှာ ထောက်စရာ အချက်နှစ်ခု ရှိတယ်။

(၁) ဦးဉာဏိကဟာ ပိဋကကို ပိုင်နိုင်တယ်၊ သက္ကတနဲ့ အင်္ဂလိပ်ဘာသာလဲ တတ်တယ်။ ဒီလို ပုဂ္ဂိုလ်ဟာ ရန်ကုန်လာပြီး ပိဋကစာချရင်း ဗုဒ္ဓသာသနာ ပြန့်ပွား အောင် အလုပ်ကောင်းကောင်း လုပ်နိုင်မယ်

(၂) ဦးကုမာရက စာသင်တိုက်ကြီး တစ်ခုကို ကောင်း ကောင်း အုပ်ထိန်းနိုင်တယ်၊ စာချ စာဟောမှာတော့

သိပ်အားမကိုးရပါ၊ မြောင်းမြပဋ္ဌာနတာရုံကျောင်း ဦးကုန္ဒဝံသက စာချကောင်းတယ်၊ ဦးကုမာရကို ကူညီပြီး ပဋ္ဌာနတာရုံ နှစ်တိုက်ဟာ တွဲဖက်ပြီး စာသင် တွေကို အများကြီး ပံ့ပိုးနိုင်မယ်

အခုလို ဘုန်းကြီး ပြောပြတာကို လပ္ပတ္တာ လေးထပ်ဆရာ တော်က ထောက်ခံတယ်။

ဘုန်းကြီးမှာ စာဝါနှစ်ခု ပို့ချဖို့ ရှိတယ်။ တစ်ခုက ကထာ ဝတ္ထု (ပါဠိနဲ့ အနက်)၊ နောက်တစ်ခုက သုတ်မဟာဝဂ္ဂ (ပါဠိနဲ့ အနက်) ဖြစ်ပါတယ်။ ပထမစာအတွက် သုံးတွဲပါတဲ့ ကျမ်းတစ် ကျမ်း ရေးပြီး ရှိပါတယ်။ ဒုတိယစာဝါကိုတော့ ကက်ဆက်အခွေ သွင်းထားတယ်။ ဘုန်းကြီးအတွက် စက္ကူပေါ်မှာ ရေးကူးပေး ထားတယ်။ ဘုန်းကြီး တည်းဖြတ်ပေးပြီးရင် စာအုပ်ရိုက်မယ်။ ဘုန်းကြီးစာချနေတဲ့အခါ တချို့စာချတွေ လာပြီး နားထောင် တယ်လို့ သိရတယ်။ စာသင်က လေးမျိုးရှိတယ်။

(၁) ဥဂ္ဃဋိတညူ - သစ္စာလေးပါးတရားကို ကြားခါမျှနဲ့ သိမြင်သူ

(၂) ဝိပဉ္စိတညူ - အကျယ်ပြောပြမှ သိမြင်သူ

(၃) နေယျ - ပြောဟောဆွေးနွေးပြီး ဘာဝနာပွားတော့မှ သိမြင်သူ

(၄) ပဒပရမ - သစ္စာလေးပါး တရားကို ဘယ်လောက် ကြိုးစား ကြိုးစား နားမလည်၊ ပါရမီဖြစ်ရုံပဲ ရှိတယ်။ နောက်ဘဝတွေကျရင် နားလည်နိုင်လောက်တယ်။

လူများစုဟာ ပဒပရမ ဖြစ်တယ်။ သာမဏေရ အများစု ကလဲ သီလလဲ လုံအောင် မထိန်း၊ ဘာဝနာလဲ ဖြစ်မြောက် အောင် မလုပ်ကြ၊ ဒီတော့ ဒိပုဂ္ဂိုလ်တွေ ဘယ်မှာ တရား ရနိုင်ပါ့ မလဲ။ (တစ်ဘဝ-၁၉၇၉၊ ၄၇၉)။ ဘယ်ဘုန်းကြီးဖြစ်ဖြစ် သီလ မစင်ကြယ်ရင် ဘုန်းကြီးဘဝနဲ့ ဘယ်မှာ ဆက်နေသင့်မလဲ။ လူထွက်တာပဲ ကောင်းတယ်။ လူဝတ်ကြောင်က ငါးပါးသီလပဲ ထိန်းရတယ်။ ရဟန်းက ထိန်းစရာ သိက္ခာပုဒ်တွေ အများကြီး ပိုတယ်။ အဲဒါ ပျက်ကွက်ရင် အပါယ်ရောက်မှာပါပဲ။

ရဟန်းအရေအတွက်များတိုင်း သာသနာထွန်းကားစည်ပင် တယ်လို့ မထင်နဲ့၊ သာသနာဟာ သီလ၊ သမာဓိ၊ ပညာကို ထိန်းပြီး ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ အလေ့များမှ ထွန်းကားမှာ ဖြစ်ပါတယ်။ ဘုန်းကြီးတို့ ကျောင်းကို ဝင်ချင်ရင် ကိုယ့်ဘာသာ အရင် ဆုံးဖြတ်ပါ။ ဆိုလိုတာက ဘုန်းကြီးတို့ ချမှတ်တဲ့ ဥပဒေကို လိုက်နိုင်မလား။ လိုက်နိုင်ရင် လာခဲ့ပါ။ လာနေဖြစ်ရင် ပဒပရမ ဖြစ်အောင် လုပ်ပေးနိုင်ပါတယ်။

ဆရာတော်တွေ မွေးနေ့ပွဲလုပ်တာကို မဟာဝိသုဒ္ဓါရာမ ဆရာတော်က အခုလို မိန့်ဖူးတယ်။

ဘေးပွဲကြို
အေးသဲ(သည်း)တုန် ကိုယ်စိကုတ်ပါလို့
အားထုတ်သင့်သား၊
သို့ပါကို ဘယ်တော့ ဘာလိုလို့နဲ့
နောင်ရေးကို မျှော်ခေါ်လင့်လို့
ဘာဝနာ သီခေါင်လွင့်တယ်
ဖျင်းဖင့် အများ။

## သက်တော် ခုနစ်ဆယ့်ခုနစ်နှစ် (၄၈၅–၅၀၀)

အသက်ရလာတော့ ကျန်းမာရေး ညံ့လာတယ်။ ခါးနာတာ၊ ဒူးနာတာမျိုးတွေလဲ ဖြစ်လာတယ်။ အနှိပ်နဲ့ ပျောက်တယ်။ သွေးတိုးလဲ သတိထားရတယ်။ ရှေးကုထုံးတွေလဲ အားကိုးရပါတယ်။

နာရီပိုင်းလောက် ရဟန်းလုပ်ချင်သူတွေအတွက် ဒုလ္လဘကထာကို ရေးပါတယ်။ အမြဲဝတ်တဲ့ ရဟန်းလဲ ဒီကျမ်းကို သုံးနိုင်ပါတယ်။

ဆွမ်းကျွေးနဲ့ ကုန်ဈေးနှုန်းတက်တာ ညှိရဖို့ ခက်တယ်။ ဇာတိရွာကို သံဃာတစ်ရာနဲ့ ပထမကြွခဲ့တဲ့အခါက ဟလင်းက ဆွမ်းဆန်စိမ်းလောင်းတယ်၊ ပဲ၊ ထန်းလျက်၊ ဆား စုံလို့ပဲ။ နောက်တစ်ခါ 'ရွာရိုးလျှောက်'ပြန်တော့ တခြားရွာတွေက အတုယူပြီး

ဆွမ်းဆန်စိမ်း လောင်းကြပြန်တယ်။ အလှူပစ္စည်းကို မက်ပြီး လုပ်တာမဟုတ်၊ အလိုအလျောက် ဖြစ်ပေါ်လာတဲ့ အလှူ ဖြစ်ပါတယ်။ ဘုန်းကြီးက အားမပေးပါဘူး။ ခုလို ကုန်ဈေးနှုန်း အရမ်းတက်နေတဲ့အခါ သင့်မြတ်သလိုတော့ ရှိတယ်။

**၁၉၇၇ ခုနှစ်**

| | | | |
|---|---|---|---|
| ဆန် | ၁ တင်း | ကျပ် | ၈၀ |
| ဆီ | ၁ ပိဿာ | ကျပ် | ၃၅ |
| ပဲ | ၁ တင်း | ကျပ် | ၄၀ |
| ဆား | ၁ ပိဿာ | ကျပ် | ၄ |
| ကြက်သွန် | ၁ ပိဿာ | ကျပ် | ၃ ပြား ၅၀ |
| ထန်းလျက် | ၁ ပိဿာ | ကျပ် | ၃ |

အခု ဘုန်းကြီးတို့ ကျောင်းတိုက်မှာ သံဃာအပါးလေးရာ ခြောက်ဆယ်၊ သူတော် နှစ်ဆယ်လောက် ရှိတယ်။ အခုအထိတော့ ဆွမ်းပြဿနာ မရှိသေးပါ။ သင်္ကန်းလဲ မပြတ်လိုပဲ လှူကြတယ်။ ဝါကျွတ်တဲ့အခါ သင်္ကန်းသုံးရာလောက်ကို မဲဖောက်ပြီး ပေးတော့ သံဃာစေ့အောင် မရဘူးပေါ့။ အဲဒီအခါလဲ လိုသမျှကို လှူပုံ့ါမယ်ဆိုတဲ့ ဒါယကာ ပေါ်လာတတ်ပါတယ်။ သင်္ကန်းတစ်စုံ ကျပ် ၁၃၀ ရှိတယ်။ အစိုးရဈေးနှုန်းက ကျပ် ၁၆၀ ဖြစ်သွားပြီ လို့လဲ ကြားပါတယ်။ အင်းလေ၊ ဇာဖြည်းဖြည်း ကျောင်းနေ သံဃာ အရေအတွက် လျှော့ရမှာပေါ့။

မဟာဂန္ဓာရုံကိစ္စကအပ ဘာတွေ လုပ်ဖြစ်သေးသလဲ ပြောပါဦးမယ်။

ကျောင်းတိုက် တောင်ဘက်မှာ ရုပ်ပွားတော် တောင်မင်းကြီးဘုရား ရှိတယ်။ တောင်သမန်ကမ်းစပ်မှာပါ။ နှစ်စဉ် ကမ်းပြိုလို့ ဘုရားတံတိုင်းအပြင်က ပတ်လည်လမ်း ကောင်ဘက်ခြမ်း ကုန်တော့မယ်။ အမရပူရ ပ. လ. စ အမှတ် ၂ အင်ဂျင်နီယာတပ်က မြေညှိစက်တွေနဲ့ မြေဖို့၊ အုတ်၊ အင်္ဂတေနဲ့ တံတိုင်းလုပ်လို့ ပတ်လည်လမ်း ကောင်းသွားတယ်။ နောက်တစ်ကြိမ် ရေတိုးရင် ကမ်းမပြိုနိုင်တော့ပါ။

ဦးကျော်ဝင်းက ငွေရှာတယ်။ ဦးစန္ဒောဘာသက ကြီးကြပ်တယ်။ ကျောင်းတိုက်ငွေကုန်လို့ လုပ်ငန်းမပြီးသေးတာကို (အခုရဟန်းဝတ်နေတဲ့) ဦးထွန်းလှိုင်နဲ့ ဒေါ်သိန်းတို့က တာဝန်ယူလို့ လမ်း လက်ဝဲ လက်ယာ အစွန်းနှစ်ဖက်မှာတောင် တိုးချဲ့နိုင်ပါသေးတယ်။

မိုးဟွင်းမှာ တောင်သမန် ရေပြည့်လို့ ဦးပိန်တံတားကိုပဲ အားကိုးပြီး အမရပူရနဲ့ တောင်သမန်ရွာ စတဲ့ ရွာတွေက ဆက်သွယ်ရပါတယ်။ အစိုးရလမ်းဌာနက ပြင်တတ်ပါတယ်။ ဘယ်တော့မှ လုံးလုံး ကောင်းသွားတယ် မရှိ။ တံတား ပြုပြင်ထိန်းသိမ်းရေးကို ဘုန်းကြီးတို့ ဝင်ရပါတယ်။ ဦးကျော်ဝင်းပဲ ငွေရှာတယ်။ ဒေါက်တာ မောင်မောင် (၃၁ ဇန်နဝါရီ ၁၉၂၅-

၅ ဇူလိုင် ၁၉၉၄) (နိုင်ငံတော်ကောင်စီဝင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် သမ္မတ)က ငွေကျပ် ၁,၀၀၀ မ တည်တယ်။ ဦးစန္ဒောဘာသနဲ့ ဦးမဟိန္ဒ ကြီးကြပ်ပြင်ဆင်လို့ အခု ပြီးလုပါပြီ။

တောင်သမန် ကျောက်တော်ကြီးဘုရားကို ပြုပြင် စောင့်ရှောက်ဖို့ လိုလာတယ်။ ပုဂံ အာနန္ဒာဘုရားပုံ ဖြစ်ပါတယ်။ အဲဒီဘုရားမှာ သိပ် အသက်ပြင်းတဲ့ ညောင်ပင်တွေ ပေါက်နေတော့ အမိုးဟာ အနှေးနဲ့ အမြန် လုံးဝ ပျက်စီးတော့မယ်။ ရှေးဟောင်းသုတေသနဌာနက ညောင်ကို သတ်တော့ သတ်ပါရဲ့။ ကုန်စင်အောင် လုပ်နိုင်စွမ်း မရှိ။ ဘုန်းကြီး ဝင်ရပါတယ်။ ဒေါ်သိန်းကမ တည်ငွေ ကျပ် ၁၀,၀၀၀၊ ညွန့်ညွန့်၊ သန်းသန်း ညီအစ်မ၊ ဦးသာဋ္ဌေးနဲ့ သမီး မြင့်မြင့်တို့က ဖြည့်စွက် လှူဒါန်းကြပါတယ်။ အစုစု ကျပ် ၂,၀၀,၀၀၀ ကုန်မယ်လို့ ခန့်မှန်းတယ်။

အသက်မသေသေးသမျှ လုပ်စရာတွေ လုပ်နေအုံးမှာပဲ၊ ဆုံးဖြတ်ပြီးသားပါ။ အလုပ် မလုပ်နိုင်ရင် တစ်နေ့မှ အပို မနေချင်ဘူး။

ဒေါက်တာထွန်းသင်က နှလုံးစစ်ဖို့ ၂ နိုဝင်ဘာ ၁၉၇၆ မှာ ရောက်လာပါတယ်။ ဒီအတောအတွင်းမှာ ပြင်ဦးလွင် (မေမြို့) မဟာဂန္ဓာရုံ တိုက်ခွဲလုပ်ဖို့ စီစဉ်ပါတယ်။ ကျန်းမာရေးအတွက် အနားယူစခန်း လုပ်မယ်။ ဦးမဟိန္ဒက အမရပူရ အပူဒဏ်ကို မခံနိုင်လို့ ဟိုကို ပို့ထားရတယ်။ အဲဒီ ဘုန်းကြီးကိုပဲ

ဟိုမှာ ဆက်နေ၊ စရိတ်အကုန် နည်းနိုင်သမျှ နည်းအောင် ကျောင်းကို ပြုပြင်ပြီး အနားယူစခန်း ဖြစ်အောင် လုပ်ပေတော့ လို့ မှာထားပါတယ်။

ကြေးဆင်းတုတစ်ဆူ ပူဇော်ထားတဲ့ (စစ်ကိုင်းကောင်းမှုတော်ပုံ) ဘုရားတစ်ဆူ (တောင်မင်းကြီးနားမှာ) ရှိပါသေးတယ်။ ကျောင်းငယ်ကလေးလဲ ဘုရားနဲ့ ကပ်ရက်ရှိတယ်။ ကျောင်းဘုန်းကြီး မရှိတော့ဘူး။ ကြေးခေါင်းလောင်းကြီး မကြာခဏ အခိုးခံရဖူးလေတော့ ဒီကြေးဘုရားကြီးလဲ အချိန်မရွေး ပျောက်ဆုံးသွားနိုင်တယ်။ ကြေးဘုရားကြီးဆိုပေမယ့် ရွှေ၊ ငွေ၊ သံဖြူ ကြေးဝါနဲ့ (သံ)ရောတဲ့ လောဟာနဲ့ သွန်းလောင်းထားတဲ့ ဘုရား ဖြစ်ပါတယ်။ ဇေယျရာဇကျော်ထင်က ဒါယကာဖြစ်ကြောင်း စာတန်း ထိုးထားတယ်။ ၃၀ ဩဂုတ် ၁၈၂၅ မှာ သွန်းတယ်။ အချိန် ကျပ် ၂,၀၀,၀၀၀ ရှိသတဲ့ (ပုံ ၂၅ သန်းထွန်း ၁၉၆၈၊ ၁၀၅-၁၀၉)။ အင်ဂျင်နီယာတပ်က ဗိုလ်မှူးကြီးတင်ထွတ်နဲ့ ဗိုလ်ကြီးရွှေစိမ့်တို့က ဇန်နဝါရီ ၁၉၇၇ မှာ ဝန်ချီစက်နဲ့ မ, ပြီး ဘုန်းကြီးတို့ ကျောင်းတိုက်ထဲက အသစ်ဆောက်ထားတဲ့ ဘုရားကျောင်းပေါ်မှာ တင်ပေးသွားပါတယ်။

တောင်မင်းကြီး အနောက်က တောင်လေးလုံးကျောင်းမှာ အဆောက်အအုံဟောင်းတစ်ခုကိုလဲ ပြင်ပေးရတယ်။ တောင်သမန် ကျောက်တော်ကြီးဘုရားအနီးက မေဃဝတီတိုက်မှာ



ပျံလွန်တော်မမူမီ နှစ်လအလို
အရှင်ဇနကာဘိဝံသ

ကျောင်းဟောင်းတွေ ဖျက်ပြီး ကျောင်းသစ် တစ်ကျောင်း ဆောက်ပေးပါတယ်။

စန္ဒြာမာသအရ ၁၆ ဖေဖော်ဝါရီ ၁၉၇၇၊ သက်တော် ခုနစ်ဆယ့်ခုနစ်နှစ်ပြည့်တဲ့နေ့မှာ စောစောက ကြေးဆင်းတုတော် သီတင်းသုံးခဲ့တဲ့ လိုဏ်အတွင်းမှာ ကျောက်ဆင်းတုကို ရွှေ့ယူခဲ့ပြီး ပူဇော်ပါတယ်။ ကြေးဆင်းတုနဲ့ အရွယ်တူပါတယ်။

## သက်တော် ခုနစ်ဆယ့်ရှစ်နှစ် (၅၀၁–၅၁၃)

ဘုန်းကြီးတို့ကျောင်းတိုက် တစ်နေ့တာ လှုပ်ရှားပုံကို လေ့လာသူ တစ်ခါထက် တစ်ခါ များလာတယ်။ သာသနာ ပြန်လည်ပေါ်ပေါက် ထင်ရှားလာအောင် ဆောင်ရွက်တဲ့ ဘုန်းကြီးတို့ လုပ်ငန်းဟာ ထင်ပေါ်ကျော်ကြားလာပြီလို့ ပြောရမှာပါပဲ။ ဗုဒ္ဓသာသနာ ပြန်လည်ဖော်ထုတ်ရေးကို ဆောင်ရွက်ချင်သူတွေက ဘုန်းကြီးတို့ ကျောင်းတိုက်ကို စံပြအဖြစ် အသုံးပြုလိုကြဟန် တူပါတယ်။

ကွယ်လွန်သူ ဦးကာက က ကျောင်းတိုက်အတွက် စားဖိုဆောင်ကို ကျပ်ငွေ ၁,၀၀,၀၀၀ အကုန်ခံပြီး ဆောက်ပေးခဲ့ပါတယ်။ ဆောက်ပြီးတဲ့ ၃ မတ် ၁၉၇၇ မှာ ရေစက်ချပြီး အနုမောဒနာပွဲ လုပ်ပါတယ်။ သံဃာတွေ နံနက်စားဖို့ စားဖိုဆောင်ကို ယာဂု အယူလာတာ ဘုန်းကြီး ထွက်ကြည့်လေ့ရှိပါတယ်။

အဲဒီနေ့က ခဏကြည့်ပြီးတော့ တပည့် စာချဘုန်းကြီးတစ်ပါးကို ဆက်ကြည့်ပြီး စီမံဖို့ ထားခဲ့ပြီး ယာဂုသုံးဆောင်ဖို့ ဆွမ်းစား ကျောင်းကို အသွား ချော်လဲပါတယ်။ ဘယ်ခြေမှာ နည်းနည်း ပွန်းသွားတယ်။ လက်ရိုးတစ်ဖက်လဲ နာသွားတယ်။ ဒဏ်ရာ ပျောက်ဖို့ ကြာပါကလားလို့ သတိထားမိတယ်။ သက်ကြီးရွယ်အို ဆိုရင် ဝေဒနာတစ်ခုက ထမြောက်တာ နှေးတယ်လို့ ဆိုလိုပါ တယ်။ နှစ်လလောက်ကြာမှ ဒဏ်ရာတွေ ပျောက်ပါတယ်။

အမေရိကတိုက်သားတစ်ဦး ဘုန်းကြီးဆီကို ၂၆ ဇွန် ၁၉၇၇ က ရောက်လာပါတယ်။ သူ့ကို သရဏဂုံတည်ဖို့၊ ငါးပါးသီလ ခံယူဖို့ သင်ပေးရတယ်။ (တစ်ဘဝ ၁၉၇၉၊ ၅၀၄) (၃၀ ဇူလိုင်- ၂၇ အောက်တိုဘာ ၁၉၇၇) ဝါတွင်းမှာ ကျောင်းတိုက် သံဃာ ဦးရေ ငါးရာ့ငါးဆယ် ရှိတယ်။ သူတော်က နှစ်ဆယ်။ ကုန်စျေး နှုန်းကလဲ တက်ပြီးရင်း တက်ရင်း၊ ကံကောင်းချင်တော့ ရေဦး၊ မရကန်၊ ဝက်လက်၊ တပယ်၊ ပေါက်မြိုင်၊ တံတားဦး၊ မြင်းခြံ၊ နွားထိုးကြီး၊ လိပ်ဆံခွန်၊ ကတ္တီပါနယ်တွေက ဆွမ်းဆန်စိမ်း လောင်းလို့ နည်းနည်း ခံသာသွားပါတယ်။ အထက်ကလဲ ဒီ အလှူတွေက အများကြီး အထောက်အကူ ရတယ်လို့ ပြောဖူး ပါတယ်။ ၂၈ ဇူလိုင်က ၃ ဩဂုတ် ၁၉၇၇ ထိ နံနက်ဆွမ်း၊ နေ့ ဆွမ်း ဒါယကာ ရပါတယ်။ ၂၉ ဩဂုတ် ၁၉၇၇ မှာ ဘုန်းကြီး စာချနေတဲ့ ပဋ္ဌာန်ကြိုဏ်အဋ္ဌကထာနဲ့ မူလဋီကာ ပြီးပါတယ်။

ဇူလိုင် ၁၉၇၇ လောက်က စပြီး မျက်လုံးက စာဖတ်လို့ သိပ်မကောင်းတာနဲ့ စာဖတ်ချိန် အများကြီး လျော့သွားပါတယ်။ စစ်ကိုင်းတောင်က ရွှေကျင် ဒုတိယသာသနာပိုင် ရွှေဟင်္သာ ဆရာတော်က အစ ရဟန်းနဲ့ သီလရှင်တွေ မမျှော်လင့်ဘဲ ဘုန်းကြီး ပျံတော်မူပြီ ကြားလို့ ၇ ဩဂုတ် ၁၉၇၇ က စပြီး လာကြတယ်။

အောက်တိုဘာ ၁၉၇၇ လောက်က စပြီး ဘုန်းကြီးက သံဝေဂရပြီး တစ်ပါးတည်းပဲ နေချင်စိတ် ပြင်းထန်လာပါတယ်။ ညာဘက်လက်ဖဝါးမှာ မျဉ်းတစ်ကြောင်း လက်ခလယ်ကို ထိုး တက်လာတာ ထင်ထင်ရှားရှား မြင်ရပါတယ်။ ဦးတင်မောင်က ဘုန်းကြီး တောထွက်တော့မယ့်လက္ခဏာပဲတဲ့ ဟောပါတယ်။ ဒါပေမဲ့ တကယ် တောထွက်တာက သက်တော် ၈၃ နှစ်လို့ ပြောပြန်တယ်။ (တစ်ဘဝ ၁၉၇၉၊ ၅၀၆)။ အဲဒါတွေက ဘုန်းကြီး ကို သေရေး ပြင်ပေတော့လို့ ပြောနေကြပါပြီ။ ရေချိုးခန်းထဲမှာ ၄ နိုဝင်ဘာ ၁၉၇၇ မှာ ချော်လဲတယ်။ ခေါင်းမှာ နည်းနည်း နာသွားတယ်။

ကိုရီးယားဘုန်းကြီးသုံးပါး ၁၉ နိုဝင်ဘာ ၁၉၇၇ မှာ ကြွလာ ကြတယ်။ သူတို့က ဗုဒ္ဓဘာသာဆိုပေမယ့် မဟာယာနဂိုဏ်းဝင် တွေပါ။ တစ်ပါးကတော့ အရင်လေးလက ထိုင်းနိုင်ငံမှာ ဟီန ယာနနည်းနဲ့ ရဟန်းခံခဲ့တယ်လို့လဲ ပြောတယ်။ ထိုင်းရဟန်း

တွေလို သက်န်းလဲ ရုံထားတယ်။ ဘုန်းကြီးကျောင်းကို လှည့်ပတ်ကြည့်ပြီး ရေခဲသေတ္တာ မရှိ၊ ရုပ်မြင်သံကြား မရှိ၊ ဆိုဖာထိုင်ခုံ မတွေ့၊ သိပ်အံ့ဩတယ်။ ဦးကုဏ္ဍလ (မောင်မောင်လေး)က စကားပြန်လုပ်ရတယ်။ ဘုန်းကြီးက မတ်မတ်ရပ်ပြီး -

ရဟန်းတို့ အခုမှ လာတယ်လို့ ဆိုပေမယ့် ဘဝများစွာက ဒီဘူနေခဲဖူးဟန် ရှိပါတယ်။ ဒီလိုဆိုရင် အခုပြန်လည်တွေ့ဆုံခဲ့ခြင်းပါပဲ၊ ဂိုဏ်းကွဲပေမယ့် အားလုံး ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ကြပါတယ်။ ညီအစ်ကိုသားချင်းဆိုလဲ ဖြစ်ပါတယ်။ ဒါကြောင့် တစိမ်းပြင်ပြင် မဟုတ်ကြပါ။ ကိုယ်ပိုင်ကျောင်းသင်္ခမ်း ရောက်နေပြီလို့ပဲ သဘောထားပါ။ အလိုရှိသလို သီတင်းသုံးပါ

လို့ ပြောတော့ ထိုင်းမှာ ရဟန်းခံခဲ့တဲ့ဘုန်းကြီးက ဒီစကားကြားတော့ ငိုပါတယ်။ သူ့ထက်ကြီးတဲ့ (အသက် ၆၈-နှစ်ရှိ) ဘုန်းကြီးကလဲ မျက်ရည်ကျမတတ် စိတ်ထိခိုက်ပုံရတယ်။

ညနေ ဘုရားဝတ်တက်ပုံ၊ ကမ္မဋ္ဌာန်းထိုင်ပုံတွေကိုလဲ ကြည့်တယ်၊ မှတ်တယ်။ နောက်တစ်နေ့ သံဃာတွေ တန်းစီပြီး ဆွမ်းစားကျောင်းကို ယာဂုယူရအောင် ကြွလာကြပုံကို ဓာတ်ပုံရိုက်တယ်။ စည်းဝေးခန်းမကို တက်လာကြပြီး ဘုန်းကြီးရဲ့ ဩဝါဒကိုလဲ ဝင်ပြီး နာယူတယ်။ အကြီးဘုန်းကြီးက သစ်ပင်ခြေက ထိုင်ခုံမှာ ထိုင်ပြီး မဟာဂန္ဓာရုံပုံစံ ကမ္မဋ္ဌာန်းထိုင်တယ်။

ဆွမ်းဘုဉ်းပေးနေပုံတွေကို ဓာတ်ပုံရိုက်ပြီး စစ်ကိုင်းကို သွားကြတယ်။ ဒုတိယနေ့ မနက်မှာ စားဖို့မှာ ချက်ပြုတ်ပြင်ဆင် နေပုံကို ဓာတ်ပုံရိုက်တယ်။ တောင်သမန် ကျောက်တော်ကြီးကို သွားတယ်။ ဘုန်းကြီးတို့နဲ့ နေ့ဆွမ်း အတူစားတယ်။ စုပေါင်း ဓာတ်ပုံလဲ ရိုက်တယ်။ ပြီးတော့မှ ရန်ကုန်ကို ပြန်ဖို့ လေဆိပ်ကို သွားကြတယ်။

နှုတ်ဆက်စကား ပြောသွားတာက-

ဒီနေရာဟာ သူတော်သူမြတ်တွေအတွက် အကောင်း ဆုံးနေရာ ဖြစ်ပါတယ်။ ဒီမှာ လူလာ မဖြစ်ရတာကို ဝမ်းနည်းမိတယ်။ ပြန်ပြီး လာချင်ပါသေးတယ်။ ဒီ ကြည်ညို လေးမြတ်ဖို့ ကောင်းတဲ့ ဆရာတော်ရဲ့ တပည့်လဲ ဖြစ်ချင်ပါတယ်။ နိဗ္ဗာန်ကို အတူရောက်ဖို့ ဆုတောင်းကြပါ

လို့ ပြောပါတယ်။

၁၄ ဒီဇင်ဘာ ၁၉၇၇ မှာ နောက်တစ်ကြိမ် ဘုန်းကြီးကို ဆေးစစ်ကြပါတယ်။ အားလုံး ကောင်းတယ်လို့ ပြောတယ်။ အစားအသောက် ဘယ်လိုလဲ မေးတော့ မဆိုးဘူး။ ဘုန်းကြီးက သက်သတ်လွတ်စားတယ်လို့ ဖြေလိုက်ပါတယ်။

## ဖြည့်စွက်ချက် (၅၁၅-၅၄၂)

[အောက်မှာ ဖော်ပြတဲ့ အကြောင်းတွေကို အမရပူရ မဟာဂန္ဓာရုံကို အရှင်ဇနကာဘိဝံသ ရောက်လာတာထက် နှစ်နှစ်စောပြီး ရောက်နေခဲ့တဲ့ ဦးစန္ဒောဘာသ (၅ ဇူလိုင် ၁၉၂၁-၁၆ ဇွန် ၁၉၉၁) က ပြောပါတယ်။]

ဒီကျောင်းတိုက်မှာ ဆရာတော်ရဲ့ တပည့်တွေထဲမှာ ဘုန်းကြီးက အကြီးဆုံး ဖြစ်တယ်။ အမှန်က ပိုကြီးတဲ့ တပည့်တွေတော့ ရှိပါတယ်။ ကိုယ့်ကျောင်းကိုယ်စီနဲ့ ဖြစ်လို့ ဒီမှာ လာပြီး ပျံလွန်တော်မူတဲ့ ဆရာတော်ရဲ့ အမွေကို မဆက်ခံနိုင်ပါ။ ဆရာတော်ကိုယ်တိုင်ရေးတဲ့ အတ္ထုပ္ပတ္တိက ၁၄ ဒီဇင်ဘာ ၁၉၇၇ ပဲ ရောက်တယ်။ ဆရာတော်က ၂၇ ဒီဇင်ဘာ ၁၉၇၇ မှာ ပျံလွန်တော်မူလို့ လစ်လပ်နေတဲ့ သီတင်းနှစ်ပတ်စာ အဖြစ်အပျက်ကို အခု ထပ်ပြီး ဖြည့်ပေးရပါတယ်။

၁၈ ဒီဇင်ဘာ ၁၉၇၇-နဲ့ ၂၅-ဒီဇင်ဘာ ၁၉၇၇-ဆိုတဲ့ သီတင်းနေ့က လွဲရင် ဆရာတော်ကြီးဟာ သူနေ့စဉ် လုပ်နေကျ အလုပ်တွေကို အားလုံး လုပ်မြဲ လုပ်ပါတယ်။ လုပ်မြဲကိစ္စတွေမှာ မနက် ယာဂုဘုဉ်းပေး ပြီးရင် ဩဝါဒပေးတယ်။ နေ့ ၁၂ နာရီက နာရီပြန် ၂ ချက်ထိ တစ်နာရီမှာ ငါးမိနစ် နားနားပြီး စာချတယ်။ အဲဒီနောက် ဧည့်သည်မရှိရင် အမြဲစာရေးနေတယ်။ တစ်ခါ တစ်ရံ ညမှာလဲ စာရေးတာပဲ။ တကယ်က မျက်စိဒုက္ခပေးမှာစိုးလို့ ညမှာ အရေးအဖတ်ကို ရှောင်လိုပါတယ်။ ဒါပေမယ့် အရင် ငါးနှစ်လောက်က 'ဘုန်းကြီး ရေးချင်တာတွေ မပြီးမှာ စိုးတယ်။

အချိန်ပို လုပ်ရလိမ့်မယ်' လို့ မိန့်မြွက်ဖူးပါတယ်။ ၁၉၄၃-လောက်ကစပြီး စားပွဲခုံအမြင့်နဲ့ မတ်ရပ် စာရေးတယ်။ နောက်ဆုံး ပို့ချတဲ့စာဝါက ပဋ္ဌာနကြိုက် ဖြစ်တယ်။ နောက်ဆုံး ရေးတဲ့ကျမ်းက သုတ်မဟာဝါ ဘာသာဋီကာ ဖြစ်တယ်။ ဆက်ပြီး သုတ်ပါထေယျကို ပို့ချမယ်လို့ အစီအစဉ်ရှိပါတယ်။ ဒီကျမ်းဟာလဲ ရေးတဲ့ကျမ်းတွေရဲ့ နောက်ဆုံးလို့ သတ်မှတ်ပြီးသားကျမ်း ဖြစ်ပါတယ်။

ဘာသာဋီကာဆိုတာ မြန်မာဘာသာဋီကာကို အတိုခေါ်တာ၊ ပိဋကကို မြန်မာပြန်ပြီး အဖွင့်အကျယ် ရှင်းလင်းပြတာ ဖြစ်ပါတယ်။ ဘာသာဋီကာဆိုတဲ့ အသုံးကို အဘယာရာမဆရာတော်ဆီက ယူသုံးတာ ဖြစ်ပါတယ်။

သုတ်မဟာဝါဘာသာဋီကာ ကို ၂၃ ဒီဇင်ဘာ ၁၉၇၇ က 'ပြီး၏'လို့ ရေးရတာကို သိပ်ကျေနပ် နှစ်သက်ပုံရပါတယ်။ ခဏတဖြုတ်နားပြီး စိတ်လွတ်လပ်သွားတဲ့ ပုံစံမျိုးနဲ့ တပည့်တွေကို စကားပြောတယ်။ ၂၃ ဒီဇင်ဘာ ၁၉၇၇ မှာ စာမချပါ။ ၂၄ ဒီဇင်ဘာ ၁၉၇၇ က အဖိတ်နေ့၊ ၂၅ ဒီဇင်ဘာ ၁၉၇၇ က နတ်တော်လပြည့်နေ့ပါ။ ညနေ ၃ နာရီခွဲတော့ သံဃာတွေ စုဝေးပြီး ဥပုသ်ပြုပါတယ်။ ကျောင်းပြန်ရောက်တော့ မောတယ်လို့ ပြောတယ်။ ဆရာဝန်လာပြီး ပြုစုတော့ နေသာသွားတယ်။ ညနေ ၅ နာရီလောက်က စပြီး နေကောင်းသွားပြီ ပြောတယ်။

ဆရာတော်၏ နောက်ဆုံးခရီး



ဒါပေမယ့် ညကျတော့ နည်းနည်း ဖျားတယ်။ ပြုစုဖို့ ဦးပဥ္စင်းတစ်ပါး ကိုရင်နှစ်ပါးကို လွှတ်ထားပေမယ့် 'မလိုဘူး၊ သွားကြ'လို့ အမိန့်ရှိပါတယ်။ ကျောင်းလေးပေါ်မှာ ညမအိပ် ပေမယ့် မပြန်ဘဲ အနီးအပါးက နေပြီး နားစွင့်နေကြပါတယ်။ တစ်ခါတစ်ခါ ကျောင်းပေါ်ကို တက်ပြီး ကြည့်ပါတယ်။ ၂၆ ဒီဇင်ဘာ ၁၉၇၇ မှာ ထုံးစံအတိုင်း အိပ်ရာက ထပြီး ယာဂုဘုဉ်း ပေးတယ်။ နံနက် ၈ နာရီမှာ ဩဝါဒပေးတယ်။ သစ်သီးတစ်လုံး ဘုဉ်းပေးတယ်။ မနက် ၁၀ နာရီမှာ ဆွမ်းဘုဉ်းပေးတယ်။ နည်း တယ်။ ရေချိုးတယ်၊ ချိုးတော့မှ သိလို့ မတားလိုက်ရပါ။

နေ့ ၁၂ နာရီက နာရီပြန် ၁ ချက်အထိ စာပို့ချတယ်။ ဒေါက်တာထွန်းသင်၊ ဒေါက်တာကံရွှင်နဲ့ ဆရာဝန်နှစ်ယောက် လာကြတယ်။ ထူးလို့ လာကြတာ မဟုတ်ပါ။ သူတို့က ဒီနယ်က အမတ်ရွေးဖို့ လာကြရင်း ဝင်လာတာပါ။ သူတို့ကို ဆရာတော်ရဲ့ တပည့်တွေက မနက်ဩဝါဒနဲ့ နေ့လယ် စာဝါကို ခဏနားဖို့ လျှောက်ခဲ့ပါလို့ ပြောလို့ တစ်ခါ ပြန်သွားပြီး လျှောက်တော့ ပြုံးနေတယ်။ အစဉ်းသိ တပည့်ကြီးတွေက ဒီလိုပြုံးတာ လက် မခံဘူးဆိုတာ သိပါတယ်။

ဝေဿန္တရာ အလှူပေးတော့ များလွန်းပြီလို့ တားပေမယ့် မရပ်သလိုဘဲ ဆရာတော်ဂ ုငဲ လုပ်မြဲ လုပ်မှာပဲဆိုတဲ့ သဘောနဲ့ နားထောင်နေတာ။ သူများမှားတဲ့အခါ ချက်ချင်း ပွင့်ပွင့်လင်း


လင်း ပြင်ပေးနေကျ ဖြစ်ပေမယ့် အခုကိစ္စမျိုးကျတော့ အချေ အတင် မပြောဘဲ နေလိုက်ပုံရတယ်။ မင်းတို့ပြောတာ ငါမယုံ ဆိုရာလဲ ရောက်တယ်လို့ ထင်ပါတယ်။ လုပ်လက်စ ပြီးဖို့ လို တယ်၊ မပြီးရင် သူတစ်ပါးက အစားဝင်ပြီး မလုပ်နိုင်ပါ။ သေမယ် ဆိုတာ သိနေပြီလားလို့ ထင်ရပါတယ်။

အနီးအပါးမှာ အစောင့်တွေ မလာနဲ့၊ မနေနဲ့ပြောတာက ကာယဝိဝေက-ကိုယ်ငြိမ်းချမ်းမှု၊ စိတ္တဝိဝေက-စိတ်ငြိမ်းချမ်းမှု အလိုရှိလို့ ဖြစ်မယ်။ ၂၇ ဒီဇင်ဘာ ၁၉၇၇ မှာ အဖျားနည်းနည်း ရှိသေးတယ်။ ထုံးစံ ယာဂုဘုဉ်းပေးတယ်။ မာလကာသီးသုံးစိတ် ကုန်တယ်။ ဩဝါဒပေးတယ်။ ၁၀ နာရီမှာ နို့ဆွမ်း ဘုဉ်းပေး တယ်။ လက်တုန်နေလို့ အစားအသောက် ဖိတ်တယ်၊ ဘာမှ မဟုတ်ဘူးလို့ ပြောသေးတယ်။ ၁၁ နာရီ ဧည့်သည်ရောက်တော့ လက်ခံပြီး စကားမပြောပါ။ နေ့လယ် ၁၂ နာရီက ၁ ချက်တီး အထိ စာဝါ ပို့ချတယ်၊ လေအား ပျော့တယ်၊ ပြီးတော့ 'မသေ သေးရင် မနက်ဖြန် ဆက်ပြီး ပို့ချမယ်'လို့ ပြောတယ်။

ဆရာတော်ကို သံဃာနှစ်ပါး ဘေးက ရံပြီး နေပါတယ်။ ဒါပေမဲ့ ဆရာတော်ကိုယ်တိုင်ပဲ လျှောက်သွားတာပါ၊ မတွဲရပါ၊ မောတယ်၊ ထန်းလျက်ရည် တောင်းသောက်တယ်။ ဆရာဝန် တွေက တစ်နေ့ကလို ကြုံလို့ ဝင်လာကြသေးတယ်။ နေ့လယ် နှစ်နာရီခွဲလောက်က စပြီး တစ်နာရီခွဲလောက် ထိုင်နေတယ်၊

မျက်လုံးမှိတ်ပြီး လက်နှစ်ဖက်ကို ယှက်ထားတယ်။ လေးနာရီလောက် အိပ်ရာမှာလှဲပြီး လက်နှစ်ဖက်ကို ဘေးနှစ်ဖက်မှာ ဖြောင့်ဖြောင့်ဆန့်ထားတယ်။ ငြိမ်နေလို့ ဆရာဝန်ကို သွားခေါ်တယ်။ ညနေ ၄ နာရီ ၁၅ မိနစ်မှာ ဆရာဝန်တစ်ယောက် ရောက်လာပြီး ၄ နာရီခွဲတော့ နောက်နှစ်ယောက် ရောက်လာတဲ့အခါ အသက်ပျောက်နေပါပြီ။

၂၇ ဒီဇင်ဘာ ၁၉၇၇ ညနေ ၄ နာရီခွဲ တိတိ။ ခုနစ်ရက်ထားပြီး ၂ ဇန်နဝါရီ ၁၉၇၈ မှာ ရုပ်ကြွင်းကို မီးသင်္ဂြိုဟ်ပါတယ်။




အရှင်ဇနကာဘိဝံသ အထိမ်းအမှတ် ဂိမာန်နဲ့ ရုပ်တုတော်

# အပိုင်း [၂]

# အရှင်ဇနေကာဘိဝံသ ရေးသားပြုစုခဲ့တဲ့ ကျမ်းများ စာရင်းကျယ်

မုဒ္ဒကျမ်းပြုဆရာတော် အရှင်ဇနကာဘိဝံသ



# အရှင်ဇနကာဘိဝံသ ရေးသားပြုစုခဲ့တဲ့ ကျမ်းများ (စာရင်းကျယ်)

လာဘ် ဂုဏ် အကျော်အစော
ကျောင်းပေါက်ဝ ရောက်နေပြီ
လက်ခံတာနဲ့ တစ်ပြိုင်နက် ပျက်စီးမယ်

**အရှင်ဇနကာဘိဝံသ**

(ယောသိတ ၁၉၄၄၊ ၃၃၄)

ဘုရားတရားတော်ကို သင်ယူပါ။ တရားတော်က ညွှန်းတဲ့အတိုင်း လိုက်နာဆောင်ရွက်ပါ။ ရဟန်းငယ်တွေက ပိဋကကို သင်ယူတဲ့အခါ စာမေးပွဲဖြေမယ်၊ အောင်ရင် ဝိုင်းချီးမြှောက်မယ်၊ ဒါကိုပဲ လိုချင်နေကြတယ်။ အရှင်ဇနကာဘိဝံသက ဒီသဘောထားကို မကြိုက်ပါ။ အဲဒါကို သဘောမပေါက်ကြလို့ ကျောင်းတိုက်ကို ဝင်ခွင့်ရအောင် ယူပြီး စာမေးပွဲမှာ ကောင်းကောင်းဖြေဆိုနိုင်ဖို့ အကြီးအကျယ် အားထုတ်ပါတော့တယ်။ မြတ်စွာဘုရားရဲ့ ဆိုဆုံးမချက်ကို စာမေးပွဲလောက်သာ ပဓာနထားပြီး ရောက်လာတဲ့ ကျောင်းသားကို လက်မခံဘဲ နေရမယ့် အခြေအနေကို ရောက်လာပါတယ်။

ဒါပေမယ့် ဆရာတော် ပြုသမျှ ကျမ်းတွေဟာ စာမေးပွဲကို လှလှပပအောင်ဖို့ အထောက်အကူ ပြုတာတွေ ဖြစ်နေတယ်။ ဆရာတော်ဟာ သက်တော် ၃၀ က ၇၈ ထိ ရနိုင်သမျှ အချိန်ကို လုပြီး ကျမ်းတွေကို ဆက်တိုက်ရေးသား ပုံနှိပ်ဖြန့်ဖြူးခဲ့တယ်။ ပြီးသမျှကျမ်းတွေဟာ ကျောင်းသားလက်ကိုင်နဲ့ ပကိဏ္ဏက (အထွေထွေ ဗဟုသုတ)ကို ရည်ညွှန်းတဲ့ လူသာမန်အများသုံး တွေ ဖြစ်ပါတယ်။

**၁။ ပါဠိသိက္ခာနှင့် သဒ္ဒါကျဉ်း** (၁၉၅၆၊ ၂၁၂ မျက်နှာ)

ပါဠိသိက္ခာက ပါဠိသင်ကျမ်းဖြစ်လို့ ပါဠိဘာသာ စတင် သင်ကြားသူတွေ သုံးသင့်တယ်။ သဒ္ဒါကျဉ်းက ပါဠိကို အလွယ် ဆုံး တိုက်ရိုက်နည်းနဲ့ သင်ပေးတယ်။

**၂။ အခြေပြုသဒ္ဒါတွဲဖက်** (၁၉၅၄၊ ၁၄၂ မျက်နှာ)

ပါဠိစသင်သူတွေအတွက် ဖြစ်တယ်။ ဒီစာအုပ်မှာ ပါတဲ့ နည်းနဲ့ ပါဠိလို စာရေးတတ်မယ်။

**၃။ အခြေပြုသဒ္ဒါ** (၁၉၃၅၊ ၆၃၅ မျက်နှာ)

ရှေးအခါက ပါဠိသင်ကြားပေးပုံ ခဲခက်လို့ ကိုးခေါက်သင် ပြီးတာတောင် နည်းနည်းပဲ တတ်မယ်လို့ ဆိုရိုးစကားရှိတယ်။ အခု အရှင်ဇနကာဘိဝံသ တီထွင်တဲ့နည်းက ကောင်းလို့ စာ သင်သားတွေ နှစ်သက်တယ်။

**၄။ ကစ္စည်းဘာသာဋီကာ*** (၁၉၅၆၊ ပ ၅၄၈၊ ဒု ၆၄၁ မျက်နှာ)

ရှင်ကစ္စာယနထေရရေးတဲ့ ကစ္စာယနဗျာကရဏမှာ ပါဠိသဒ္ဒါက ရှေးအကျဆုံးကျမ်းဖြစ်ပြီး ခရစ် ငါး-ခြောက်ရာစုနှစ်တွေက ပေါ်ခဲ့တယ်။ ပုဂံကို ခေတ်တော်တော်စောစောကပဲ ရောက်ပြီး နှစ်သက်တဲ့လူပေါ်လို့ ခုထိ မပျောက်မပျက် ရှိနေပါသေးတယ်။

**၅။ ရူပသိဒ္ဓိဘာသာဋီကာ** (ပ ၁၉၅၆၊ ၆၁၅၊ ဒု ၁၉၅၇ ၆၀၂ မျက်နှာ)

မူလကျမ်းကို သီရိလင်္ကာက အရှင်ဗုဒ္ဓပိယ ပြုစုပါတယ်။ နောက်ရေးတဲ့ အလားတူ ကျမ်းတွေဟာ ဒီကျမ်းလောက် မကောင်းပါ။

**၆။ ဘေဒစိန္တာဘာသာဋီကာ** (၁၉၆၁၊ ၃၇၂ မျက်နှာ)

အခက်သုံးမျိုးရှိတဲ့ ကျမ်းလို့ ထင်ရှားတယ်။ ပါဠိသဒ္ဒါကျမ်းဖြစ်တယ်။ အခက်တွေက (၁) ကျက်မှတ်ရွတ်ဆိုဖို့ခက် (၂) မြန်မာပြန်ဖို့ခက် (၃) ဆိုလိုရင်းအဓိပ္ပာယ် သိဖို့ခက်။ အခု အရှင်ဇနကာဘိဝံသ ဘာသာပြန်လိုက်တော့ ဒီအခက် သုံးခုစလုံး ပျောက်သွားပါပြီ။

* ဘာသာဋီကာဆိုရင် တည်းဖြတ်ပြီး မှတ်စုတွေနဲ့ ရှင်းလင်းထားတဲ့ မြန်မာပြန်ဖြစ်တယ်။

**၇။ ကစ္စာယနသာရဘာသာဋီကာ** (၁၉၆၁၊ ၁၁၀ မျက်နှာ)

ပုဂံမြို့ အရှင်မဟာယသက ဇယ်ဒါသကကျမ်းကို မှီးပြီး ရေးတယ်လို့ ပြောကြပေမယ့် အဲဒီ ဇယ်ဒါသကကို သိသူမရှိ။ ယခုကျမ်းကို မန္တလေးပရိယတ္တိသာသနဟိတနဲ့ ရန်ကုန် စေတီယင်္ဂဏတွေမှာ ပြဋ္ဌာန်းထားလို့သာ ဘာသာပြန်ရတယ်။ သိပ်ကောင်းတဲ့ကျမ်း မဟုတ်ပါ။ စာမေးပွဲဖြေဆိုသူတို့ အလိုကို လိုက်ပြီး ဘာသာပြန်ပေးရတာ ဖြစ်တယ်။

**၈။ အလင်္ကာဘာသာဋီကာ** (၁၉၅၉၊ ၅၇၆ မျက်နှာ)

အလင်္ကာဟာ အဆင်းတန်ဆာလို့ အဓိပ္ပာယ်ရတယ်။ စာရေးဆရာ ကဗျာဆရာတွေအတွက် အရေးအသားကောင်းဖို့ လမ်းညွှန်ကောင်း ဖြစ်တယ်။ ဒီကျမ်းကို အသုံးပြုရင် စာစီစာကုံး နှုန်းဖွဲ့ပုံ ကောင်းလာနိုင်တယ်။

**၉။ ကထာသလ္လာပသိက္ခာ** (၁၉၇၉၊ ၁၄၀ မျက်နှာ)

စကားပြောသင်ပေးတဲ့ကျမ်း ဖြစ်တယ်။ အမရပူရ မဟာဂန္ဓာရုံပေါ်စ ၁၉၄၉ က ရေးခဲ့တယ်လို့ ထင်ပါတယ်။ ဘုန်းတော်ကြီးကျောင်းမှာ နေထိုင်တဲ့အခါ နေ့စဉ် ပြောရမယ့်စကားတွေ ပါတယ်။

**၁၀။ ရှပ်ပုံရှင်ကျင့်ဝတ်** (၁၉၅၂၊ ၂၄၆ မျက်နှာ)

မြန်မာဗုဒ္ဓသာသနာဝင်တွေ သားယောက်ျားကလေးကို ကိုရင်ဝတ်ပေးနည်းကို အရုပ်တွေနဲ့ ဖော်ပြထားတယ်။ ဒါကို ဒီလို အဆင့်ဆင့်လုပ်ပါ။ မလုပ်ရင် လုပ်ငန်းမအောင်မြင်ဘဲ နေမယ်လို့ဆိုတဲ့ လုပ်ထုံးမဟုတ်သော်လဲ ဆရာတော်ကို စည်းစနစ်ရှိကောင်းတယ်ဆိုပြီး ပုံစံချပေးတယ်။ ပြီးတော့ ငွေကုန်ခံပြီး အဆိုအက အိုးစည်ဗုံမောင်းတွေနဲ့ ရှင်လောင်းလှည့်တာမျိုး တွေလဲ မလိုအပ်ဘူးလို့ ဖော်ပြထားတယ်။

**၁၁။ ပါတိမောက်ဘာသာဋီကာ** (၁၉၅၈၊ ၄၇၃ မျက်နှာ)

ဝိနယငါးကျမ်းမှာ ပထမနှစ်ကျမ်းကို ပါတိမောက္ခလို့ ခေါ်ပါတယ်။ အရေးကြီးဆုံး အချုပ်သဘောတွေကို ဖော်ပြရေးသားထားတယ်။ ကစ္စာယနဗျာကရဏဆိုတဲ့ ဝိနည်းနှစ်တွဲကို တစ်မျိုး ဖော်ပြထားတဲ့ကျမ်း ဖြစ်တယ်။ မြန်မာပြန်တဲ့အခါ ကျဉ်းတယ် ရှင်းတယ်။

**၁၂။ ကင်္ခါဘာသာဋီကာ** (၁၉၆၃၊ ပ၊ ၄၀၁ မျက်နှာ။ ၁၉၆၆၊ ဒု၊ ၄၁၅ မျက်နှာ)

အရှင်ဗုဒ္ဓဃောသရေးတဲ့ ကျမ်းကို မြန်မာဘာသာပြန်တာ ဖြစ်ပါတယ်။

**၁၃။ ခုဒ္ဒသိက္ခာဘာသာဋီကာ** (၁၉၇၀၊ ၆၂၃ မျက်နှာ)

ဝိနယငါးကျမ်းဆိုတာ ပါရာဇိက၊ ပါစိတ်၊ မဟာဝဂ္ဂ၊ စူဠဝဂ္ဂနဲ့ ပရိဝါရတို့ ဖြစ်တယ်။ ပါရာဇိကနဲ့ ပါစိတ်ကို ဘိက္ခုမာတိကာနဲ့ ဘိက္ခုနီမာတိကာလို့လဲ ခေါ်တယ်။ ဒီနှစ်ကျမ်းစလုံး မြတ်စွာဘုရားဟောကြားချက်တွေ ဖြစ်ပါတယ်။ ခုဒ္ဒသိက္ခာမှာ အင်မတန်ချောမွေ့တဲ့ ပါဠိကဗျာ ၄၇၆ ပုဒ်ပါတယ်။ အဲဒီကဗျာ လင်္ကာတွေဟာ အရှင်ဓမ္မသီရိရေးခဲ့တဲ့ ဝိနယအကျဉ်းဖြစ်တယ်။ ဒီကဗျာတွေကို ဝိနည်း လက်သန်းအဋ္ဌကထာလို့လဲ ခေါ်ပါတယ်။ အခု မြန်မာဘာသာပြန်လိုက်တော့ ရဟန်းပျိုတွေ သိပ်နှစ်သက်တဲ့ ကျမ်းတစ်ခု ဖြစ်လာပါတယ်။

**၁၄။ ဘုရားဥပဒေတော်ကြီး** (၁၉၅၇၊ ၄၆၂+၆၈ မျက်နှာ)

ဝိနယဟာ ကြိုတင်စိတ်ကူးပြီး ပြုလုပ်ခဲ့တဲ့ ဥပဒေတွေ မဟုတ်ပါ။ ဗုဒ္ဓမြတ်စွာဘုရားက အဖြစ်အပျက် အကြောင်းအရာ ပေါ်လာတဲ့အခါမှာ ဒီဥပဒေမျိုး ရှိသင့်တယ်လို့ ဆုံးဖြတ်ပြဋ္ဌာန်းတာ ဖြစ်တယ်။ မလုပ်နဲ့လို့ တားမြစ်သလို လုပ်လိုက်လို့ တိုက်တွန်းတာလဲ ရှိပါတယ်။ ရဟန်းတွေအတွက် သိပ်အရေးပါသလို ဒါယကာ၊ ဒါယိကာမတွေလဲ သိဖို့လိုတယ်။ ဒါမှ ကိုယ့်ကြောင့် ရဟန်းမှာ အာပတ်မသင့်အောင် ပေးလှူနိုင်မှာ ဖြစ်ပါတယ်။ ဝိနယဟာ ရဟန်းအဖွဲ့အစည်းကို အရှည်တည်မြဲအောင် ထိန်း

သလို၊ ရဟန်းသံဃာကလဲ သာသနာကိုတာရှည်တည်တံ့အောင် ထောက်ကူမှာ ဖြစ်တယ်။ ဒီလို သွားမှ ဝိနည်း၊ ရဟန်း၊ သာသနာ တွဲပြီး သာသနာ ၅၀၀၀နဲ့ ၅၀၀၀ အထက်တည်မယ်။ ဒီစာအုပ် ကို ပထမအကြိမ် ပုံနှိပ်စဉ်ကပဲ စာအုပ်ရေ တစ်သောင်း ပုံနှိပ် ရပါတယ်။

**၁၅။ ပါဠိရာဇီကဏ်ဘာသာဋီကာ** (ပ၊ ၁၉၆၀၊ ၆၃၀။ ဒု၊ ၁၉၆၁၊ ၆၁၆။ တ၊ ၁၉၆၁၊ ၅၉၅။ စ၊ ၁၉၆၂၊ ၄၃၇ မျက်နှာ)

ပထမသင်္ဂါယနာတင်ပွဲကို ခရစ်မပေါ်မီ ၄၈၃၊ ဒုတိယ သင်္ဂါယနာတင်ပွဲကို ခရစ်မပေါ်မီ ၃၈၃၊ တတိယသင်္ဂါယနာတင် ပွဲကို ခရစ်မပေါ်မီ ၂၄၈ မှာ ကျင်းပပြီးစီးတဲ့အခါ ဗုဒ္ဓသာသနာ ဟာ မဇ္ဈိမဒေသက အပြင်ကို ပျံ့နှံ့လာပါတယ်။ (ခရစ်နှစ် ၃၃) သီရိလင်္ကာမှာ စတုတ္ထသင်္ဂါယနာတင်အပြီး ပိဋကကို ပေထက် အက္ခရာတင်လာတယ်။ မန္တလေးမှာ ၁၈၇၁ က ပဉ္စမသင်္ဂါယနာ တင်ပြီး ၁၉၅၄ မှာ ဆဋ္ဌသင်္ဂါယနာတင်ပါတယ်။ ပိဋက အဋ္ဌ ကထာတွေကို အရှင်ဗုဒ္ဓဃောသက ရေးခဲ့တယ်။ အရှင်ဇနကာ ဘိဝံသ မြန်မာပြန်တဲ့အခါ လိုအပ်သလို မှတ်စုတွေ အားပါးတရ ဖြည့်စွက်လိုက်တော့ ဗုဒ္ဓအဋ္ဌကထာ အဆင့်ကို ခေတ်နဲ့ ရင်ပေါင် တန်း လိုက်နိုင်ပါတော့တယ်။

**၁၆။ ပါစိတ်ဘာသာဋီကာ** (၁၉၆၄၊ ၅၁၄ မျက်နှာ)

ဝိနယငါးတွဲက ဒုတိယတွဲဖြစ်ပါတယ်။ ပါစိတ်အာပတ်ကိုးဆယ့်နှစ်ခုကို စိတ်ပါဝင်စားစရာ ဖြစ်အောင် ရှင်းလင်းရေးသား တင်ပြပါတယ်။

**၁၇။ မဟာဝါဘာသာဋီကာ** (၁၉၆၅၊ ၆၉၁ မျက်နှာ)

မဟာဝဂ္ဂတစ်ကျမ်းကို သုတ္တန္တပိဋက က ထုတ်နုတ်တယ်။ အခု မဟာဝဂ္ဂကတော့ ဝိနယပိဋကထဲက ဖြစ်ပါတယ်။ အရှင်ဂေါတမ မြတ်စွာဘုရားအဖြစ်ကို မရောက်မီ ဒုက္ကရစရိယ (ကျင့်နိုင်ခဲတဲ့ အကျင့်ကို) နေရဥရာမြစ်ဘေး၊ ဥရုဝေလတောမှာ ကျင့်ခဲ့တယ်။ မြတ်စွာဘုရား သဗ္ဗညုတဉာဏ်တော်ကို ရတော်မူတဲ့အခါ ဒုတိယလ (ကဆုန်) လဆုတ် ၁ ရက် အရုဏ်မလာမီ ရတော်မူခဲ့တယ်။ အဲဒီနောက် နှစ်လလုံးလုံး (စတုတ္ထလဖြစ်တဲ့ ဝါဆိုလပြည့်အရောက်မှာ) မိဂဒါဝန (ဆာရ်နသ်) မှာ ပထမတရားဦးကို ဟောတယ်။ မကြာခင် ဘုရားသခင်ကို ဆည်းကပ်တဲ့ ရဟန်း အပါး ခြောက်ဆယ်ကို သာသနာပြုဖို့ ကမ္ဘာ့အရပ်ရပ်ကို စေလွှတ်ခဲ့ပါတယ်။ အရှင်ဇနကာဘိဝံသ ဘာသာပြန်တဲ့ ဝိနယမဟာဝဂ္ဂမှာ ကွက်ကွက်ကွင်းကွင်း မြင်အောင်ရေးပြထားပါတယ်။

**၁၈။ ရှုဋ္ဌဝဂ္ဂဘာသာဋီကာ** (၁၉၇၂၊ ၆၁၉ မျက်နှာ)

ဒုက္ကဋ်အာပတ် ဆိုတာကို ရိုးရိုးနဲ့ လွယ်လွယ် နားလည်အောင် ဖော်ပြထားပါတယ်။ ဒေဝဒတ်က ဘုရားသာသနာကို ဝင်လာတာလဲတွေ့ရတယ်။ အမျိုးသမီးတွေကို သာသနာ့ဘောင် ဝင်ခွင့်ပေးတာလဲတွေ့ရမယ်။ ဗုဒ္ဓတရားတော်တွေကို အင်မတန် သိပ်သည်း ကျစ်လျစ်အောင် ရေးသား ဖော်ပြနိုင်တဲ့ သက္ကတဘာသာနဲ့သာ မှတ်သားဖို့ ပြောဆိုလာကြတဲ့အခါ ဗုဒ္ဓမြတ်စွာက တရားတော်ဟာ မှတ်ဖို့မဟုတ် ကျင့်ဖို့ဖြစ်တယ်လို့ ဖြေကြားပုံကိုလဲ တွေ့မယ်။

**၁၉။ ပရိဝါဘာသာဋီကာ** (၁၉၇၂၊ ၆၇၉ မျက်နှာ)

ဝိနယကို ချိုးဖောက်သူကို ဝိနယရုံးမှာ ဘယ်လို စစ်ဆေးအပြစ်ပေးမယ်ဆိုတာကို စိတ်ပါဝင်စားစရာ ဖော်ပြထားပါတယ်။

**၂၀။ သင်္ဂြိုဟ်ပါဠိ** (၁၉၅၉၊ ၁၁၈ မျက်နှာ)

ကျမ်းနာမည် အပြည့်အစုံက အဘိဓမ္မတ္ထသင်္ဂဟဖြစ်တယ်။ သင်္ဂဟ (သက္ကတ သင်္ဂြဟ)ကို မြန်မာက သင်္ဂြိုဟ်ခေါ်တယ်၊ အဘိဓမ္မာက ရှည်တယ်။ သင်္ဂြိုဟ်က အတိုကောက်ဖြစ်ပါတယ်။ တိုတဲ့အတွက် ဒီကျမ်းကို လက်သန်းအဋ္ဌကထာလို့လဲ ခေါ်ကြပါတယ်။

**၂၁။ အခြေပြုသဂြိုဟ်** (၁၉၃၃၊ ၆၅၇ မျက်နှာ)

အရှင်ဇနကာဘိဝံသ သက်တော် သုံးဆယ်ကရေးတဲ့ကျမ်း ဖြစ်တယ်။ အဘိဓမ္မာကို အမျိုးမျိုး ရေးကြပေမယ့် အခု အရှင် ဇနကာဘိဝံသ ရေးပုံက ပိုပြီး စိတ်ပါဝင်စားဖွယ် ဖြစ်တယ်။ အဘိဓမ္မာကို အလွယ်နဲ့ သင်ကြားတတ်မြောက်နိုင်တယ်။

**၂၂။ သဂြိုဟ်ဘာသာဋီကာ** (၁၉၃၇၊ ၇၂၈ မျက်နှာ)

မူလက အရှင်အနုရုဒ္ဓါရေးတယ်။ အဘိဓမ္မာကို အလွယ် ရေးသားပေးတာ ဖြစ်လို့ လူကြိုက်များပြီး ခြောက်ကြိမ်တိုင်တိုင် ပြန်ပြန် ပုံနှိပ်ရတယ်။ အရှင်ဇနကာဘိဝံသ ရေးတဲ့ ကျမ်းတွေ ထဲမှာ လူကြိုက်အများဆုံး ကျမ်းတစ်ခု ဖြစ်ပါတယ်။

**၂၃။ ဝီထိနှင့်သုံးချက်စုဘာသာဋီကာ** (၁၉၃၈၊ ၄၀၈ မျက်နှာ)

သဂြိုဟ်ဘာသာဋီကာကို ဖြည့်စွက်ပေးတဲ့ကျမ်းလို့ ခေါ် သင့်ပါတယ်။ ဝီထိ (အစဉ်) ဆိုရင် စိတ်ဝီထိ (စိတ်အစဉ်)နဲ့ ရုပ်ဝီထိ (ရုပ်အစဉ်) လို့ နှစ်မျိုးရှိတာမှာ ဖြစ်ပွားပုံကို မသိရင် ပဋ္ဌာန်းကို သိနိုင်မယ် မထင်ပါ။

**၂၄။ ဋီကာကျော်နိဿယ** (၁၉၃၈၊ ၄၀၈ မျက်နှာ)

မူလကျမ်း အမည်က အဘိဓမ္မတ္ထဝိဘာဝိနီ ဖြစ်တယ်။ အရှင်သုမင်္ဂလသာမိက သဂြိုဟ်လက်သန်းအဋ္ဌကထာ အမည်နဲ့

ရေးတယ်။ စာသင်သား အများ နှစ်သက်တယ်၊ ကျမ်းအနေနဲ့ ငယ်ပါတယ်။ အရှင်ဇနကာဘိဝံသကို အများက ရေးသားပေးပါရန် ဆန္ဒပြုကြလို့ မလွန်ဆန်ချင်တာနဲ့ ရေးပေးရတာဖြစ်တယ်။

**၂၅။ အဋ္ဌသာလိနီဘာသာဋီကာ** (ပ၊ ၁၉၆၆၊ ၆၄၉။ ဒု၊ ၇၁၉။ တ၊ ၅၉၆။ စ၊ ၆၁၆ မျက်နှာ)

အဘိဓမ္မာ ခုနစ်ကျမ်းမှာ ကျမ်းဦး ဖြစ်တယ်။ ဓမ္မသင်္ဂဏီလို့လဲ ခေါ်တယ်။ အဲဒီကျမ်းရဲ့ အဖွင့် အဋ္ဌသာလိနီဖြစ်တယ်။ နှစ်ကျမ်းစလုံး ဗုဒ္ဓဃောသရေးတယ်။ အာနန္ဒာလဲ ရေးဖူးတယ်။ ဓမ္မပါလ က ဆက်ရေးတယ်။ အာနန္ဒာရဲ့ကျမ်းကို မူလဋီကာလို့ခေါ်ပြီး၊ ဓမ္မပါလရဲ့ ကျမ်းကို အနုဋီကာလို့ ခေါ်ကြပါတယ်။ ဦးဖေမောင်တင်က အင်္ဂလိပ်ဘာသာပြန်ခဲ့တယ်။ အရှင်ဇနကာဘိဝံသက မြန်မာပြန်ပါတယ်။ ထိုပုဂ္ဂိုလ်နှစ်ဦးစလုံး ကျမ်းရင်းကို တည်းဖြတ်တယ်။ မှတ်စုတွေနဲ့ ရှင်းလင်းတယ်။ ပါဠိလိုက်စားသူတိုင်းအတွက် အသုံးကျတဲ့ကျမ်း ဖြစ်ပါတယ်။

**၂၆။ သမ္မောဟဝိနောဒနီဘာသာဋီကာ** (ပ၊ ၁၉၇၄၊ ၆၈၅။ ဒု၊ ၁၉၇၇၊ ၈၆၀။ တ၊ ၁၉၇၉၊ ၇၃၈ မျက်နှာ)

အဘိဓမ္မာပိဋကရဲ့ ဒုတိယကျမ်း ဖြစ်ပါတယ်။ ဗုဒ္ဓဃောသက ရှင်းလင်းချက်ရေးတယ်။ ဒီကျမ်းကို အာနန္ဒာက ရှေးကပဲ ရေးပေးခဲ့ပါတယ်။ ဓမ္မပါလက ဆက်ခံ ရေးသားခဲ့တယ်။ အခု

အရှင်ဇနကာဘိဝံသက မြန်မာလို ပြန်တယ်။ စာကိုယ်နဲ့ယှဉ်ပြီး ကမ္ဗဋ္ဌာန်းထိုင်နည်းကိုပါ ပေးတယ်။ အသိ(ဉာဏ်)တစ်ခုတည်းနဲ့ ခရီးမရောက်ဘူး၊ အညွှန်းအတိုင်း ကျင့်ကြံအားထုတ်မှ နိဗ္ဗာန် ရောက်မယ်။

**၂၇။ ဓာတုကထာအဋ္ဌကထာဘာသာဋီကာ** (၁၉၈၀၊ ၇၈+၁၅၉+ ၂၉၊ ၂၆၆ မျက်နှာ)

အဘိဓမ္မာ ခုနစ်ကျမ်းမှာ တတိယကျမ်း၊ ဓာတု (ဓာတ်) ဆိုတာက သူ့သဘောကို သူဆောင်တယ်လို့ အဓိပ္ပာယ်ရှိတယ်။ အဲဒါကို အကျယ် ရှင်းလင်းတယ်။ တခြား အဘိဓမ္မာ ခြောက် ကျမ်းမှာထက် ရှင်းလင်းချက် ပိုတယ်။

**၂၈။ ပုဂ္ဂလပညတ္တိအဋ္ဌကထာဘာသာဋီကာ** (၁၉၈၀၊ ၂၀၈+ ၇၉+၇၄၊ ၃၆၁ မျက်နှာ)

အဘိဓမ္မာ ခုနစ်ကျမ်းထဲက စတုတ္ထကျမ်းဖြစ်တယ်။ ဗုဒ္ဓ ဃောသက အဋ္ဌကထာရေးတယ်။ အာနန္ဒာက မူလဋီကာကို ရေးတယ်။ ဓမ္မပါလက အနုဋီကာကို ရေးတယ်။

**၂၉။ ကထာဝတ္ထုဘာသာဋီကာ** (ပ၊ ၁၉၈၀၊ ၆၈၆။ ဒု၊ ၁၉၈၁၊ ၄၃၅-မျက်နှာ)

(လူသေ လူဖြစ်ဆိုတဲ့ အယူမှားမျိုး၊ စိတ်ကို စိတ်အတိုင်း

ထားဆိုတဲ့ အယူမှားမျိုးတွေဟာ ဘုရားရှင်လက်ထက်ကတည်းက ရှိခဲ့ဖူးတဲ့ အယူမှားတွေပါ။) အဲဒါမျိုးကို ကောင်းကောင်းသိဖို့ ဗုဒ္ဓဃောသက အဋ္ဌကထာ ရေးတယ်။ အာနန္ဒာက မူလဋီကာ ရေးတယ်။ ဓမ္မပါလက အနုဋီကာ ရေးတယ်။

**၃၀။ ယမကအဋ္ဌကထာဘာသာဋီကာ** (၁၉၈၀၊ ၄၀၈ မျက်နှာ)

အဘိဓမ္မာ ခုနစ်ကျမ်းထဲက ဆဋ္ဌမမြောက်ကျမ်း၊ ယမကဆိုတာ နှစ်ကြိမ်ဖြစ်တဲ့ ကိစ္စကို ဆိုလိုတယ်။ ဥပမာ အသွားအပြန်၊ အထက်အောက်၊ ဘယ်ညာ၊ ရှေ့နောက်ဆိုတာမျိုး ဖြစ်ပါတယ်။ မြန်မာဘာသာစကားပဲ တတ်တဲ့ လူတွေအဖို့ အရှင်ဇနကာဘိဝံသက မြန်မာပြန်ပေးခဲ့တယ်။

**၃၁။ ပဋ္ဌာနအဋ္ဌကထာဘာသာဋီကာ** (၁၉၈၀၊ ၈၀၀ မျက်နှာ)

အဘိဓမ္မာ ခုနစ်ကျမ်းထဲက နောက်ဆုံးကျမ်း ဖြစ်တယ်။ ပဋ္ဌာန်းရဲ့ အဓိပ္ပာယ်က အကြောင်း အမျိုးမျိုး ပြတယ်လို့ ဆိုပါတယ်။ အရှင်ဇနကာဘိဝံသရဲ့ မြန်မာပြန်ဟာ မြန်မာဘာသာကိုသာ တတ်သူတွေအတွက် ဖြစ်ပါတယ်။

**၃၂။ ပဥ္စပကရဏဘာသာဋီကာ သိမှတ်ဖွယ်အကြောင်း**

၄ ဩဂုတ် ၁၉၇၄ က စပြီး ဟောပြောတယ်။ ၂၆ ဩဂုတ် ၁၉၇၇ ရောက်မှ ပြီးတယ်။ ကျမ်းကို ပုံနှိပ်ရန် လျှောက်ထားတဲ့ အခါ ဖြည်းဖြည်းပေါ့လို့ ပြောတဲ့အတွက် ဆရာတော် ပျံတော်မူမှပဲ ပုံနှိပ်ရပါတော့တယ်။

**၃၃။ ကထာဝတ္ထုဘာသာဋီကာ**

ကျမ်းစာရဲ့ ၇၅ မျက်နှာပဲ ဆရာတော်က မြန်မာပြန်လို့ ပြီးခဲ့ပါတယ်။

**၃၄။ ပဋ္ဌာနအဋ္ဌကထာဘာသာဋီကာ**

ဆရာတော်မှာ မျက်စိဝေဒနာ ပေါ်လာလို့ ဒီကျမ်း မြန်မာပြန်တာ မပြီးခဲ့ပါ။ နိဒါန်းမှာ ဆရာတော်က ယခင်ပရိယတ္တိ (သင်ကြားရေး)ကို အားသန်ခဲ့ပေမယ့် ခုတော့ ပဋိပတ္တိ (အကျင့်)ကို အများကြီး ပိုပြီး အလေးပေးရမယ်ဆိုတာ သိပြီ။ သံသရာက လွတ်ဖို့ တယ်မဝေးလှပါဆိုတာ သိရပြီးလို့ ရေးထားပါတယ်။

**၃၅။ အဘိဓမ္မာလမ်းညွှန် မှတ်ဖွယ်**

ဗုဒ္ဓစာပေနဲ့ မဟာဝိဇ္ဇာဘွဲ့ယူဖို့ မဥမှာ ခေါ် ဂျာမန်မိန်းမငယ်အတွက် အဘိဓမ္မာမှတ်စု ရေးပေးဖူးတယ်၊ ပုံမနှိပ်ရသေး။

**၃၆။ သီလက္ခန်ဘာသာဋီကာ** (ပ၊ ၁၉၇၀၊ ၆၃၁။ ဒု၊ ၁၉၇၀၊ ၅၇၈။ တ၊ ၁၉၇၁၊ ၆၃၇။ စ၊ ၁၉၇၁၊ ၄၆၄ မျက်နှာ)

သုတ္တန္တပိဋကက သုံးကျမ်းက ပထမကျမ်း။ နိဒါန်းမှာ ဆရာတော်က ပါဠိကို ဘယ်လို မြန်မာပြန်ရမယ်လို့ နည်းကောင်းပေးထားခဲ့ပါတယ်။ နိဿယမှာ ပါဠိတစ်ချက်ချင်းကို မြန်မာ

အနက်နဲ့ယှဉ်ပြီး ရေးတာကို တွေ့ဖူးမယ်။ အဲဒါက ဘာသာပြန်ပုံ နည်းဟောင်းဖြစ်တယ်။ နောက် မြန်မာလို တောက်လျှောက် ရေးပေမယ့် ပါဠိဝါကျဖွဲ့ပုံ ပါဠိအသွားအလာအတိုင်း ရေးတယ်။ နောက်တော့ ပါဠိထဲက အချက်အလက်ကောင်းကို မကျန် မလွတ်စေဘဲ ရေးလာကြပြန်တယ်။ နောက်ဆုံးမှာတော့ ဝတ္ထု သဘောသွားကို ယူပြီး ပါဠိဟန် မပါတော့ဘဲ မြန်မာစကားပြေ သက်သက် ရေးလာကြပါတယ်။

**၃၇။ မြဟ္မစာလသုတ် မြန်မာပြန်** (၁၉၄၈၊ ၉၄+၃ မျက်နှာ)

ဗုဒ္ဓလက်ထက် မိစ္ဆာဒိဋ္ဌိ ခြောက်ဆယ့်နှစ်မျိုးကို ဟောကြားတဲ့ ဒေသနာဖြစ်တယ်။ အယူအဆကို ဝေဖန်တယ်။ ဗုဒ္ဓကျမ်းကို မြန်မာပြန်ဖို့ နည်းပေးတာဖြစ်ပြီး ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းက ပိဋကကို မြန်မာပြန်ရန် ရည်ရွယ်ဖူးတာကို အားပေး လိုတဲ့အတွက် ရေးပြတာ ဖြစ်တယ်။

**၃၈။ သာမညဖလသုတ် မြန်မာပြန်** (၁၉၅၁၊ ၁၀၂+၃ မျက်နှာ)

အဇာတသတ်မင်းက ခမည်းတော် ဗိမ္ဗိသာရမင်းကို သတ်မိ လို့ အကြီးအကျယ် ကြောက်ရွံ့တုန်လှုပ်ပြီး ဘုရားထံက ဖြေ ဖျောက်စကား ကြားနာလိုတဲ့အတွက် ရောက်လာတဲ့အခါ ဟော ပြောတဲ့ တရား ဖြစ်တယ်။ အဲဒီတရားမှာ ဆရာ ဒဂ္ဂဘာ (ရဟန်းနဲ့ လူ) ဆက်ဆံရေးတွေ ပါတယ်။ ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းအတွက် ဖြစ်တယ်။

**၃၉။ သုတ်မဟာဝါဘာသာဋီကာ** (ပ၊ ၁၉၈၀၊ ၄၉၆။ ဒု၊ ၁၉၈၀၊ ၄၈၄။ တ၊ ၁၉၈၁၊ ၈၁၉ မျက်နှာ)

သုတ္တန္တ သုံးကျမ်းက ဒုတိယကျမ်း ဖြစ်တယ်။ တချို့ ဟောပြောချက်ဟာ လူသာမန်တွေအတွက် ဖြစ်ပါတယ်။ တိတ္ထိဖြစ်ပေမယ့် ကံ ကံ၏ အကျိုးကို ယုံရင် ရှေ့ဘဝတွေကို ပြန်မြင်နိုင်တယ်။ ထူးမြတ်တဲ့ ယောက်ျားမှန်ရင် လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါးနဲ့ ပြည့်စုံမယ်။ မြတ်စွာဘုရားရဲ့ ပရိနိဗ္ဗာန်စံခါနီး အခါတွေကို မဟာပရိနိဗ္ဗာနသုတ္တမှာ တွေ့မယ်။ အရှင်ဇနကာဘိဝံသက မြန်မာဘာသာနဲ့ရေးတဲ့ နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓမှာ ကြည့်နိုင်ပါတယ်။ သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသက မဟာသုဒဿနသုတ္တန်ဟာ အလွန်ဖတ်စရာကောင်းပါတယ်၊ ဒီကျမ်းကို ဖတ်တဲ့လူတွေဟာ ဒီကျမ်းထဲမှာပါတဲ့ ပုဂ္ဂိုလ်တွေလို ကျင့်ကြံနိုင်ရင် သူတို့လဲ ထိုက်တန်တဲ့ ဗုဒ္ဓဘာသာဝင်လူကောင်းတွေ ဖြစ်လာနိုင်ပါတယ်လို့ အရှင်ဇနကာဘိဝံသက ရေးသားခဲ့ပါတယ်။

**၄၀။ သုတ်ပါထေယျဘာသာဋီကာကျမ်း**

အရှင်ဇနကာဘိဝံသ ရေးသမျှ ကျမ်းတွေထဲမှာ အကောင်းဆုံးလို့ ဆိုနိုင်ပါတယ်။ အခု အမရပူရ မဟာဂန္ဓာရုံရဲ့ နာယကချုပ်ဆရာတော်က ဒီကျမ်းကို တည်းဖြတ်ပြီး ပုံနှိပ်ထုတ်ဝေပါလိမ့်မယ်။ ပါထေယျဟာ ပါထိက က ဆင်းသက်တဲ့ ဝေါဟာရ ဖြစ်ပါတယ်။

**၄၁။ အဋ္ဌကထာအခြေပြု** (၁၉၇၈၊ ၃၆၈ မျက်နှာ)

ဗုဒ္ဓစာပေ လေ့လာ သင်ကြားနေသူ စာသင်သားဟာ ထူးချွန်ချင်တယ်ဆိုရင်-

(၁) ပါဠိကို မြန်မာလို နိုင်နိုင်နင်းနင်း ဘာသာပြန်နိုင်ရမယ်

(၂) ပါဠိအရေးအသားကို ကောင်းကောင်းနားလည်ရမယ်

(၃) ကျမ်းဂန်တွေကို ပြန်လည်ပို့ချပေးနိုင်ရမယ်

(၄) ပါဠိလို စီကုံးရေးသားနိုင်ရမယ်

(၅) ကျမ်းနှံ့စပ်ကြောင်း သိသာစေရမယ်

**၄၂။ ရတနာ့ဂုဏ်ရည်** (၁၉၃၁၊ ၃၈၆+၁၄ မျက်နှာ)

အရှင်ဇနကာဘိဝံသ ပထမဆုံးရေးသားတဲ့ကျမ်း ဖြစ်တယ်။ ရေးစဉ် သက်တော် သုံးဆယ့်နှစ်နှစ်သာ ရှိသေးတယ်။ နာမည်ကြီး ကျမ်းသုံးကျမ်းမှာ အပါအဝင်ဖြစ်တယ်။ နောက်နှစ်ကျမ်းက ကိုယ်ကျင့်အဘိဓမ္မာနဲ့ အနာဂတ်သာသနာရေး ဖြစ်ပါတယ်။

**၄၃။ ကိုယ်ကျင့်အဘိဓမ္မာ** (၁၉၃၂၊ ၃၅၁+၃၄ မျက်နှာ)

ဗုဒ္ဓဆိုဆုံးမချက်နဲ့ အကျုံးဝင်အောင် နေ့စဉ် နေထိုင်စားသောက်ဖို့ လမ်းပြ ဖြစ်ပါတယ်။

**၄၄။ အနာဂတ်သာသနာရေး** (၁၉၄၈၊ ၄၈၀ မျက်နှာ)

အရှင်ဇနကာဘိဝံသက ဒီကျမ်းကို မြန်မာ့လွတ်လပ်ရေး မရမီ တစ်နေ့ကြိုပြီး ၃ ဇန်နဝါရီ ၁၉၄၈ က အပြီးရေးခဲ့ပါတယ်။ တိုက်ဆိုင်တာ မဟုတ်ပါ။ ဆရာတော်က မြန်မာနိုင်ငံမှာ ဗုဒ္ဓ သာသနာဟာ နိုင်ငံ့သာသနာ ဖြစ်စေချင်တဲ့ဆန္ဒကို ဖော်ပြတာပဲ ဖြစ်ပါတယ်။ မဇ္ဈိမဒေသမှာ အသောက၊ သီရိလင်္ကာမှာ ဒုဋ္ဌ ဂါမဏိတို့ ဆောင်ရွက်ပုံကို ပြန်ပြောပြပြီး ကျဆင်း ယိုယွင်းလာ တဲ့ သံဃာတွေကို ထိထိရောက်ရောက် အရေးယူဖို့ စီမံကြပါလို့ တိုက်တွန်းတာ ဖြစ်ပါတယ်။ ဗုဒ္ဓရဟန်းတွေ ပါဝင်တဲ့အခါကျမှ သာသနာဟာ ပြန်ပြီးစည်ပင်မှာ ဖြစ်တယ်။ သာသနာအဆုံးအမ ကြောင့် နိုင်ငံမှာလဲ အကျိုးရှိနိုင်တယ်။ တကယ်ကတော့ ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု လို့ ကြွေးကြော်ခြင်းပဲ ဖြစ်ပါတယ်။

**၄၅။ ဗုဒ္ဓဘာသာသင်ခန်းစာ** (၁၉၇၉၊ ၃၉၁+၃၆ မျက်နှာ)

ဗုဒ္ဓရဲ့ ဆိုဆုံးမချက်ဟာ ဘယ်တော့မဆို၊ ဘယ်သူ့ကိုပဲ ဖြစ်ဖြစ် လိမ္မာစေတယ်။ ရိုးသားဖြောင့်မတ်စေတယ်လို့ စွဲမြဲ ယုံကြည်စိတ်နဲ့ ရေးတဲ့ကျမ်း ဖြစ်ပါတယ်။ ဘယ်မှာမဆို အောင် မြင်ချင်ရင် လိမ္မာရမယ်၊ ရိုးသားရမယ်ဆိုတဲ့ အရည်အချင်းနှစ်ခု တော့ ရှိရမှာဖြစ်ပါတယ်။ စာသင်ကျောင်းက လူငယ်ယောကျ်ား၊ မိန်းမတွေကို ဗုဒ္ဓဝေလေ့ သင်ပေးဖို့ အင်မတန် လိုပါတယ်။ ဒီကလေးတွေကို ဒါန၊ သီလ၊ ဘာဝနာဆိုတာ ဘာလဲ၊ ဘယ်လို

လုပ်သလဲဆိုတာတွေ စပြီး သင်ပေးသင့်ပါပြီ။ အရှင်ဇနကာဘိဝံသ ကိုယ်တိုင် သူငယ်တန်းက အထက်တန်းထိ ကလေးတွေကို တွေ့ပြီး ဗုဒ္ဓသာသနာဝင်တစ်ယောက်ဟာ ငယ်စဉ်က စပြီး ဗုဒ္ဓဓလေ့ကို အခြေခံကျကျ သိအောင် လွယ်လွယ်ရှင်းရှင်း ပြောတယ်။ အပိုင်း ဆယ်ပိုင်းခွဲပြီး စာအုပ်ရေးတယ်။ ပုံနှိပ်တယ်။ စာမူအတွက် ငွေကျပ် ၁၅၀၀ ပေးတော့ ဆရာတော်က လက်မခံပါ။ ဘုန်းကြီးဟောတာ ပြောတာ ဆောင်ရွက်တာကို ဘယ်နေရာမှာ ဘယ်ပုံစံနဲ့ဖြစ်ဖြစ် အဖိုးအခ မယူဘူးလို့ ဆိုလိုပါတယ်။

## ၄၆။ ဘာသာသွေး

ဗုဒ္ဓသာသနာဝင်မှန်ရင် ဗုဒ္ဓဓလေ့ကို ကျင့်ရမယ်။ သားစဉ်မြေးဆက် အမွေ ထားခဲ့ရမယ်။ နိုင်ငံခြားသားတွေ လာပြီး အုပ်ချုပ်သွားတော့ ဒီအစဉ်အလာဟာ အများကြီး ပျက်စီးသွားတယ်။ ပြန်ထူထောင်ရမှာ တို့တာဝန်ပဲ။ ဆရာတော်က ဒီလိုပဲ သဘောထားပြီး ဒီတာဝန်ကို ဘယ်ကစပြီး လုပ်ရမလဲလို့ ကြည့်တဲ့အခါ ရွာဦးဘုန်းကြီးကျောင်းပဲလို့ သတ်မှတ်တယ်။ နိုင်ငံအစိုးရက ပံ့ပိုးဖို့လဲ အများကြီး လိုမယ်။ ဘုန်းကြီးကျောင်း သင်ရိုးညွှန်းတမ်းကို ပြင်ရမယ်။ အဲဒီ သင်ရိုးသစ်ကို သင်ပေးနိုင်တဲ့ ပညာအဆင့် ရှိသူကို ရှာရမယ်။ ဘုန်းကြီးဆရာအဖြစ် (ဓမ္မာစရိယ မဟုတ်) ကျောင်းဖွင့်ပေးမယ်။ အဲဒီကျောင်းကို ဘုန်းကြီးတွေ တက်ကြပါလို့ တိုက်တွန်းပါတယ်လို့ ရေးခဲ့ပါတယ်။

## ၄၇။ ဗုဒ္ဓဝင် အမေးအဖြေ

ဗုဒ္ဓုပ္ပတ္တိကို လင်္ကာအပိုဒ် တစ်ဆယ့်နှစ်ပိုဒ် ရေးထားတာ ဖြစ်ပါတယ်။ လယ်တီဆရာတော်ရဲ့ ဗုဒ္ဓဝင်လင်္ကာလို ကဗျာ အဆင့် မြင့်တယ်။ လယ်တီထက်လဲ ပြည့်စုံတယ်။ ဘယ်တုန်းက ရေးစပ်ခဲ့တယ်လို့ မသိရပေမယ့် လင်္ကာအဆုံးပိုင်းမှာ ရဟန်းတွေ ကြိုးစားမှ သာသနာ အရှည်တည်တံ့မယ်လို့ ရေးခဲ့တာကို ထောက်ရင် မြန်မာတွေ လွတ်လပ်ရေးရချိန် ၁၉၄၈ လောက်က အဲဒါမျိုးကို စရေးလို့ မြန်မာ့လွတ်လပ်ရေးရချိန်လို့ သတ်မှတ် ပါတယ်။ ကဗျာအဆုံးမှာ သမုဒ္ဒဝါဏိဇာတ် (အမှတ် ၄၆၆) နဲ့ အဆုံးသတ်ထားပါတယ်။

## ၄၈။ ဗုဒ္ဓါနုဿတိဘာဝနာ

ကမ္မဋ္ဌာန်းဖြစ်တယ်။ နေထွက် နေဝင် တစ်ကြိမ်စီ ရွတ်ရ မယ်။

## ၄၉။ အခြေပြုမင်္ဂလသုတ်

ကလေးတွေကို အပြုအမူ အနေအထိုင် လိမ္မာဖို့ သင်ကြား တဲ့ စာအုပ်ဖြစ်လို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းက ပုံနှိပ် ဖြန့်ဝေပါတယ်။

## ၅၀။ ဘာသာရေးပြဿနာများ

ဂါဒီယန်းစိန်ဝင်း အမေးတွေကို ဖြေရတယ်။ ဆရာတော်က သူမေးတာတွေက အဆန်းမဟုတ်၊ ရတနာ့ဂုဏ်ရည်၊ ကိုယ်ကျင့်အဘိဓမ္မာ၊ အနာဂတ်သာသနာရေးတွေမှာ ရေးပြပြီးသားကို မဖတ်ဘဲ ထပ်မေးလာလို့ စိတ်တိုဟန် ရှိပါတယ်။

## ၅၁။ ဗုဒ္ဓဘာသာလက်စွဲ

မူလတန်းကျောင်းသုံး ဖြစ်ပါတယ်။

## ၅၂။ လူ့ချမ်းသာ

စိတ်ချမ်းသာ၊ လူကျန်းမာ ဖြစ်စေလိုတယ်။ သား သမီးငယ်တွေကို ဗုဒ္ဓအဆုံးအမနဲ့ ယဉ်ပါးအောင်၊ ငယ်ငယ်ကပဲ နေထိုင်နည်း ရသွားအောင် ဆုံးမတယ်။

## ၅၃။ စစ်တပ်တရားတော်

သာသနာ့ဝန်ထမ်းရဟန်းဆိုတာ နိုင်ငံနဲ့ စစ်တပ်ကို အားထားရတယ်၊ အပြန်အလှန်ပါပဲ။ မင်္ဂလာဒုံတပ် အရာရှိတွေကို ၁၅ ရှန် ၁၉၅၁ က ဟောပြောခဲ့တဲ့ တရားဖြစ်တယ်။ သာသနာကောင်းကျိုးကို ရှာတဲ့အခါ ဓမ္မစက်၊ အာဏာစက်ကို ပူးတွဲအသုံးပြုရမှာကို ရည်ညွှန်းတယ်။

## ၅၄။ ရုပ်ခံ ဗုဒ္ဓသာသနာဝင်

ဗုဒ္ဓဘာသာကလျာဏယုဝအသင်းအတွက် ပန်းချီဘကြည်က ရေးဆွဲပြီး ဆရာတော်က စာသားကို စီကုံးပေးတယ်။ အမှာစာက ၁၃ နိုဝင်ဘာ ၁၉၅၁ ရက်စွဲ တပ်ထားပြီး ရှိပါတယ်။ သုံးတဲ့ဝေါဟာရက အသက်ရှစ်နှစ်ကလေးဆိုရင် သိနိုင်တဲ့စကားတွေ ဖြစ်ပါတယ်။ အသက် ရှစ်နှစ်၊ ကိုးနှစ်က ယုံကြည်မှုကို နားဝင်အောင် သင်ပေးပြီးရင် အဲဒီ ယုံကြည်မှုကို တစ်သက်တာ စွဲမြဲသွားမယ်လို့ ယုံကြည်ချက်နဲ့ ဒီ ရုပ်ပြစာအုပ်ကို စီစဉ်တာ ဖြစ်ပါတယ်။

## ၅၅။ သာသနာတော်ရေး လျှောက်ထားချက်

ဆယ်ကြိမ်မြောက် ရွှေကျင်နိကာယကဂိုဏ်းလုံးကျွတ် သံဃာအစည်းအဝေးကို မန္တလေး အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ်မှာ ၁၈-၁၉-၂၀ နိုဝင်ဘာ ၁၉၆၃ က ကျင်းပတဲ့အခါ သာသနာပိုင် စံကင်းဆရာတော်ရဲ့ ဩဝါဒကို အရှင်ဇနကာဘိဝံသက ရေးပါလို့ ဆိုလာတဲ့အခါ ရေးရတယ်။ နောက်ဒီစာကို မူလ ရည်ရွယ်ချက်အတိုင်း မသုံးတော့ဘူးလို့ သိရတဲ့အခါ ခေါင်းစဉ်ကို သာသနာတော်ရေးလို့ ပြောင်းပြီး သံဃာတော်များရဲ့ လက်ငင်းအရေးကို သုံးသပ်တင်ပြတဲ့စာအဖြစ်နဲ့ အစည်းအဝေးမှာ ဖတ်တယ်။ ပုံနှိပ်ထုတ်ဝေလိုက်တယ်။ နိဂုံးချုပ်မှာ

တော့ သံဃာတွေကို ထိန်းဖို့ ဝိနည်းဟာ အရေးပါဆုံးပဲ၊ အခုအခါ ဒါကို သတိပေးမနေရင် "လှော်ရင်း နစ်ကြတော့မယ်" လို့ သတိပေးလိုက်ပါတယ်။

**၅၆။ ဩဝါဒကထာ** (၁၉၇၉၊ ၃၁၉ မျက်နှာ)

မတ်လ ၁၉၆၅ မှော်ဘီအစည်းအဝေးမှာ ပခုက္ကူ အဘိဓဇ မဟာရဋ္ဌဂုရု ဦးသုန္ဒရ မိန့်ကြားတဲ့ ဩဝါဒကို အရှင်ဇနကာ ဘိဝံသက ရေးပေးရပါတယ်။ သံဃာတွေ သန့်စင်ဖို့လိုကြောင်း ပဓာနထားပြီး ရေးလိုက်တယ်။ ဒီအစည်းအဝေးက သံဃာတိုင်း မှတ်ပုံတင်ကတ် ဆောင်ရမယ်၊ မင်းတုန်းမင်းရဲ့ ၁၅ ဖေဖော်ဝါရီ ၁၈၅၆ အမိန့်တော်ပြန်တမ်းကြီးအတိုင်း သံဃာတွေ နေထိုင်ကြရမယ်လို့ သဘောတူကြတယ်။ သန့်စင်ရေးကို လက်တွေ့မှာ ဘာလုပ်ကြမယ်လို့ ပြဋ္ဌာန်းချက် ထွက်မလာပါ။

**၅၇။ ပထမပြန် ညွှန်ပြချက်**

သာသနာကို သင်ပြပေးနိုင်သူ မရှိတဲ့အခါ၊ သင်လိုသူ မရှိတဲ့အခါ၊ ဝေဖန် ဆွေးနွေးချင်စိတ် မရှိကြတဲ့အခါ အဲဒီ သာသနာဟာ ကွယ်ပျောက်ဖို့ပဲ ရှိတယ်။ အဲဒါကြောင့် အရှင် ဇနကာဘိဝံသရဲ့ သဘောက ပိဋကသင်နည်း ပြောင်းစေချင် တယ်။ အလွတ်ကျက် အာဂုံဆောင်တာနဲ့ မလုံလောက်၊ အတွေး အခေါ် အသိဉာဏ်နဲ့ ယှဉ်ပြီး သုံးသပ်ချက် မပြုရင် အလွတ်

ရရှိမှုနဲ့ သာသနာ မခိုင်မြဲပါ။ အချိန်တိုတိုနဲ့ ဗုဒ္ဓတရားတော်ကို သိကျွမ်းတတ်မြောက်ဖို့ လိုပါတယ်။ အဲဒါကို ဦးသုန္ဒရက မိန့်ကြားပြီး လက်တွေ့လုပ်နည်းကို ပေးသူက အရှင်ဇနကာဘိဝံသ ဖြစ်ပါတယ်။

## ၅၈။ နောက်ဆုံး ဆယ်လ မြတ်ဗုဒ္ဓ

ဘုရားအရွယ်တော် အိုလာပေမယ့် ဆွမ်းခံတုန်းပဲ၊ သတ္တဝါ အများအကျိုးကို မလစ်ဟင်းရအောင် ကြောင့်ကြတုန်းပဲ၊ ဒါကို ကြည်ညိုသဒ္ဓါတရားပွားအောင် ရေးသားဖော်ပြခဲ့ပါတယ်။

## ၅၉။ တစ်ဘဝသံသရာ

မိမိ ပျံလွန်တော်မူပြီးမှ အမွှမ်းတင်ပြီး ရေးကြတာကို မလိုလား။ ကိုယ်တိုင် အဆိုးအကောင်း ဟုတ်မှန်သလောက် ဖော်ထုတ်ရေးသားလိုတယ်။ အဝင်အထွက်ကို ပြတဲ့ စာရင်းရှင်းတမ်းလိုပဲ ကောင်း မကောင်း ယှဉ်ပြီး ပြလိုတယ်။ ချိန်ကြည့်ရင် ကိုယ်တိုင် ဘယ်အခြေအနေ ရောက်ပြီလဲလို့ သိမယ်။ တိုက်ကြီးတာကြီး မြင်ရရင် အံ့စရာပဲ့။ သစ်တွေ အုတ်တွေ တစ်စစီ တစ်ချပ်စီ ပေါင်းစပ်မှ ဒီလို ပြာသာဒ်ကြီး ပေါ်လာပါကလား၊ တည်ဆောက်တဲ့လူ ဘယ်လောက်မောမလဲ ဆိုတာလဲ ဒီတော့မှ သိနိုင်မယ်။

**၆၀။ ဒုလ္လဘကထာ**

လူတစ်ယောက်ကို နာရီပိုင်းပဲ သက်န်းချည်ပေးရုံနဲ့ ဘာ အကျိုးရမလဲ။ စောင့်ထိန်းစရာ ဥပဒေတွေက တကယ်များနေ တာနော်၊ မသိဘူးလို့ ပြောတာနဲ့ မလွတ်ဘူး။ ဒီတစ်ခါ ဆရာ တော်က အကောင်းဘက် ခပ်ပါပါ။ 'တရားထိုင်ပေါ့ကွယ်၊ ဒါ အကုသိုလ် ကင်းတယ်' တဲ့။

**၆၁။ ဓမ္မစကြာတရားတော်** (၁၉၇၉၊ ၂၂၄+၃၄ မျက်နှာ)

တရားဟောစဉ်တုန်းက ကက်ဆက်နဲ့ အသံဖမ်းထားပြီး နောက်မှ စာနဲ့ ရေးကူးပြီး ပုံနှိပ်ဖြန့်ဝေရတယ်။ အမျိုးသမီး ပရိတ် ဝိုင်းက မပီမသ ရွတ်သံကြားလို့ မပီရင် အဓိပ္ပာယ်လွဲနေမယ်၊ ပီသအောင် ရွတ်ဖတ်ကြဖို့ သင်ကြားတာ ဖြစ်ပါတယ်။

**၆၂။ အနတ္တလက္ခဏသုတ်တရားတော်**(၁၉၇၉၊ ၁၀၈+၈ မျက်နှာ)

ကက်ဆက်နဲ့ အသံသွင်းထားပြီး ဆရာတော် ပျံလွန်ပြီးခါမှ ပုံနှိပ်ရတယ်။ လူတိုင်း အနိစ္စ၊ ဒုက္ခဆိုတာ (ကြားဖူးကြ၊ နားလည် ကြတယ်လို့ ထင်ကြပေမယ့်) အဓိပ္ပာယ် တိကျအောင် သိကြ မယ် မထင်၊ အဲဒါကို သိအောင် ရှင်းပေးထားပါတယ်။

**၆၃။ အခြေပြုပဋ္ဌာန်းတရားတော်** (၁၉၇၉၊ ၅၄၈+၉၀ မျက်နှာ)

မနက်တိုင်း ၂၈ မတ် ကနေ ၁၅ ဧပြီ ၁၉၇၃ ထိ ဩဝါဒ ပေးတဲ့အခါ အသံဖမ်းယူထားခဲ့တယ်။ ပျံလွန်တော်မူပြီးမှ ပုံနှိပ် တယ်။

**အသံသွင်းထားတဲ့ ဩဝါဒ**

(၁) ကိုယ့်ကိုယ်ချစ်ရင် ကိုယ်ပြုပြင်
(၂) မလွဲတဲ့လမ်းကို လိုက်ကြ
(၃) ဗုဒ္ဓအလိုကျ သိမ်ကျောင်း ရေစက်ချ
(၄) စက်လေးပါးတရားတော်
(၅) ဆွမ်းအကျိုးငါးပါး
(၆) ဗောဇ္ဈင်ခုနစ်ပါးတရားတော်
(၇) ဆွမ်းအနုမောဒနာတရားတော်
(၈) သံယောဇဉ်ရည်တရားတော်
(၉) တရားအားထုတ်ကြ

**ပုံနှိပ်ပြီးဩဝါဒ**


(၁) တရားသုံးဖြာ ဆုံးမစာ
(၂) သူတော်ကောင်းလက္ခဏာ
(၃) ဝိုင်အမ်ဘီအေ ဩဝါဒတရားတော်
(၄) သိပ္ပံအမြင်နှင့် ဗုဒ္ဓအဘိဓမ္မာအဖြေများ
(၅) ဂန္ဓာရုံဝတ်ရွတ်စဉ်

**(ကျမ်းစာရင်း မူရင်း ယောသိတ ၁၉၉၄၊ ၅၈၀-၆၂၉)**

# အပိုင်း [ ၃ ]

## အရှင်ဇနကာဘိဝံသရဲ့ နံနက်ခင်း ဩဝါဒချုပ်

နံနက်ခင်းဩဝါဒတရား ချီးမြှင့်နေတော်မူသော ဆရာတော်
အရှင်ဇနကာဘိဝံသ



# အရှင်ဇနကာဘိဝံသရဲ့ နံနက်ခင်း ဩဝါဒချုပ်

နံနက်တိုင်း အရှေ့ဘက်က ရောင်နီလာရင် အမရပူရ မဟာဂန္ဓာရုံမှာ သီတင်းသုံးတဲ့ သံဃာအားလုံး အဆာပြေ ယာဂု သောက်ရတယ်။ အချိန် ဆယ်မိနစ်လောက်ပဲ ကြာမယ်။ ပြီးရင် ဆွမ်းစားကျောင်း အပေါ်ထပ် အစည်းအဝေးခန်းမကို တက်ကြ ရတယ်။

အရှင်ဇနကာဘိဝံသက သူတို့အရင် ခန်းမကို ရောက်နှင့် ပြီးသား တွေ့မယ်။ လက်နှစ်ဖက်ကို ရှေ့မှာ ယှက်ပြီး အသံ မကြားရအောင် ဝင်ပြီး ဆရာတော်ရှေ့မှာ နေရာယူကြရတယ်။ နာမကျန်းတဲ့ကိုယ်တော်၊ ကျောင်းစောင့်ကျတဲ့ကိုယ်တော်က လွဲရင် တစ်ကျောင်းတိုက်လုံး (သံဃာကုန်) လာကြရတယ်။ ဘုရားရှိခိုးပြီး ဩဝါဒနာယူရတယ်။ ဩဝါဒက ပဋိပတ္တိနဲ့ ပဋိဝေဓ ကို အရင်းမူလ ထားပြီး ပြောကြားလေ့ ရှိပါတယ်။ ပုံမှန်က နာရီဝက် ကြာတယ်။ ပြီးရင် ကိုရင်တွေ ခန်းမက ထွက်သွားရ တယ်။ နောက်နာရီဝက်မှာ စာဝါပို့ချပါတယ်။ (အခု စာဝါကို နံနက် ၁၀ နာရီလို့ သတ်မှတ်ထားပါတယ်။) အဲဒါပြီးရင် သက်နှ်း ရုံပြီး ဆွမ်းခံထွက်ကြရပါတယ်။

## ခန္ဓာဝန်ထမ်း

ခန္ဓာကိုယ်ကြီးအတွက် အချိန်မှန် စားရ၊ သန့်ရှင်းရ၊ နားရနဲ့ ပင်ပန်းလှပြီ၊ စာရေးတာ၊ တရားမှတ်တာလဲ နာရီဝက်ဆိုရင် ချွေးတွေကျပြီး လူပင်ပန်းလာတာ သိသာတယ်။ ချွေးထွက်တယ် ဆိုတာ ပင်ပန်းတဲ့ လက္ခဏာပဲပေါ့။ ဒါဖြင့် ဆုတ်ယုတ်သွားတဲ့ အားကို ဖြည့်ပေးရမယ်။ အိုလာတော့ သိပ်လဲ အလုပ် မလုပ်နိုင်ဘူး။ အားဖြည့်ဖို့လဲ မလွယ်ဘူး။ ဒါ့ကြောင့် ငယ်တုန်းမှာ တရားအားထုတ်ကြ။

(မဟောသမ ၁၉၈၁၊ ၂၁–၂၅)

## ပါရမီ

ခန္ဓာကိုယ်တောင့်တတာက အပျော်အပါး၊ လောဘတွေ၊ တဏှာတွေပဲပေါ့။ လူတကာသွားတဲ့လမ်းကို မလိုက်နဲ့ အလို ရမွက်နည်းရင် စိတ်ချမ်းသာမယ်ဆိုတာ သိကြ၊ တဏှာဟာ ဒုက္ခရဲ့ အစပဲ၊ ဒါကို သိ။ လူကောင်းသွားတဲ့လမ်း၊ လူဆိုးသွား တဲ့လမ်း၊ တစ်လမ်းစီပါပဲ၊ လမ်းက တစ်လမ်းသွား ဖြစ်တယ်။ သံသရာက လွတ်မယ့်လမ်း၊ သံသရာမှာ လည်မယ့်လမ်း။ နိဗ္ဗာန် ရပါလို၏လို့ ဆုတောင်းနေသလား၊ ဘာမှ အလကား မရဘူး၊ လိုချင်တာကို ရအောင် အလုပ် လုပ်ရတယ်။

(မဟောသမ ၁၉၈၁၊ ၁၀–၁၄)

## အတွယ်အတာကို ဖြုတ်

တဏှာကို ဖြတ်ရမယ်။ အာသင် (အတွယ်အတာ)ဟာလဲ ဒုက္ခပဲ။ သာသနာ့ဝန် တကယ်ထမ်းလို့ရှိရင် အပါယ်နဲ့ ဝေးပါတယ်။ ဒါကြောင့် ဒီပဲယင်းဆရာတော်က

မသိလျှင်တွယ် သိလျှင်ပြယ်
တွယ်လျှင်ဘေး ပြယ်လျှင်အေး

လို့ ပြောတာပေါ့။ ကဲ ဆိုစမ်း -

အမိဝမ်းခေါင်း၊ ဆယ်လညောင်းမျှ
အောင်းခဲ့ရချေ၊ တည်သန္ဓေနှင့်
လူ့ပြည်လူ့ရွာ၊ ရောက်ပြန်ပါလည်း
အိုနာသေရေး၊ ဒုက္ခဘေးကြောင့်
စိတ်အေးကိုယ်ခိုင်၊ မနေနိုင်ခဲ့
ဆိုင်ဆိုင်ဒုက္ခ၊ ခံပြီးမှလည်း
များလှပါယ်ရွာ၊ ရောက်ကြရာ၏။
အတီတာရှေး၊ ဤဝဋ်ဘေးနှင့်
နောင်ရေးနာဂတ်၊ ဒုက္ခထပ်လိမ့်
မပြတ်ခုခါ၊ ဖြစ်တုန်းမှာလည်း
အစာရှာရ၊ ထိုဒုက္ခကြောင့်
နေ့ညမဟူ၊ ကိုယ်စိတ်ပူ၍

သူသူငါငါ၊ မသက်သာသည်
ရှစ်ဖြာသံဝေ ရကြောင်းတည်း။
သံဝေဂ ရမှ သံသရာက လွတ်မှာ။

**(မဟာသမ ၁၉၈၁၊ ၁၅-၅၀)**

## ကိုယ့်ကိုယ်ကို ချစ်တတ်ရဲ့လား

လိုချင်တာလဲ တဏှာလောဘပဲ။ ဘုရားအာရုံပြုကြ၊ မနေ့က ဒါယိကာမတစ်ဦး ဝိနည်းစူဠဝါ၊ ပါရာဇိကကဏ်၊ ပရိဝါ၊ ပါစိတ်၊ အင်္ဂုတ္တိုရ် ပါဠိတော် အဋ္ဌကထာစာအုပ် အစုစု နှစ်ဆယ့်လေးအုပ် လှူသွားတယ်။ ယူဖတ်ရင် ရိုရိုသေသေ ကိုင်ဖတ်ကြ၊ စာအုပ်ထဲမှာ အနက်မတေးကြနဲ့၊ သံယာ့ပစ္စည်းကို ရိုရိုသေသေ ကိုင်ရတယ်၊ ဦးဥက္ကဋ္ဌတို့က ရိုသေရဲ့လား စောင့်ကြည့်ပေး။ ဘုရားပွင့်လာတာ ယုံကြည်သူတွေအတွက် အကျိုးများပေမယ့် မိစ္ဆာဒိဋ္ဌိတွေအတွက် ငရဲကျဖို့ ဖြစ်ရတယ်။ မာဂဏ္ဍီဝတ္ထုကို သိတယ် မဟုတ်လား။ ကိုယ့်ကိုယ်ကိုလဲ ချစ်တတ်မှ။ တရားလက်ကိုင် ထားကြဖို့ ပြောတာ၊ တရားလက်လွတ် မလုပ်ကြနဲ့။ ရဟန်းဖြစ်ပြီး အကြည်ညိုခံရအောင်၊ လာဘ်ပေါ်များအောင် လုပ်နေကြရင် နစ်မြုပ်သွားမယ်။ ဒါ ကိုယ့်ကိုယ်ကို ချစ်တာ မဟုတ်၊ နှစ်တာ။

**(မဟာသမ ၁၉၈၁၊ ၃၂-၃၆)**

## သံသရာစရိုးကြမ်း

ဘဝခရီးမှာ ဘေးဒုက္ခကြီးပဲ ရှိတယ်။ ဘဝနဲ့တကျော့က ခွဲမရဘူး။ သမုဒ္ဒရာရဲ့ ဟိုဘက်က နိဗ္ဗာန်၊ ဟိုဘက်ကို သွားကြပါလား။ ဘာလို့ မသွားလဲ၊ ဒုက္ခကို ဒုက္ခမှန်း မသိလို့ မဟုတ်လား။ ဘုရားသခင်က နခသိခသုတ်မှာ

ငါ့လက်ထဲက သဲနဲ့ ဇမ္ဗူအပြည့်ရှိတဲ့သဲ ကွာခြားသလို ငရဲက လွတ်တဲ့ လူထက် ငရဲကျတဲ့ လူ အရေအတွက်က များတယ်။

(နိဒါနဝဂ္ဂသံယုတ် ၄၅၄)

မိန်ကလေးလှမှ ကြည့်ချင်တယ်၊ အဲဒါ လောဘ၊ အကျည်းတန်ရင် မုန်းတယ်၊ အဲဒါ ဒေါသ။ နှစ်မျိုးစလုံးကို ဂရုမစိုက်ဘူး၊ မောဟ။ စိတ်ကလဲ အငြိမ်နေတာ မဟုတ်ဘူး၊ မျောက်လိုပဲ လှုပ်ရှားနေတယ်။ မျောက်လွတ်ထွက်နိုင်တဲ့ တံခါးငါးပေါက်ရှိတယ်။ မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ်နဲ့ ထိတွေ့မှု။ မျောက်လွတ်ထွက် မသွားနိုင်အောင် ဖမ်း၊ ဘာနဲ့ ဖမ်းမလဲဆိုရင် ဘာဝနာနဲ့ ဖမ်းရမယ်။

အာပတ်တန်းလန်းနဲ့ စုတေရင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဖြစ်ရော။

(မဟောသဓ ၁၉၈၁၊ ၃၇-၄၄)

## လမ်းနှစ်သွယ်

နိဗ္ဗာန်တစ်လမ်း၊ သံသရာတစ်လမ်း၊ ပထမပြောတဲ့ လမ်းကို ရွေးတယ်လို့ ပြောကြမှာပဲ။ ဒါပေမဲ့ ပြန်စစ်၊ ကိုယ့်ဘဝကို ကိုယ် ကျေနပ်နေတယ်မဟုတ်လား၊ ရဟန်းဖြစ်ပြီးရင် ကျော်ကြားဖို့ပဲ ကြံစည်တယ်။ စာမေးပွဲအောင်ပြီးရင် ပူဇော်ဂုဏ်ပြုကြမယ်။ လာဘ်ရမယ်။ စာမေးပွဲကို အောင်ဖို့ အသေအလဲ ကြိုးစားရ တယ်ဆိုရင် ကျန်းမာရေး မကောင်းတော့ဘူး။ မကျန်းမာရင် သာသနာ့ဝန်ကို ကောင်းကောင်း ထမ်းနိုင်ပါအုံးမလား။ ကိုယ်နဲ့ အတူနေတဲ့ ရဟန်းကိုပဲ ဘုန်းကြီးနဲ့ တူသေးလားလို့ စစ်ကြည့် ပါ။ ကိုယ့်ကိုယ်ကို သိကြနော်။ ကိုယ့်ကိုယ်ကို မထိန်းနိုင်ရင် လူထွက်လိုက်။

(မဟောသမ ၁၉၈၁၊ ၄၅-၅၂)

## ကိလေသာ

ဒီခန္ဓာ့ဝန်ကြီးကို ရတာက ရှေးကုသိုလ်ကံတွေကြောင့်၊ အဝိဇ္ဇာ တဏှာကြောင့်၊ မဟုတ်တာ လုပ်တော့ ကံငါးပါး ပျက် ရော၊ ဒီအကုသိုလ်ကံတွေက ငရဲပို့တာပဲပေါ့။ အနူတစ်ယောက် ယားလွန်းအားကြီးတော့ သွေးထွက်အောင် ကုတ်တယ်။ အနာ ကို မီးကင်တယ်။ ခဏ သက်သာသလို ရှိတယ်။ နောက်တော့ ယားမြဲပဲ။ တဏှာလွန်တဲ့ လူက မိန်းမတွေကို ရှုံထားမယ်။ အဲဒါ

နည်းမှန် မဟုတ်ဘူး။ ဘာဝနာသာ နည်းမှန်။ ကိလေသာသုံးပါး ရှိတယ်။

အနုသယကိလေသာ- အိပ်ပျော်နေတာနဲ့ တူတဲ့ စိတ်ညစ်နွမ်းပူပန်စရာ

ပရိယုဋ္ဌာနကိလေသာ- အိပ်နေရာက လန့်နိုးတာနဲ့ တူတဲ့ စိတ်ညစ်နွမ်းပူပန်စရာ

ဝီတိက္ကမကိလေသာ- အိပ်ရာက ထတာနဲ့ တူတဲ့ စိတ်ညစ်နွမ်းပူပန်စရာ

ကိုယ့်သန္တာန်မှာ ကိလေသာပိုးတွေ အဝင်မခံကြနဲ့။

**(မဟောသမ ၁၉၈၁၊ ၅၂-၅၇) / (ယောသိတ ၁၉၇၂၊ ၁၃၃-၁၃၄)**

## ဝိပဿနာဉာဏ်အမြင်

ခန္ဓာဝန်ဟာ မကောင်းဘူး ပြောရင် ယုံချင်မှ ယုံမယ်။ မကောင်းမှန်းသိရက်နဲ့ လိုချင်နေကြတယ်။ တဏှာနယ်ချဲ့တာပဲ၊ တဏှာကို မီးလို့ မြင်ပါ။ မီးစာရယ်၊ ဆီရယ်၊ မီးရှို့သမားရယ် ရှိရင် လောင်ပြီးပေါ့။ မီးကို ငြိမ်းမှ ဖြစ်မယ်လို့ ဆုံးဖြတ်ရင် လုပ်ရမှာက ဝိပဿနာ ဖြစ်တယ်။ စိတ္တက ဆီ၊ ကာမဘောဂီတက

ရုပ်ချော သံသာ၊ တဏှာက မီးရှို့တဲ့လူ၊ မီးကို ငြိမ်းရမှာက ဝိပဿနာဘာဝနာ။ မီးလောင်ရင် ဘယ်သူ တရားခံလဲ စစ်ကြဆေးကြတယ်။ ရှို့မီးလား၊ ပေါ့လျော့လို့လား၊ အခု ဒို့ခန္ဓာကိုယ်ကို ဘယ်သူ မီးရှို့သလဲ၊ တို့မီးတောက်ထဲက အိုးထဲရောက်နေတာ "အတွင်းမီး"လို့ ခေါ်ရမယ်။ ကိုယ်တိုင်ပါဝင်နေတယ်။ ဣဿာမစ္ဆရိယ-မနာလိုစိတ်၊ သောက ပရိဒေဝ ဆိုတာတွေပေါ့။ ချစ်သူကို မရလို့ သတ်သေတာလဲ ရှိတယ် မဟုတ်လား။ ဒေါသကြောင့်သေ၊ မောဟကြောင့် သေ။ မောဟကြောင့် သေတယ်ဆိုတာ အမှုမဲ့ အမှတ်မဲ့နေတာကို ပြောတာ။ ဇာတိ၊ ဇရာ၊ မရဏ တစ်ဆက်တည်းပဲလေ။ စက္ကန့်တိုင်း မိနစ်တိုင်း ဖြစ်တယ်၊ ပျက်တယ်။ နိဗ္ဗာန်ကျမှ ငြိမ်းမယ်။ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဆက်နေတယ်။ ကောင်းကောင်းနေ၊ တရားနှလုံးသွင်း။

**(မဟောသဓ ၁၉၈၁၊ ၅၈–၆၅)**

## စိတ်တန်နိုး

လေးလိုက်တဲ့ ခန္ဓာဝန်၊ ဇာတိ (မွေး)၊ ဇရာ (အို)၊ ဗျာဓိ (နာ)၊ မရဏ (သေ)၊ ဒီခန္ဓာမှာ အမိဝမ်းတွင်းက သေတဲ့အထိ ဒုက္ခတွေပဲ ခံနေရတာ၊ ဒါထက် ဟိုဟာက ကောင်းတယ်ဆိုတာမျိုး ရှိတယ်လေ။ ဒါလဲ အစစ်အမှန် ကောင်းတာမဟုတ်ဘူး။ စာမေးပွဲ အောင်ကြ၊ မဏ္ဍာစရိယ ဖြစ်ကြ၊ ဘာပဲဖြစ်ဖြစ် သိက္ခာမရှိရင် ဒီမှာ မနေရဘူး။

ရိပ်သာကို သွားကြတာ ကောင်းပါရဲ့။ မမှန်မကန်ကျင့်ရင် တော့ ပျက်ပြီ။ လမ်းညွှန်မယ့် ပုဂ္ဂိုလ်ကောင်းတွေ့ဖို့ လိုပါတယ်။ ပြောသလိုလဲ လိုက်နာရမှာ ဖြစ်တယ်။ ဒါမှ မဟုတ်ရင် ရိပ်သာ မှာ သွားပြီး အချိန်မဖြုန်းနဲ့ ကိုယ့်စိတ်ကို ကိုယ့်ဘာဝနာနဲ့ ထိန်း ထားပါ။

**(မဟောသဓ ၁၉၈၁၊ ၇၄-၈၀)**

## ဆွမ်းတရား

သာသနာထွန်းကားချိန်မှာ ကုသိုလ်ပွားဖို့ သိပ်အဆင်ပြေ တယ်။ ဥပမာ သံဃာကို ဆွမ်းကျွေးပါ။ သာသနာ (ဗုဒ္ဓတရား တော်) ရှိလို့ သံဃာဖြစ်ပေါ်လာတာ၊ သာသနာက မြတ်စွာ ဘုရား ထားခဲ့တာ ဖြစ်တယ်။ ဗုဒ္ဓသာသနာဝင်အဖြစ် မွေးလာရ တာပဲ ကံကောင်းလှပြီ။ ဒီမှာ သတိပေးစကားတော့ ပြောချင် တယ်။ သာသနာကို အကြောင်းပြုပြီး ငွေကြေးသိပ်ကုန်တဲ့ ပျော်ပွဲရွှင်ပွဲလုပ်တာတော့ မကြိုက်ပါ။ ဒါနဆိုတာ လယ်မြေနဲ့ တူတယ်။ ဒါနပေးသူက တောင်သူ၊ မျိုးစေ့က လှူဖွယ်ပစ္စည်း၊ ဒါတွေ တစ်ခုချင်း အကောင်းစားတွေ ဖြစ်ရဲ့လားလို့ စစ်ဆေးပါ။ လယ်က မြေဩဇာကောင်းတယ်၊ ကျကျနန ထွန်ထားတယ်၊ ရေလဲ လုံလောက်တယ်၊ လယ်သမားကလဲ သူ့လုပ်ငန်းကို သူ နိုင်သူဖြစ်တယ်။ မျိုးစေ့ကလဲ ကောင်းတယ်။ အထွက်များတယ်။

စားလို့ကောင်းတယ်။ သံဃာက ထွက်ကုန်ကို လက်ခံသူတွေပါ။ သံဃာအားလုံးပဲ ဖြစ်ပါတယ်။ ဆွမ်းက တစ်ပါးတည်းအတွက် မဟုတ်ပါ။ ပုဂ္ဂလိက မဖြစ်စေနဲ့၊ သံဃိက ဖြစ်ရမယ်။

ဆွမ်းဟာ အသက်
ဆွမ်းဟာ အစွမ်း
ဆွမ်းဟာ ကျန်းမာရေး
ဆွမ်းဟာ ခွန်အား

ဝအောင် စားရသူနဲ့ ငတ်နေတဲ့သူ သိသိသာသာကြီး ကွာခြားပါတယ်။ ဘုန်းကြီးက ဘုရားပွဲလိုဟာမျိုးကို မလိုလားဘူးဆိုတော့ ကွန်မြူနစ်လို့ ပြောကြပြန်တယ်။

**(မဟောသဓ ၁၉၈၁၊ ၇၄-၉၁)**

## ရတနာ

ဘုရား၊ တရား၊ သံဃာကို ရတနာသုံးပါးလို့ ခေါ်ကြမြဲမဟုတ်ပါလား။ တကယ့်ရတနာထက် ပိုပြီး အဖိုးတန်သေးတယ်။ ရတနာသုံးပါးကို ခြွင်းချက်မရှိ ယုံကြည်ကိုးကွယ် ဆည်းကပ်ပါတယ်ဆိုရင် နိဗ္ဗာန်လမ်းကို ဝင်တာ ဖြစ်ပါတယ်။ [ဒီဩဝါဒကို ၆ မတ် ၁၉၆၉ က ပေးတဲ့အခါ အင်္ဂလိပ်လူမျိုးဂျွန်အိုကယ် (မောင်လှသိန်း)က တရားနာ ပရိသတ်ထဲမှာ ရှိနေတယ်။] **(မဟောသဓ ၁၉၈၁၊ ၈၂-၁၀၈)**

## အမိန့်ခွာနံ

သတိနဲ့ဉာဏ် နှစ်ခုတွဲမှ အောင်မြင်တယ်။ လူငယ်တွေ သတိလွတ်ရင် လူလေ လူလွင့် ဖြစ်ကရော။ ဒါကြောင့် မသိတာဟာ အခြေခံတရား ဖြစ်တယ်လို့ ပြောတာပေါ့။ အကောင်းနဲ့ အဆိုးကို ခွဲသိရမယ်။ ဘုန်းကြီး သတိပေးပါရက်နဲ့ မိုက်တွင်း နက်တယ်။ ဘာကြောင့်လဲ ဇီဇည့်လို့ပါပဲ။ စားတော်ကဲက အစား ကောင်း ချက်တယ်။ ယောက်မကို သုံးတယ်။ ဟင်းကောင်း မကောင်း ယောက်မက သိမလား။ မသိပါ။

လူမိုက်ဟာ
တစ်သက်လုံး ပညာရှိနဲ့ နေပေမယ့်
တရားမရနိုင်ဘူး။ (ဓမ္မပဒဂါထာ ၆၄)

သစ်ကျုတ်ကလေးက သတ်စားစရာ သတ္တဝါ ရှာမရတော့မှ ငါ ဥပုသ်စောင့်မယ် ဆိုတယ်။ ပြီးမှ သမင်တွေ့တော့ ထလိုက်တယ်။ လိုက်လို့ မမိနိုင်တဲ့ အဆုံးကျမှ "ကံကောင်းလို့ ငါ့ဥပုသ် မကျိုးတာ" ဆိုတာမျိုး မဖြစ်ကြစေနဲ့။

**(မဟောသဓ ၁၉၈၁၊ ၁၀၉–၁၁၉)**

## ကြိုတင်ပြင်

သူများပေးလှူတဲ့ ဆွမ်းကိုစား၊ စွန့်ပစ်ထားတဲ့ အဝတ်ကို ယူဝတ်၊ ဆောက်ပြီးသား အမိုးအကာမှာ ခိုဝင်တယ် ဆိုတော့

အယူချည်းပဲ။ အဲဒါကို တစ်ဖက်သတ် ဖြစ်တယ်လို့ မထင်နဲ့၊ စိတ်မငယ်နဲ့၊ ကိုယ့်အလုပ်က ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ ဖြစ်တယ်။ အဲဒါ မလုပ်နိုင်ရင်တော့ ဘုန်းကြီးနဲ့ လာမနေနဲ့၊ လူထွက်၊ အကျော်အစောကို မမက်နဲ့၊ ဘေးတွေ့မယ်။

(မဟောသေ ၁၉၈၁၊ ၁၄၈–၁၅၆)

## သာသနာ့ဝန်ထမ်း

သာသနာ့ဝန်ထမ်းဆိုတာ ဘာကို လိုလို့လဲ မေးရင် ဘုရားသာသနာ တာရှည်တည်တံ့ဖို့ ကြိုးစားဆောင်ရွက်တာ ဖြစ်တယ်။ အားလုံး သံဃာပဲ။ ရွှေကျင်၊ သုဓမ္မာ၊ ကံဒွါရ၊ ခွဲမနေနဲ့။

(မဟောသေ ၁၉၈၁၊ ၁၆၀)

## ဆုတောင်းမနေနဲ့

ဆုတောင်းတာလဲ အကျင့်ပါနေကြတယ်။ ဒါပေး ဟိုဟာ ယူဆိုတဲ့ လဲလှယ်ရေး မဟုတ်ဘူး၊ လိုချင်တာကလဲ အကောင်းဆုံး "နိဗ္ဗာန်"။ အဲဒါနဲ့ ထိုက်တန်အောင် ကျင့်ပေတော့၊ ရလိုပါ၏ ဆိုရုံနဲ့ ဘယ်လာရမလဲ။

(မဟောသေ ၁၉၈၁၊ ၁၅၇–၁၆၂)

## ရမ္မက်ကျွန်

လူရယ်လို့ ဖြစ်လာကြရင် တဏှာရာဂ ပါလာကြစမြဲပဲ၊ အဲဒါ အသက်ကြီးလေ သူက များလေပဲ။ နွားချိုနဲ့ ပမာနှိုင်းတယ်၊ နွားငယ်တော့ ချိုနုတယ်၊ ချိုတိုတယ်၊ အကောင်ကြီးတော့ ချိုရှည်လာတယ်။ ငယ်ငယ်က ကစားဖက်၊ ဆယ်ကျော်သက်ရောက်တော့ ရည်းစားဖြစ်ကြ၊ နောက်ညားကြ၊ တစ်လင်တစ်မယားထက် ပိုကြတဲ့လူတွေ ရှိတယ်၊ မင်းဆိုရင် မောင်းမတစ်ထောင်ဆိုတယ် မဟုတ်လား။ အမျိုးသမီးက မက်စရာဖြစ်အောင် ပြုပြင်ရတယ်။ ဘုန်းကြီးက ဒီအထဲ မပါရဘူး၊ တကယ်မပါအောင် ကြိုးစားကြ။

(မဟောသဓ ၁၉၈၁၊ ၁၆၆–၁၆၇)

## အနိစ္စ

မမာဘူးအကြောင်းပြပြီး အလုပ်ကို ခိုကပ်နေတယ် ဆိုပါတော့၊ လူရည်လည်တယ်၊ လူပါး လူနပ် အခေါ်ခံရတယ်။ တကယ် ပါးနပ်တာ ဟုတ်ရဲ့လား၊ စစ်ကြည့်၊ မင်းလုပ်သလောက် အကျိုးခံစားရမယ်၊ ဘုန်းကြီးကတော့ သိပ်ကြိုးစားတယ်။ ပြီးတော့ (အကောင်း) သေဖို့ ပြင်ဆင်ထားတယ်။ သေရမှာပဲ မဟုတ်လား။ တို့ကျောင်းတိုက်မှာ အခု သံဃာ အရေအတွက် ပိုပို လာတယ်။ အဲဒါ တိုးတက်တယ်လို့ ဆိုလား၊ အကျင့်ယုတ်

သူတွေ ပါလာပြီ၊ သတိထားကြ။ အိမ်သာလို့ ညွှန်လာတယ်။ ချမ်းသာတဲ့၊ အာဏာရှိတဲ့ ဒါယကာကို ခရီးဦးကြိုပြုပြီး ညွှန့်ခဲ့တာဟာ သာမဏေရ မစစ်လို့ဘဲ၊ ဘုန်းကြီး ဆုံးမတာကို မနာယူလိုသူ များလာပြီ။ အေး ဒီမှာ ဆက်မနေကြနဲ့။

**(မဟောသမ ၁၉၈၁၊ ၁၇၀–၁၇၆)**

## လက်တစ်ကမ်းမှာနိဗ္ဗာန်

ဗုဒ္ဓသာသနာ ထွန်းကားချိန်မှာ လူဖြစ်တယ်၊ သံဃာဖြစ်တယ်။ အဲဒါ သိပ်ဝမ်းသာဖို့ကောင်းတဲ့ အချက်ပဲ။ အခု မြန်မာနိုင်ငံလိုနေရာမှာ နိဗ္ဗာန်လမ်းဖွင့်ထားတဲ့အခါလို့ ခေါ်နိုင်တယ်။ အဲဒီလမ်းကို ငါလျှောက်မယ်လို့ စိတ်က ပိုင်းဖြတ်ပြီး သတ်မှတ်ထားတဲ့ ကျင့်စဉ်ကို လိုက်နာမှ၊ အားသန်အုံးမှ အကျိုးရှိမယ်ပေါ့။ သတ်မှတ်ထားတဲ့ လုပ်ငန်းဆိုတာ သမထ ဝိပဿနာ ဖြစ်တယ်။ ဒီကျောင်းတိုက်မှာ အဲဒါ လုပ်ရမယ်၊ မလုပ်ချင်ရင် ဒီမှာ မနေကြနဲ့။

**(မဟောသမ ၁၉၈၁၊ ၁၇၇–၁၈၁)**

## ဗုဒ္ဓလမ်း

ဒီကျောင်းတိုက် ရပ်တည်နေဖို့ ဒါယကာ ဒါယိကာမတွေက လှူဒါန်းထောက်ပံ့ကြတယ်။ ဘာပြုလို့လဲ၊ စာသင်သားတွေ

စာမေးပွဲမှာ ထူးထူးချွန်ချွန် အောင်ကြလို့ မဟုတ်ပါ။ ဘုန်းကြီးတို့က ဝိနည်းလေးစားလို့၊ ပြီးတော့ ဘုန်းကြီးဆိုတာ ဇိမ်နဲ့ အလကား နေရတာမှ မဟုတ်ဘဲ၊ သာသနာတိုးတက်ပြန့်ပွားဖို့ အမျိုးမျိုး လုပ်ကြရတယ်။ လူတွေကိုလဲ ဗုဒ္ဓသာသနာဝင် စစ်စစ် ဟာ ဒီလို တွေးတောကြံစည်ပြုမူရတယ်လို့ သင်ပေးရတယ်။ ရှင်ပြုတာမှာ ငွေကုန်မခံနဲ့၊ တန်ခိုးကြီးဘုရားသွားပြီး နေ့လယ်ကြီး မီးတွေ ထွန်းမနေနဲ့ အသုံးမဝင်ဘူး။ ယုံကြည်မှုပဲလေဆိုပြီး လူတွေဟာ ပေါက်ကရ လုပ်ကြတယ်။ တားမြစ်ပါ။

ပိဋကကို သင်ယူတာ ကောင်းတယ်။ ဒါလိုတယ်။ ဒါပေမဲ့ သိတဲ့အတိုင်း ကျင့်ဖို့က အလိုဆုံးပဲ။

(မဟောသမ ၁၉၈၁၊ ၁၈၂–၁၈၈)

## မညာမတာ စစ်ဆေးပါ

မြင်လိုက်ရင် ကြည်ညိုစရာ တယ်ကောင်း။ ရဟန္တာတွေလား ထင်ရတယ်။ တကယ်စစ်တော့မှ အပေါစား အတုတွေ ဖြစ်နေအုံးမယ်၊ အဲဒီလို မဖြစ်အောင် စိတ်အလိုမလိုက်နဲ့၊ ကိုယ့်ဘာသာနိုင်အောင် ထိန်းပါ။ မဟုတ်ရင် အပါယ်ကျမယ်၊ ဘုန်းကြီးက အရမ်းနှိပ်ကွပ်တယ်။ စည်းကမ်းကြီးတယ်ပေါ့၊ ကြားချလုပ်လို့ မရဘူး။ အပြတ်လုပ်ရတယ်။ မလိုက်နာနိုင်ရင် တော့ သွားကြပါ။ (မဟောသမ ၁၉၈၁၊ ၁၈၂–၁၉၄)

## ဝိနည်းသာ အရင်းခံ

သာသနာဟာ ရဟန်းသံဃာပေါ်မှာ တည်တယ်။ ရဟန်းသံဃာက ဝိနည်းပေါ်မှာ တည်တယ်။ ရှေးလူကြီးတွေ ပြောစကားနော်

ဘုရားအစစ်ကို ဆင်းတုတော်တွေက ဖုံးနေတယ်

တရားအစစ်ကို အချို့တရားဟော ဓမ္မကထိကတွေနဲ့ ကျမ်းစာတွေက ဖုံးနေတယ်

သံဃာအစစ်ကို တို့ဘုန်းကြီးတွေက ဖုံးနေတယ်

ဘာပြောတယ်ဆိုတာ သိကြမှာ၊ ဘုရား ရှိမခိုးရဘူး ပြောနေတာ မဟုတ်ဘူး၊ ဓမ္မကထိကဟောတာ နားမထောင်နဲ့လို့ ပြောတာ မဟုတ်ဘူး၊ ဘုန်းကြီးတွေကို ဆွမ်းမကပ်နဲ့လို့ ပြောတာ မဟုတ်ဘူး၊ ဘုန်းကြီးတွေ ပေ့ါပေ့ါတန်တန် နေကြရင် သာသနာကွယ်မှာပဲလို့ ဆိုတယ်။ ဘုရားပွဲနဲ့ ရဟန်းခံ ရှင်ပြုမှာ ပိုက်ဆံ သိပ်အကုန်ခံတာတော့ မကြိုက်ပါ။

**(မဟောသမ ၁၉၈၁၊ ၁၉၅–၂၃၁)**

## ဘုန်းကြီးဘဝ

လူကို ရဟန်းခံပေးရင် ရဟန်းက လူထက် အများကြီး သာသွားပြီ။ အဆင့် မြင့်လေ အဆင့်နဲ့ ထိုက်တန်အောင် အနေအထိုင် အပြောအဆို ဆိုတာတွေ ကောင်းအောင် သိပ်

ကြိုးစားပြီး နေရလေပဲပေါ့၊ ဘုန်းကြီးကိုယ်တိုင်လဲ သိပ်ကြိုးစားပြီး နေပါတယ်။ ဘုန်းကြီးတို့ အားလုံးရဲ့ ဟာဝန်က သာသနာကြီးပွားစည်ပင်အောင် လုပ်ရမယ်ဆိုတော့ ကိုယ်တစ်ဦးတည်းထင်ပေါ်ကျော်ကြားဖို့ ဘယ်လုပ်ရမလဲ။ ဧည့်သည်လာရင်ပဲကိုယ့်အလုပ် ပျက်တယ်၊ အချိန်နာရီတွေ အများကြီး ဆုံးရှုံးသွားတယ်။ သံသရာက လွတ်ချင်ရင်လဲ ကိုယ့်တစ်ကိုယ်တည်း လွတ်အောင် ကြိုးစားရတာ။ ဘာမဆို ဆုတောင်းလို့များ ရမယ်ဆိုရင်ဘုန်းကြီးက ထိပ်ကနေပြီး မနားမနေ ဆုတောင်းမှာပါ။ တဏှာကို သမထနဲ့ ထိန်းချုပ်၊ မလုပ်နိုင်ရင် လူထွက်ကြ၊ နို့မဟုတ်ရင်ကိုယ့်ဒုက္ခ ကိုယ်ရှာသလို ဖြစ်မယ်။

**(မဟောသဓ ၁၉၈၁၊ ၂၁၄–၂၁၉)**

## ခေတ်ပြောင်းချင်ပြောင်း

ခေတ်စာသင်ကျောင်းမှာ ကျောင်းတက်နေတဲ့ ကလေးလူငယ်တွေက ဘုန်းကြီးကို လေးစား ရိုသေရမှန်း မသိဘူး၊ တစ်ဖက်ကလဲ ဘုန်းကြီးဆိုပေမယ့် ဝိနည်းမရှိသေတဲ့အပြင် ဒါယကာ၊ ဒါယိကာမနဲ့ ဆက်သွယ်ပြီး လာဘ်ပဲမျှော်ကြတယ်။ အဲဒီလိုဆိုရင် ဘာလုပ်ရမလဲ သိလား၊ လူငယ်တွေကို လျစ်လျူရှုလိုက်၊ တို့ကိစ္စ မဟုတ်၊ ဘုန်းကြီးတွေကတော့ ဝိနည်းကိုပစ်ပယ်လို့မရ။ **(မဟောသဓ ၁၉၈၁၊ ၂၃၃–၂၃၈)**

## ရှေ့ဘဝတွေအတွက်

သံသရာက လွတ်ဖို့ ကိုယ့်ဘာသာကိုယ် ကျင့်ရမယ်၊ အဲဒါကို တစ်ကိုယ်ကောင်းစိတ်လို့ မယူနဲ့။ ဘာလိုချင်ပါသလဲ ဆုတောင်းမနေနဲ့၊ လိုချင်တာကို မှန်းပြီး ကြိုးစားအားထုတ်ပါ။ ဘုန်းကြီးအလုပ်က ပရိယတ္တိနဲ့ ပဋိပတ္တိ။ ဒါပဲ၊ အဲဒါမှ မလုပ်ချင်ရင် လူထွက်။

(မဟောသမ ၁၉၈၁၊ ၂၄၆–၂၅၁)

## တရားအားထုတ်

ဘုန်းတော်ကြီး ပျံလွန်တော်မူတယ်ဆိုတာ ဘဝနတ်ထံ ပျံတော်မူတာကို ပြောတာ။ ဝိနည်း မလေးစားရင် ဘဝရဲလျှိုးတာတော့ မသိကြဘူး။ ပရိသတ်ထိန်းတယ်ဆိုတာ-

(၁) အဂတိ မလိုက်စားရဘူး
(၂) ကိုယ့်ရှိတဲ့ပစ္စည်း မနှမြောရဘူး
(၃) အနေအထိုင် ကောင်းရမယ်
(၄) မေတ္တာ ကရုဏာ ရှေးရှုရမယ်
(၅) စာပေဘက်ကလဲ ပြည့်စုံရမယ်

ကြီးမှ တရားနဲ့နေလို့ ပြောလေ့ ရှိကြတယ်။ ငယ်ငယ်က စ လုပ်ပါ။ ငယ်ငယ်ကမှ မကောင်းရင် ကြီးတော့ ပိုမကောင်း ဖြစ်မှာပေါ့။ ကြီးပွားတယ်ဆိုတာကလဲ-

(၁) အရာရာမှာ စဉ်းစားဉာဏ် ရှိရမယ်

(၂) ရှေ့ဘုန်းရှေ့ကံ ရှိရမယ်

(၃) ရဲရင့်တဲ့ သတ္တိ ရှိရမယ်

အဲဒါဆိုရင် ကြီးပွားတယ်။

တရားအားထုတ်ရင်-

(၁) ဆိတ်ငြိမ်ရာကို သွား

(၂) တင်ပျဉ်ခွေထိုင်

(၃) ကိုယ်ကို ဖြောင့်ဖြောင့်ထား

(၄) အာနာပါန စတဲ့ ကိုယ် နှစ်သက်ရာ တရားကို နှလုံးသွင်း

ဣန္ဒြေနဲ့နေ၊ ပြုံးစိစိ မလုပ်နဲ့

သံဃိက ပစ္စည်းကို အလွဲသုံးစား မလုပ်နဲ့

လူတွေရဲ့ ဝေယျာဝစ္စကို မကူညီနဲ့

ကျန်းမာရေးကို ဂရုစိုက်

ကိုယ်က တကယ့် အထက်တန်း ရောက်နေပြီ၊ အောက်ခုန်မဆင်းချင်နဲ့၊ တစ်ဘဝမက သေခဲ့ကြရပြီ။ နောက်ဘဝကို မလိုချင်တော့ဘူး ဆိုတာမျိုး ဖြစ်ရမယ်။

**(မဟောသဓ ၁၉၈၁၊ ၂၅၂-၂၆၀)**

## ခရီးသည်လေးယောက်

အမှောင်ထဲက အမှောင်ထဲသွား
အမှောင်ထဲက အလင်းသွား
အလင်းက အမှောင်သွား
အလင်းက အလင်းသွား

ကိုယ်က ဘယ်အစားထဲ ပါသလဲ၊ စစ်။ ကိုယ်က သူတော်ကောင်းတရားနဲ့ ပြည့်စုံနေရမယ်။ ဒါယိကာမတွေက ဒါယကာတွေထက် လှူဒါန်းတဲ့နေရာမှာ သာတယ်။ အနီးကပ်ပေါင်းဖို့ မလွယ်ဘူး။ ဘုန်းကြီးတွေ အပြင်ပန်း ပြတာသာ ကောင်းတာလို့ အပြောခံရမယ်။ အချောင်နေချင်ရင်တော့ (တခြားမှာ သိပ်ကောင်းတာ) ရွှေ့နေကြပေါ့။

**(မဟောသဓ ၁၉၈၁၊ ၂၇၅-၂၈၄)**

## စရဏ

ကြီးပွားအောင်မြင်သူတွေကို မြင်ပြီး ငါက အလကားကောင်ပဲလို့ စိတ်မှာဖြစ်မယ်။ အဲဒီလို အလကား စိတ်ငယ်မနေနဲ့၊ ကိုယ့်ဘာသာကိုယ် တိုးတက်အောင်လုပ်၊ ကျန်းမာရေးလဲ ဂရုစိုက်၊ နို့မို့ရင် ဘာမှ တွင်ကျယ်အောင် မလုပ်နိုင်ဘူး၊ ဘာလုပ်ရမလဲ မေးရင်၊ လုပ်စရာ များပါတယ်လို့ ဖြေမယ်။ ဘုန်းကြီးတို့အတွက်

တော့ ဘာဝနာပေါ့။ အသက်နဲ့ မဆိုင်ဘူး၊ သေခြင်းက ကပ်ရက် ရှိတယ်။ အဲဒီတော့ လုပ်စရာကို ချက်ချင်း လုပ်၊ အချိန် မရွေ့နဲ့။

(မဟောသဓ ၁၉၈၁၊ ၂၈၅-၂၈၄)

## စိတ်ထားဖြောင့်စေ

မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်က နားလည်ဖို့လဲ ခက်တယ်။ အဲဒါအပြင် စိတ်ထား ဖြောင့်တဲ့လူ မဟုတ်ရင် ဘာမှ လုပ်ရမှာ မဟုတ်ဘူး။ လူထဲက ရဟန်းကို ဝေယျာဝစ္စ လုပ်ပေးချင်တဲ့ လူတွေ ပေါ်လာတတ်ပါတယ်။ ရှင်းရှင်းပြောတော့ သူတို့အကူအညီက မလုပ်တတ်ရင် အနှောင့် အယှက် ဖြစ်ပါတယ်။ ကိုယ်တော်တွေ စိတ်ပျံ့လွင့်ကုန်တယ်၊ သမာဓိပျက်ကုန်တယ်၊ လူထွက်ကုန်မယ်၊ လူစည်ကားလာရင် ထိန်းပေးမှ၊ မထိန်းနိုင်ရင် ကြာရှည်မခံဘူး။ ပြောသာ ပြောရ တယ်၊ သိပ်စိတ်မဝင်စားကြဘူး၊ နားမလည်ကြဘူး။ ဒီလိုဆိုရင် သူတို့ကို လက်ခံထားရကျိုး မနပ်ဘူး။ ကျောင်းဒါယိကာမက သမီးပျိုနဲ့ လာရင် ကြပ်ကြပ် သတိထား၊ ကျောင်းမှာ လက်ခံ စကားမပြောနဲ့၊ ဇရပ်ကို ခေါ်သွား၊ တိုတိုပဲ ပြော။

(ယောသိတ ၁၉၇၂၊ ၇-၁၃)

## လမ်းပေါ်ရောက်ပြီးမှ လမ်းမပျောက်စေနဲ့

ဗုဒ္ဓသာသနာတွင်း ရဟန်းဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ လမ်းပေါ် ရောက်ပြီး ဘာမှ မလုပ်ဘဲနေရင် လမ်းပျောက်သွားတာနဲ့ မတူဘူးလား။ ရဟန်းတိုင်း သီလ၊ သမာဓိ၊ ပညာ ရှိရမယ်၊ လောဘ၊ ဒေါသ၊ မောဟကို ပယ်ရမယ်။

**(ယောသိတ ၁၉၇၂၊ ၁၂-၂၄၊ ၁၂၅-၁၂၆)**

## ဗုဒ္ဓဆင်းတု

ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှားရှိသလို ရုပ်တုကို သွားပြီး ရှိခိုးကြတယ်၊ ဆင်းတုတော်မှာ မင်းမြောက်တန်ဆာတွေ ဆင်ယင်ပေးတာလဲ မကြိုက်ပါ။ ဗုဒ္ဓတရားတော်ကို အသိ လွဲပြီလို့ ယူဆပါတယ်။

**(ယောသိတ ၁၉၇၂၊ ၆၆-၆၈၊ ၁၆၇-၁၆၉)**

## ဘာအမျိုးအစားလဲ

ကိုယ်တော်တို့၊ ရဟန်းဆိုတာ-

(၁) သဒ္ဓါပဗ္ဗဇိတ - သဒ္ဓါတရားနဲ့ ရဟန်းပြုတာ

(၂) ဘယာပဗ္ဗဇိတ - ဘေးကို ကြောက်လို့ ရဟန်းပြုတာ

(၃) ပညာပဗ္ဗဇိတ - ပညာဉာဏ်ရချင်လို့ ရဟန်းပြုတာ

(၄) ယီးတီးယားတားပဗ္ဗဇိတ = ယောင်ခြောက်ဆယ်
နေရာက အသက်စေ့လို့ ရဟန်းခံတာ၊ ယီးတီးယားတားက များတယ်၊ ရွာကျောင်းတွေမှာ တောထွက်တွေပဲ များတယ်။ ရှေ့ရေးအတွက် ခက်သေးတယ်။

**(ယောသိတ ၁၉၇၂၊ ၇၂-၇၃)**

## ရဟန်းဟာ ယာစကာ မဟုတ်

ရဟန်းဟာ ကပ်တဲ့ ဆွမ်းကိုသာ ဘုဉ်းပေးမယ်လို့ သိကြပြီးသား၊ မပေးချင်ရင် ပေးချင်အောင် ပြောဟောမနေကြနဲ့။

**(ယောသိတ ၁၉၇၂၊ ၈၁)**

## ခေတ်မီလိုသလား

ခေတ်နောက်ကျနေပြီ ပြောရင် မဟုတ်ဘူးလို့ပဲ ဖြေမယ်။ ဘုန်းကြီးတို့က သံသရာက ထွက်ချင်တယ်၊ အဲဒါဟာ လူအများတွေးတာထက် အများကြီး ခေတ်ရှေ့ပြေးဖြစ်နေတယ်နော်၊ အတွေးအခေါ်မှာ အများတကာထက် အနှစ် နှစ်ထောင်ကျော်စောနေတယ်။

**(ယောသိတ ၁၉၇၂၊ ၈၆)**

## ဇွဲ

စိုက်ပျိုးရေးအတွက် ရေလိုလို့ ကန်ဆည်တယ်။ ဆည်ကို ပရိယတ္တိခေါ်မယ်။ ရေက ပဋိပတ္တိ၊ ကြာမျိုးငါးပါးနဲ့ တင့်တယ်တာက ပဋိဝေဓပေါ့။ သာသနာ့ဝန်ထမ်း ရဟန်းဟာ ဒီသုံးမျိုးစလုံး လုပ်ရတယ်။ မလုပ်ချင်ရင် ရဟန်းမလုပ်နဲ့။ လုပ်ချင်အောင်လဲ လုံ့လ၊ ဝီရိယ၊ ဇွဲဆိုတာတွေ ပါရမယ်။ သံသရာကလွတ်ချင်တာဟာ တွန်းအားပဲ၊ ဇွဲကတော့ လုပ်ငန်းအောင်မြင်ရေးအတွက် မရှိ မဖြစ်ပါ။ **(ယောသိတ ၁၉၇၂၊ ၉၂)**

## ဝစီပိတ်

"အာနန္ဒာ-ကျောင်းဝမှာ ဆူလှတယ်၊ ငါးစိမ်းသည်တွေလား၊ မဟုတ်ပါ၊ ပေးကမ်း လှူဒါန်းမယ့် ဒါယကာ ဒါယိကာမတွေပါ။ လာတာစောလွန်းလို့ စောင့်ခိုင်းထားပါတယ်။" ကြည်ညိုလို့ လှူချင်တယ်ဆိုတာမျိုး မလိုလား။ (ကိစ္စရှိမှ ပြောစရာကိုပြောမယ်၊ နို့မဟုတ်ရင် ကမ္မဋ္ဌာန်းထိုင်မယ်။ အခု လူတွေကသိပ်ပြီး စည်ကားတယ်၊ လူများတယ်။ စကားများတယ်ဆိုတာတွေကို နှစ်သက်နေကြတယ်။ ဒါတွေဟာ ဘုရားအလိုတော်ကျမဟုတ်ဘူး။ အပိုအလုပ်တွေရပ်ဖို့ အချိန်တန်ပြီ။ ဘုရားပွဲ၊ ရှင်ပြုကထိန်ခင်း၊ မသိုးသက်နိုးရက် အဲဒါတွေ မတားသမျှ သာသနာဟာ ပွင့်လင်းမယ်မထင်နဲ့ ကြာရှည်ခံဖို့လဲ မမြင်။

**(ယောသိတ ၁၉၇၂၊ ၉၉-၁၀၀)**

## မဝင်ဆုံ

ဘုန်းကြီးတော့ အကဲ့ရဲ့လွတ်အောင် နေတယ်။ ဘုန်းကြီး သတ်မှတ်တဲ့ ပုံစံက သာသနာအတွက် ကောင်းဖို့၊ နိုင်ငံအတွက် ကောင်းဖို့၊ ဘုန်းကြီးနဲ့ လာနေတဲ့ ဘုန်းကြီးတွေ ကောင်းဖို့ ဖြစ်တယ်။ နည်းနည်းမှ မလျှော့ဘူး၊ ပြောတဲ့အတိုင်း မလုပ်လိုရင် သွားကြ။

(ဃောသိတ ၁၉၇၂၊၁၀၃)

## ဂိုဏ်း

ဘုန်းကြီးက ရွှေကျင်၊ သုဓမ္မာ၊ ကံ၊ ဒွါရ ဘာမှ မဟုတ်ဘူး၊ လွတ်လွတ်တွေးပြီး သာသနာ့အကျိုးကိုပဲ ကြည့်တယ်။ ကိုယ့်လို သာသနာ့ဝန်ထမ်းဆိုရင် မိတ်ဖက်ဆွေရင်းပဲပေါ့။ အတူလုပ်စရာ တွေ အများကြီးရှိတယ်။ ကိုယ်တော်တွေလဲ ဒီနမူနာအတိုင်း လုပ်ကြပါ။ သာသနာကောင်းမှ ရဟန်းသံဃာလဲ ကောင်းမယ်။ နေ့အခါ စာသင် စာချ။ ညမှာ ကမ္မဋ္ဌာန်းထိုင်ကြ။

(မဟောသဓ ၁၉၈၁၊ ၁၅၇–၁၆၃)
(ဃောသိတ ၁၉၇၂၊ ၁၁၁–၁၁၃)

## မများချင်နေပါစေ ကောင်းကောင်းပဲ လုပ်ပါ

ဘုန်းကြီးက သာသနာအတွက် အများကြီး ကြိုးစားဆောင်ရွက်တယ်၊ ကိုယ်တော်တို့က ကူညီပါ။ သံဃာတု အထွက်များလာပါတယ်။ ဒါပေမဲ့ တကယ်အသုံးကျမယ့် ပုဂ္ဂိုလ်က နည်းပါတယ်။ ကိုယ်တော်တွေကို ပေးတဲ့ တာဝန်က ကြီးလေးတာမှန်တယ်။ သာသနာ အရှည်တည်တံ့စေချင်လို့ လုပ်ရတာ၊ ဒီမဟာဂန္ဓာရုံ ကျောင်းတိုက်ကိစ္စက မသေးဘူး။ ဆက်လက်အောင်မြင်ဖို့-

(၁) စာချဘုန်းကြီးကောင်းကောင်း ရှိရမယ်

(၂) နေစရာကျောင်း အသင့်အတင့် ရှိရမယ်

(၃) ရေမီး ပြည့်စုံရမယ်

(၄) ဆွမ်းခံရွာ သွားဖို့ အဆင်ပြေရမယ်

(၅) စားဝတ်နေရေး သိပ်မဆင်းရဲ သိပ်မချမ်းသာ မျှတရမယ်။

**(ယောသိတ ၁၉၇၂၊ ၁၅၃)**

## အကျအဆုံး

စစ်တိုက်တယ်ဆိုရင် ကိုယ့်ဘက်ကလဲ ကျဆုံးတာ ရှိမှာပဲ။ ဝိုင်းအုံလှူဒါန်းကြမယ့် လာဘ်၊ ပူဇော်သကာ၊ အကျော်အစော၊ အဲဒါတွေဟာ လမ်းမှာ ဖြတ်ကျော်ရမယ့် အခက်အခဲတွေပဲ၊ လာဘသက္ကာရ ဆိုတာတွေက ကျောင်းပေါက်ဝ ရောက်နေပြီ၊ အဝင်မခံနဲ့။ ဘုန်းကြီးလုပ်တဲ့ စည်းကမ်းတွေဟာလဲ ဘုန်းကြီး မရှိတဲ့နောက် ဆက်ပြီး ထိန်းကြမယ် သိပ် မထင်ပါဘူး။

(ယောသိတ ၁၉၇၂၊ ၂၃၃)

## ကိုယ့်ကိုယ်ကို ပြန်စစ်

ဘုန်းကြီးက သာသနာ့ဝန်ကို ထမ်းတယ်ဆိုတာ သာသနာ အဓွန့်ရှည်ဖို့ ကြိုးစားတာ ဖြစ်တယ်။ ဝါဒဖြန့်တာ၊ နယ်ကျယ် အောင် လုပ်တာ၊ သန့်စင်အောင် ပြုပြတာ မဟုတ်ပါ။ သာသနာ ရေး ပြုပြင် ပြောင်းလဲမှု မဟုတ်ပါ။ ဘုန်းကြီးလုပ်ငန်းစဉ်မှာ ကိုယ်တော်တို့က လှူကြရပါတယ်။ ကိုယ်တော်တွေလဲ မွန်မြတ် တဲ့ လုပ်ငန်းမှာ ပါဝင်ဆောင်ရွက်နိုင်ဖို့ ကိုယ့်ဘက် ကိုယ့်ဌာနက ကြိုးစားကြတာပဲ မဟုတ်လား။ ဒီလိုလုပ်နိုင်အောင် ဘုန်းကြီး လမ်းညွှန်တာကို လိုက်နာကြရတယ်။ (မဟောသဓ ၁၉၈၁၊

တချို့က ဘုန်းကြီးကို နားလည်တယ်။ (ယောသိတ ၁၉၇၂၊ ၁၄၇) တချို့ကတော့ မလုပ်နိုင်လို့ ထွက်ခွာသွားကြတယ်။ (ယောသိတ ၁၉၇၂၊ ၁၅၄) ဒါပေမဲ့ ဘုန်းကြီးကတော့ တစ်ပါးတည်း ကျန်တဲ့အထိ ဆက်လုပ်မယ်။ လျှော့ရင်းနှစ်တယ်လို့ ပြောချင်ရင် ပြောတော့။ (ယောသိတ ၁၉၇၂၊ ၁၉၉) ဒါပေမဲ့ ဘုန်းကြီးက သင်္ဘောပျက်ကို စွန့်ပြေးတဲ့ အစားမဟုတ်ဘူး။ ဘုန်းကြီး ပျံလွန်ရင် ဘုန်းကြီးပျံပွဲ လုပ်ချင် လုပ်နေကြမယ်။ တချို့က "ဟင်း သူကတော့ ကိုယ့်ကိုယ်ကို အထင်ကြီးတယ်။ နောက်ဆုံးတော့ သူတစ်ပါးတည်းပဲ၊ တို့တော့ လွတ်ပြီ ကျွတ်ပြီလို့ ပြောကြမယ်"။

(ယောသိတ ၁၉၇၂၊ ၁၇၈–၁၉၅)

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် ၂၈၅.၄၅
ရက်စွဲ ၂၄-၁-၂၀၀၄
ပိဋကသနစာကြည့်တိုက်

## ဇွဲ

စိုက်ပျိုးရေးအတွက် ရေလိုလို့ ကန်ဆည်တယ်။
ဆည်ကို ပရိယတ္တိခေါ်မယ်။ ရေက ပဋိပတ္တိ၊
ကြာမျိုးငါးပါးနဲ့ တင့်တယ်တာက ပဋိဝေဓပေါ့။
သာသနာ့ဝန်ထမ်း ရဟန်းဟာ ဒီသုံးမျိုးစလုံးလုပ်ရတယ်။
မလုပ်ချင်ရင် ရဟန်းမလုပ်နဲ့။ လုပ်ချင်အောင်လဲ
လုံ့လ၊ ဝီရိယ၊ ဇွဲဆိုတာတွေ ပါရမယ်။
သံသရာက လွတ်ချင်တာဟာ တွန်းအားပဲ၊
ဇွဲကတော့ လုပ်ငန်းအောင်မြင်ရေးအတွက် မရှိမဖြစ်ပါ။

## ခရဏ

ကြီးပွားအောင်မြင်သူတွေကို မြင်ပြီး ငါက အလကားကောင်
စိတ်မှာဖြစ်မယ်၊ အဲဒီလို အလကား စိတ်ငယ်မနေနဲ့၊
ကိုယ့်ဘာသာကိုယ် တိုးတက်အောင်လုပ်၊
ကျန်းမာရေးလဲ ဂရုစိုက်၊ နို့မို့ရင် ဘာမှ တွင်ကျယ်အောင်
မလုပ်နိုင်ဘူး၊ ဘာလုပ်ရမလဲ မေးရင်၊ လုပ်စရာ
များပါတယ်လို့ဖြေမယ်။ ဘုန်းကြီးတို့အတွက်တော့
ဘာဝနာပေါ့။ အသက်နဲ့ မဆိုင်ဘူး၊ သေခြင်းက
ကပ်ရက်ရှိတယ်။ အဲဒီတော့ လုပ်စရာကို ချက်ချင်းလုပ်၊
အချိန်မဆွဲနဲ့။